# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုဟူသမျှ ကင်းဝေး**

တရားတည်းဟူသော ပီတိအရသာကိုသောက်သုံးရသူသည် ဆိတ်ငြိမ်ရာသို့ ကပ်၍ရသော တရားအရသာကိုလည်းကောင်း၊ ကိလေသာအပူငြိမ်းရာ နိဗ္ဗာန်၏အရသာကိုလည်းကောင်း သောက်ရသောကြောင့် ပူပန်မှုဟူသမျှမှ ကင်းကုန်၏။ မကောင်းမှုဟူသမျှမှလည်း ကင်းဝေးရ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၅)


၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁ ရက် အင်္ဂါနေ့။ Tuesday, 28 March 2017 (၈၈၇၉)


**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ တစ်နှစ်တာ**

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေတို့နှင့် လိုက်လျောညီထွေမှုမရှိသည့်ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းပြုလုပ်ရန်လို


သတင်း စာမျက်နှာ - ၃




(၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြသည့် ယန္တရားစစ်ကြောင်းကို တွေ့ရစဉ်။

# (၂၁)ရာစု ခေတ်သစ်စစ်ပွဲကို ဆင်နွှဲနိုင်သည့်တပ်မတော် တည်ဆောက်ရမည်ဟု (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မှာကြား

**ပွင့်လင်းမြင်သာသည့် ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအယူဝါဒကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရမည်ဖြစ်၊ နိုင်ငံတော်အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ကြရာတွင်လည်း မိမိတို့တပ်မတော်အနေဖြင့် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ခဲ့**

**နေပြည်တော် မတ် ၂၇**

"တိုင်းချစ်ပြည်ချစ်စိတ်ရှိသူ လူငယ်လူရွယ်များရဲ့ နိုင်ငံကာကွယ်ရေးအတွက် စိတ်အားထက်သန်မှုဟာ အလွန်တန်ဖိုးရှိတဲ့ တိုင်းပြည်ရဲ့အားပဲဖြစ်တယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိတယ်ဆိုတာ မမေ့ကြဖို့ ပြောလိုတယ်"ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ပြောကြားသည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆



KBZ BANK

STRENGTH OF MYANMAR

သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေတို့နှင့် လိုက်လျောညီထွေမှုမရှိသည့်ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ရန်လို





**နေပြည်တော် မတ် ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၂ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်ထောင်စုရိပ်သာ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကာလသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီစနစ်ထွန်းကားရန်၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများလည်း ထွန်းကားလာမည်ဖြစ်ကြောင်း။

ဒီမိုကရေစီအခွင့်အရေးများရရှိမှ တရားဥပဒေ စိုးမိုးမှုရှိမည်ဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုရှိမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး လုပ်ငန်းများ ဆောင်ရွက်ရသည့် မဏ္ဍိုင်ကြီး (၃)ရပ်သည် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ မဏ္ဍိုင်(၃)ခုသည် တစ်ခုနှင့်တစ်ခု လွှမ်းမိုးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းမျိုး ပြုလုပ်၍မရပါကြောင်း၊ အပြန်အလှန်သာ ထိန်းကျောင်းနိုင်ပါကြောင်း။

မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့် အဆိုများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးနိုင်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်လျှို့ဝှက်ကိစ္စရပ်များဖြစ်၍ မရပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင်ပါရှိသည့် မေးခွန်း၊ အဆိုတို့နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များကို လိုက်နာကြရန်လိုကြောင်း။

ဥပဒေပြဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေတို့နှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများလေးစား လိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံ တည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း၊ နားလည်မှုရှိခြင်း၊ ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အနာဂတ်မျိုးဆက်များအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ ပြယုဂ်သည် လွှတ်တော်များဖြစ်သည့်အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာ လည်ပတ်နိုင်ရန် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက အစဉ်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရာတွင် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိရန် ကိုယ်စားလှယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက် ရှိပါကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများကို အလေးထားဆောင်ရွက်နေသည်မှာလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းများတွင်လည်း တိုင်းရင်းသားများကို ထိုက်သင့်သည့် နေရာများပေး၍ ထည့်သွင်းဖွဲ့စည်းထားရှိပါကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Check and Balance ပြုလုပ်သည့်နေရာတွင် ကန့်သတ်ချက်ဘောင်များကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုး မဖြစ်ရအောင် အထူးသတိပြုရန်လိုကြောင်း၊ မိမိတို့မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်အောင် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ခွင့် ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ ချင်းပြည်နယ်လွှတ်တော်ရုံး တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဟားခါးမြို့ အိပ်မက်တော်ရ သစ္စာအောင်မြေကုန်းတော်၊ ဇေတဝန် တောရကျောင်းတိုက်၏ လက်ထောက်ဆရာတော် ဦးဇဋိတနှင့် ဟားခါးမြို့ပေါ်ရှိ သာသနာပြုဆရာတော် ရှစ်ပါးအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဟားခါးချင်းနှစ်ခြင်းအသင်းတော်သို့ သွားရောက်၍ အသင်းဝင်များအား တွေ့ဆုံနှုတ်ဆက်စကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်စဉ်ကြောင့် ရုန်းတောင်ပြိုကျခဲ့သည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထလာဟရဲနှင့် ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးတင်အေးတို့က ရုန်းတောင် သဘာဝဘေးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဟားခါးမြို့ကို သဘာဝဘေးမှ ကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**(သတင်းစဉ်)**

# သဘာဝဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်ပွားရာ ပိုက်လိုင်းကို မူလရည်မှန်းချက်ထက်စော၍ ပြင်ဆင်ပြီးစီး

**နေပြည်တော် မတ် ၂၇**

ကန်ပေါက်- မြိုင်ကလေး ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် မတ် ၂၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ရေဖြူမြို့နယ် ရှင်ပုံရွာရိုးချောင်းစပ်အနီး၌ သဘာဝဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ပိုက်လိုင်းပြုပြင်ခြင်းလုပ်ငန်းများကို မိမိဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မူလရည်မှန်းထားချိန်ထက်စော၍ မတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ပြီးစီးခဲ့ပြီး ပိုက်လိုင်းအတွင်းသို့ သဘာဝဓာတ်ငွေ့များ စတင်ပို့လွှတ်နေပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ



# ရုရှားနိုင်ငံရှိမြို့ကြီးများတွင် အစိုးရကိုဆန့်ကျင်သည့် ဆန္ဒပြမှုများဖြစ်

**မော်စကို မတ် ၂၇**
ရုရှားနိုင်ငံရှိ မော်စကိုမြို့တော်နှင့် အခြားမြို့ကြီးများတွင် လူထောင်ပေါင်းများစွာက လမ်းပေါ်ထွက်၍ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့က ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြပြီး နိုင်ငံရေးဆိုင်ရာ အကျင့်ပျက်ခြစားမှုများရှိနေသည်ဟု ယူဆထားကြသည်။

အတိုက်အခံနိုင်ငံရေးခေါင်းဆောင် အလက်ဇီနက်ဗယ်လ်နီက ဆန္ဒပြလှုပ်ရှားရန် တောင်းဆိုမှုကို ထောက်ခံသည့် လူထုအုံကြွဆန္ဒပြမှုများ မတ် ၂၆ ရက်တွင် နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခဲ့သည်။ ဆန္ဒပြလှုပ်ရှားမှုတွင် လူ ၁၀၀၀၀ ကျော်ပါဝင်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

၂၀၁၂ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း ပူတင်ကို လူပေါင်း ၈၀၀၀ ခန့်က မော်စကိုမြို့တော်တွင် ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် ယခုဆန္ဒပြမှုသည် လူစုလူဝေး အကြီးမားဆုံးဆန္ဒပြမှုဖြစ်သည်။

တာဝန်ရှိသူများက ဆန္ဒပြသူများကို လူစုလူဝေး ပြုလုပ်ရန် ခွင့်ပြုထားခြင်းမရှိသောကြောင့် အလက်ဇီနက်ဗယ်လ်နီ အပါအဝင် လူပေါင်း ၅၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းထားသည်။ အလက်ဇီနက်ဗယ်လ်နီသည် ပူတင်အစိုးရကို ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်သူဖြစ်ပြီး လာမည့်နှစ် သမ္မတရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာထားသူဖြစ်သည်။

ဝန်ကြီးချုပ် ဒီမီထရီ မက်ဗီဒက်အနေဖြင့် ဇိမ်ခံအိမ်ရာများနှင့် အပျော်စီးသင်္ဘောများ မည်ကဲ့သို့ ပိုင်ဆိုင်လာသည်ဆိုသည့် အထောက်အထားများကို နက်ဗယ်လ်နီက အွန်လိုင်းပေါ်သို့ ဖြန့်ချိဖွင့်ချခဲ့သည်။

သမ္မတ ပူတင်အနေဖြင့် လူထုထောက်ခံမှု ရရှိနေဆဲဖြစ်သည့်တိုင်အောင် မြို့ပြဒေသများရှိ လူလတ်တန်းစားများတွင် စီးပွားရေးမတည်ငြိမ်မှုများ ပိုမိုများပြားလာလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**




# တိုချိဂိ နှင်းလျှောစီးအပန်းဖြေစခန်း၌ ဆီးနှင်းခဲပြို၊ သေဆုံးသူဦးရေ ရှစ်ဦးခန့်ရှိ

**အတ်ဆုနိုမိယ တိုချိဂိစီရင်စု မတ် ၂၇**
ဂျပန်နိုင်ငံ တိုချိဂိစီရင်စု နာဆုမြို့တွင် နွေဦးပေါက်ကာလ တောင်တက်ရာသီအတွင်း ရေခဲပြင်နှင်းလျှောစီး အပန်းဖြေစခန်းတစ်ခု၌ မတ် ၂၇ ရက်က ဆီးနှင်းခဲပြိုဆင်းမှုဖြစ်ပွားခဲ့ရာ ကျောင်းသားငယ်ခုနစ်ဦး အပါအဝင် လူရှစ်ဦး သေဆုံးရဖွယ်ရှိသည်ဟု စိုးရိမ်ရကြောင်း ဒေသခံမီးသတ်တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မတ် ၂၇ ရက် နံနက်ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၀ မိနစ်ခန့်တွင် ဆီးနှင်းခဲပြိုကျမှုဖြစ်ပွားရာ နာဘူတွန်ဆန်မိသားစု နှင်းလျှောစီး အပန်းဖြေစခန်းမှ အရေးပေါ် အကြောင်းကြားခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူ ၄၀ ကို ကယ်ဆယ်ပေးခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေး လုပ်ငန်း၌ ပါဝင်ကူညီရန် တိုချိဂိပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က အကူအညီတောင်းခံခဲ့သည်။



ဂျပန်နိုင်ငံမြို့တော် တိုကျိုမြို့၏ မြောက်ဘက် ကီလိုမီတာ ၁၂၀ အကွာရှိ တိုချိဂိစီရင်စုမှ တောင်စောင်းတစ်နေရာတွင် အထက်တန်းကျောင်းပေါင်း ခုနစ်ကျောင်းမှ ကျောင်းသား ၆၀ ခန့်ရှိနေစဉ်တွင် ဆီးနှင်းခဲများ ပြိုကျမှု ဖြစ်ပွားခဲ့သည်ဟု ယူဆရသည်။

**ဆင်ဟွာ။**

# လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် နယူးဇီလန်နှင့် တရုတ် ပြန်လည်ဆွေးနွေးမည်

**ဝယ်လင်တန် မတ် ၂၇**
နယူးဇီလန်နှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံရရှိခဲ့သော ကိုးနှစ်သက်တမ်းရှိ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်နှင့်ပတ်သက်၍ ပြန်လည်ညှိနှိုင်းဆွေးနွေးကြရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်ဝန်ကြီးချုပ် လီခချန်းသည် နယူးဇီလန်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

မိမိတို့နှစ်နိုင်ငံရရှိခဲ့သည့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်သည် လွန်စွာအောင်မြင်မှု ရရှိခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကို သုံးဆအထိ မြင့်မားတိုးတက်စေခဲ့ကြောင်း၊ ကုန်သွယ်ရေး သဘောတူညီချက်ကို အဆင့်မြှင့်တင်နိုင်ခြင်းဖြင့် နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေမည်ဖြစ်ပြီး ဆွေးနွေးမှုကို လာမည့်လတွင် စတင်ကျင်းပရန် သဘောတူညီကြကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဘီလ်အင်ဂလိပ်က ပြောကြားသည်။

နယူးဇီလန်နှင့် တရုတ်နိုင်ငံတို့၏ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်နှင့် ပတ်သက်၍ ဝန်ကြီးချုပ်လီက ချီးကျူးပြောဆိုသည်။ ဖွံ့ဖြိုးပြီးနှင့် ခေတ်မီတိုးတက်မှုအရှိဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သော နယူးဇီလန်နှင့် လွတ်လပ်စွာ ကုန်သွယ်မှုတိုးမြှင့်ရန် တရုတ်နိုင်ငံကလိုလားကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို ပြန်လည်မွမ်းမံပြင်ဆင်ခြင်းဖြင့် နယူးဇီလန်နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်မည်ဟု နယူးဇီလန်အစိုးရအဖွဲ့က မျှော်လင့်သည်။

**ပီတီအိုင်။**

# ဂြိုဟ်တုနှင့်ကွန်ပျူတာနည်းပညာ အဆင့်မြှင့်တင်နိုင်ရေး ယူရိုငွေသုံးဘီလီယံ ရင်းနှီးမြှုပ်နှံရန် နေတိုးစီစဉ်

**ဘရပ်ဆဲလ် မတ် ၂၇**
မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)သည် လာမည့် သုံးနှစ်တာကာလတွင် ဂြိုဟ်တုနှင့်ကွန်ပျူတာနည်းပညာ အဆင့်မြှင့်တင်နိုင်ရန် ယူရိုငွေ သုံးဘီလီယံ (ဒေါ်လာ ၃ ဒသမ ၂၄ ဘီလီယံ)သုံးစွဲရန် စီစဉ်ထားကြောင်း နေတိုး အထက်တန်းတာဝန်ရှိသူတစ်ဦးက မတ် ၂၇ ရက်တွင် ပြောကြားသည်။

အနောက်အုပ်စု စစ်မဟာမိတ်အဖွဲ့ဖြစ်သော နေတိုးအဖွဲ့သည် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအသစ်များကို ရင်ဆိုင်နေရချိန်တွင် ဂြိုဟ်တုနှင့် ကွန်ပျူတာနည်းပညာ အဆင့်မြှင့်တင်နိုင်စေရေးအတွက် ရင်းနှီးမြှုပ်နှံရန် စီစဉ်နေခြင်းဖြစ်သည်။

ကွန်ပျူတာကွန်ရက် အဖျက်အမှောင့်ပြုလုပ်ခြင်း၊ အီရန်နိုင်ငံက ဒုံးကျည်နည်းပညာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေခြင်းစသည်တို့အပါအဝင် ခြိမ်းခြောက်မှုအသစ်များ ဖြစ်ပေါ်လာမှုကို နေတိုးအဖွဲ့က ရင်ဆိုင်ကျော်လွှားနိုင်ရန် လိုအပ်ကြောင်း၊ ကြည်း၊ ရေ၊ လေ စစ်မျက်နှာပြင်များတွင်သာမက ကွန်ပျူတာကွန်ရက်များအထိ တိုက်ခိုက်မှုများရှိလာကြောင်း နေတိုးအဖွဲ့၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများ၌ လွှမ်းခြုံဖြန့်ကြက်ထားသော စစ်သည်များနှင့် စစ်ယာဉ်များအား အထောက်အကူပေးနိုင်ရေးအတွက် ဂြိုဟ်တုဆက်သွယ်ရေးကဏ္ဍတွင် ယူရိုငွေ ၁ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ၎င်းအပြင် မောင်းသူမဲ့လေယာဉ်များ(ဒရုန်းများ) အသုံးပြုမှုများကိုလည်း တိုးမြှင့်သွားမည်ဆို၏။

နေတိုးစစ်မဟာမိတ်နိုင်ငံများအနက် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးဂြိုဟ်တုသစ်တစ်လုံးကို လွှတ်တင်နိုင်ရေးအတွက် ရန်ပုံငွေ သုံးစွဲရန် ရှိ၊ မရှိ၊ အမေရိကန်နှင့် အခြားသော မဟာမိတ်နိုင်ငံများက လွှတ်တင်ထားသည့် ဂြိုဟ်တုများက ထောက်ပံ့ပေးလျက်ရှိသော ဘရော့ဘန်း သတင်းအချက်အလက် ထုတ်လွှင့်ရေးစွမ်းပကားကို မြှင့်တင်ရန် ရှိ၊ မရှိ တာဝန်ရှိသူက အတိအကျပြောကြားခြင်းမရှိပေ။

နေတိုးအဖွဲ့ဝင်နိုင်ငံမဟုတ်သော ဂျပန်နိုင်ငံသည် ယင်း၏ပထမဆုံးသော စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေး ဂြိုဟ်တုကို ဇန်နဝါရီလက အာကာသအတွင်းသို့ လွှတ်တင်ခဲ့သည်။

လေကြောင်းရန် ကာကွယ်ရေးနှင့် ဒုံးကျည်ကာကွယ်ရေးတို့အတွက် သက်ဆိုင်ရာ စစ်ဌာနချုပ်များ၏ ကွန်ပျူတာစနစ်များ တိုးတက်စေရန် ယူရိုငွေ သန်း ၈၀၀ ခန့် သုံးစွဲမည့် အစီအစဉ်တစ်ရပ်ကို အဆိုပြုထားကြောင်း၊ နေတိုးအဖွဲ့အနေဖြင့် အကောင်အထည်ဖော်မည့် အစီအစဉ်သစ်များအတွက် ရန်ပုံငွေသုံးစွဲမှုကို အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့များက အတည်ပြုပေးရန်လိုအပ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**




# အိုဟိုင်းယိုးပြည်နယ်ရှိ နိုက်ကလပ်တွင် ပစ်ခတ်မှုဖြစ်ပွား၊ တစ်ဦးသေ၊ ၁၄ ဦးဒဏ်ရာရ

စင်စင်နာတီ မတ် ၂၇
အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့ရှိ နိုက်ကလပ်တစ်ခုတွင် သေနတ်ပစ်ခတ်တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး အနည်းဆုံးလူတစ်ဦးသေဆုံးကာ ၁၄ ဦးဒဏ်ရာရရှိခဲ့သည်။

မတ် ၂၆ ရက် နံနက်ပိုင်းတွင် ကြုံသလိုပစ်ခတ်သွားသည့် တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသူအချို့မှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုမှာ မည်ကဲ့သို့ဖြစ်ပွားခဲ့သည်ကို ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း တိုက်ခိုက်မှုဖြစ်ပွားချိန်၌ နိုက်ကလပ်ထဲတွင် လူရာချီရှိနေသည်ဟု ဒေသခံသတင်းမီဒီယာများက ပြောကြားသည်။ ယခုတိုက်ခိုက်မှုမှာ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်နွယ်သည့် လက္ခဏာမတွေ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယခုတိုက်ခိုက်မှုသည် အမေရိကန်ပြည်ထောင်စု၌ လူစုလူဝေးကို ပစ်မှတ်ထားတိုက်ခိုက်မှုများအနက် နောက်ဆုံးဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်သည်။ လွန်ခဲ့သည့်နှစ် ဇွန်လတွင် ဖလော်ရီဒါနိုက်ကလပ်တိုက်ခိုက်ခံရမှုတွင် ၄၉ ဦး သေဆုံးခဲ့ရသည်။

**အင်န်အိတ်ချ်ကေ။**

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

မလေးရှားနိုင်ငံခြားရေးဝန်ကြီး အန်နီဖာအာမန်ဟာ ပါလီမန်မှာ အားမာန်အပြည့်ပါတဲ့ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါတယ်။ မလေးရှားနိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်ပြင်မှာ တရုတ်နိုင်ငံက ပိုင်နက်နယ်မြေကျယ်ကျယ်ပြန့်ပြန့်တောင်းဆိုထားတာကို သဘောမတူဘူးဆိုတာကို ပြောကြားခဲ့တာပါ။ တရုတ်နိုင်ငံက တောင်းဆိုထားတဲ့ ပင်လယ်ပြင်ပိုင်နက်နယ်မြေထဲမှာ မလေးရှားနိုင်ငံပိုင် ပင်လယ်ပြင်ပိုင်နက်နယ်မြေတွေလည်း ပါဝင်နေပါတယ်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီး အန်နီဖာအာမန်က တရုတ်နိုင်ငံရဲ့ ရပ်တည်ချက်ဟာ နိုင်ငံတကာတရားဥပဒေနဲ့ ညီညွတ်မှုမရှိဘူးလို့ ပြောဆိုခဲ့တာပါ။

အန်နီဖာအာမန်က ဆက်ပြောရာမှာ "မလေးရှားနိုင်ငံရဲ့အမြင်အရပြောရရင် တောင်တရုတ်ပင်လယ်ပြင်အတွင်း မလေးရှားနိုင်ငံနဲ့ တရုတ်နိုင်ငံကြား အငြင်းပွားရလောက်အောင် ပိုင်နက်နယ်မြေမရှင်းမရှင်း ဖြစ်နေတာမျိုးမရှိပါဘူး။ ပထဝီဝင်အနေအထားအရရော ပင်လယ်ပြင်ပိုင်နက်နယ်မြေ လက္ခဏာတွေအရပါ မလေးရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာသက်ရောက်နေတဲ့ ပင်လယ်ပြင်ဟာ မလေးရှားနိုင်ငံရဲ့ ပိုင်နက်နယ်မြေပါ"လို့ပြောဆိုခဲ့ပါတယ်။ မလေးရှားနိုင်ငံအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး ရေငုံနှုတ်ပိတ်ဆက်မနေနိုင်တော့ဘူးလို့ အန်နီဖာအာမန်က သတိပေးပြောဆိုခဲ့ပါတယ်။ မလေးရှားနိုင်ငံက တောင်တရုတ်ပင်လယ်အတွင်းက စပရက်တလေကျွန်းစုမှာရှိတဲ့ ကျွန်းငယ်တစ်ဒါဇင်လောက်အပါအဝင် အငြင်းပွားပင်လယ်ပြင်အတွင်းက ကျွန်းတွေလို ရေမျက်နှာပြင်ပေါ်တက်နေတဲ့ ကျောက်စွန်းတချို့ကို ပိုင်ဆိုင်တယ်လို့ ရပ်တည်ပြောဆိုထားတာပါ။

ပြောရရင် အန်နီဖာရဲ့ ဒီရှင်းလင်းပြောဆိုချက်ဟာ မလေးရှားအစိုးရရဲ့ ရပ်တည်ချက်နဲ့ မတူကွဲလွဲနေပါတယ်။ မလေးရှားအစိုးရဟာ ကမ္ဘာ့ကုန်သွယ်ရေးမှာ အရေးပါတဲ့ ပင်လယ်ရေပြင်ပိုင်နက်နယ်မြေအပေါ် တရုတ်နိုင်ငံက ရည်ရွယ်ချက်ကြီးကြီးမားမားနဲ့ ဆောင်ရွက်နေတာကို ရေငုံနှုတ်ပိတ်နေခဲ့တာပါ။ ဒါပေမယ့် မလေးရှားနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးမှာ အရေးပါတဲ့ အချိုးအကွေ့တစ်ခု ကြုံရမယ့်အနေအထားဖြစ်လာပါတယ်။ အဲဒါကတော့ ၂၀၁၈ ခုနှစ် ဩဂုတ်လမတိုင်ခင်မှာ မလေးရှားနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲကို ကျင်းပရဖို့ ရှိနေပါတယ်။ အန်နီဖာအာမန်ရဲ့ပြောဆိုချက်တွေဟာ ဒီအထွေထွေရွေးကောက်ပွဲမှာ မလေးရှားပြည်သူတွေရဲ့ ထောက်ခံမှုရအောင် ရည်ရွယ်ပြောဆိုခဲ့တာပါ။ ယေဘုယျသဘောပြောရရင် မလေးရှားပြည်သူတွေရဲ့အမြင်မှာ ဝန်ကြီးချုပ်နာဂျစ်ဗ်ရာဇက်အစိုးရဟာ တရုတ်အစိုးရနဲ့ လုံးလုံးထွေးထွေးနေပြီး သိပ်လိုက်လျောလွန်းတယ်လို့ ယူဆနေကြတာပါ။ အန်နီဖာအာမန်က မလေးရှားပြည်သူတွေရဲ့ ဒီအတွေး ဒီအယူအဆကို အားပျော့သွားအောင် ကြိုးပမ်းခဲ့တာပါ။ ပြောရရင် မလေးရှားနိုင်ငံဟာ တရုတ်နိုင်ငံနဲ့ ဆက်ဆံရာမှာ ပြောင်းပြန်လှန်လိုက်သလိုလည်း မလုပ်နိုင်ပါဘူး။

မလေးရှားနိုင်ငံနဲ့ စင်ကာပူနိုင်ငံကြား ပြီးခဲ့တဲ့လကပြန်အစပေါ်လာတဲ့ ကိစ္စကို ကြည့်ရင်လည်းပဲ မလေးရှားနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးသဘောက ပိုပေါ်လွင်လာမှာပါ။ ပြီးခဲ့တဲ့လမှာ မလေးရှားနိုင်ငံက နိုင်ငံတကာတရားရုံး (ICJ) ကို ပက်ဒရာဘရန်ကာကျွန်း ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ပြန်သုံးသပ်ဖို့ ပြန်ဦးတိုက်လျှောက်ထားခဲ့တာပါ။ နိုင်ငံတကာတရားရုံး(ICJ)က ၂၀၀၈ ခုနှစ်မှာ စင်ကာပူနိုင်ငံဟာ ပက်ဒရာဘရန်ကာကျွန်းကို ပိုင်ဆိုင်တယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ ပက်ဒရာဘရန်ကာကျွန်းကို မလေးရှားနိုင်ငံက ပူလောင်းဘက်တာပူတေးလို့ ခေါ်ပါတယ်။ ဘယ်လိုပဲခေါ်ခေါ် ဒီကျွန်းဟာ မလေးရှားနိုင်ငံရဲ့ တောင်ဘက်ပြည်နယ်ဖြစ်တဲ့ ဂျိုဟာပြည်နယ်ရဲ့ အရှေ့တောင်ဘက်မှာ တည်ရှိတာပါ။ ပြောရရင် ဂျိုဟာပြည်နယ်ဟာ မလေးရှားနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲမှာ အရေးပါတဲ့ပြည်နယ်ပါ။ တည့်တည့်ပဲပြောပါမယ်။ ဝန်ကြီးချုပ် နာဂျစ်ဗ်ရာဇက်အစိုးရက သူတို့အစိုးရဟာ မလေးရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့အတွက် ခိုင်မာပြတ်သားတဲ့ နိုင်ငံရေးမူဝါဒကို ကျင့်သုံးနေပါတယ်ဆိုတာမျိုး ပုံဖော်ဖို့ ကြိုးပမ်းနေတာပါ။

ဒါပေမယ့် ဝန်ကြီးချုပ် နာဂျစ်ဗ်ရာဇက်အစိုးရဟာ တစ်ဖက်မှာလည်း တရုတ်အစိုးရကို သိပ်ဖိအားပေးလို့ မရဘူးဆိုတာကိုလည်း သဘောပေါက်ပါတယ်။ မလေးရှားနိုင်ငံရဲ့ စီးပွားရေးကို သုံးသပ်ကြည့်လိုက်ရင် မလေးရှားနိုင်ငံက တရုတ်နိုင်ငံအပေါ် ဘယ်လောက်မှီခိုနေရတယ်ဆိုတဲ့အချက်ဟာ ပေါ်လွင်လာပါတယ်။ စင်ကာပူနိုင်ငံက နိုင်ငံတကာတရားရုံး(ICJ)မှာ မလေးရှားနိုင်ငံနဲ့ တရားရင်ဆိုင်ယှဉ်ပြိုင်နေပေမယ့် ဒီအငြင်းပွားမှုကြောင့် စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံကြား ဆက်ဆံရေးကို ဘယ်လိုမှထိခိုက်မှာမဟုတ်ဘူးလို့ ရှင်းရှင်းလင်းလင်း ပြောဆိုခဲ့တယ်။ မလေးရှားနိုင်ငံနဲ့ တရုတ်နိုင်ငံကြား ပိုင်နက်နယ်မြေ အငြင်းပွားမှုဖြစ်ပွားခဲ့ရင်တော့ တရုတ်နိုင်ငံက စင်ကာပူနိုင်ငံလို သဘောထားကျင့်သုံးမှာ မဟုတ်ဘူးဆိုတာက အထူးပြောစရာလိုတဲ့အချက် မဟုတ်ပါဘူး။ တရုတ်နိုင်ငံဟာ ၂၀၀၉ ခုနှစ်ကစပြီး မလေးရှားနိုင်ငံရဲ့ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံပါ။ ပြောရရင် ဒီကနေ့မှာ တရုတ်နိုင်ငံဟာ မလေးရှားနိုင်ငံမှာ အများဆုံး ရင်းနှီးမြှုပ်နှံထားတဲ့နိုင်ငံပါ။ မလေးရှားနိုင်ငံနဲ့ တရုတ်နိုင်ငံကြား ကုန်သွယ်မှုဟာ ၂၀၁၆ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ ပမာဏရှိပါတယ်။ ဒါဟာ ၂၀၁၅ ခုနှစ်နဲ့ နှိုင်းယှဉ်လိုက်ရင် ၄ ဒသမ ၄ ရာခိုင်နှုန်း တက်လာတာပါ။

နာဂျစ်ဗ်ရာဇက်အစိုးရဟာ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက ရှန်းကန်နေရတဲ့ မလေးရှားနိုင်ငံရဲ့ စီးပွားရေးအပေါ် ကျားကန်ပေးနေတာကို လေးလေးနက်နက် သဘောပေါက်ပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်အတွင်း ကမ္ဘာ့ရေနံဈေးနှုန်း အကြီးအကျယ်ကျဆင်းခဲ့မှုဟာ မလေးရှားနိုင်ငံရဲ့ စီးပွားရေးကို အထိနာစေခဲ့ပါတယ်။ ဒီအချက်ကြောင့် မလေးရှားနိုင်ငံရဲ့ စီးပွားရေးတိုးတက်နှုန်းဟာ နှေးကွေးခဲ့ရပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုဟာ တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံနဲ့ ဆက်ဆံပြုမူပုံစံသတ်မှတ်ချက်တွေ (Code of Conduct) ညှိနှိုင်းရရှိနိုင်ဖို့ ကြိုးပမ်းနေကြတာပါ။ ဒီလိုဆက်ဆံပြုမူပုံစံသတ်မှတ်ချက်တွေရှိဖို့ ၂၀၀၂ ခုနှစ်ကတည်းက အဆိုပြုခဲ့တာပါ။ တချို့ ကာကွယ်ရေးကျွမ်းကျင်သူတွေကတော့ တရုတ်နိုင်ငံဟာ ကမ္ဘောဒီးယားနိုင်ငံလို ဒေသတွင်း မဟာမိတ်နိုင်ငံတွေကို အသုံးချပြီး ဒီကြိုးပမ်းမှုတွေကို ဖျက်လိုဖျက်ဆီးလုပ်နေတယ်လို့ယူဆကြပါတယ်။ လက်ရှိ အာဆီယံအဖွဲ့ဥက္ကဋ္ဌဖြစ်တဲ့ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဂိုဒူတာတေးဟာ ဒီတစ်ပတ် မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတွေကို သွားရောက်ခဲ့ပြီး ဆက်ဆံပြုမူပုံစံသတ်မှတ်ချက်ကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးရဲ့ ဒီဆွေးနွေးချက်တွေဟာ အရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ တရုတ်နိုင်ငံပိုင်သတင်းမီဒီယာတွေမှာ တရုတ်နိုင်ငံက စကားဘရော့ပင်လယ် ရေတိမ်သောင်စွယ် (Scarborough Shoal)မှာ သဘာဝပတ်ဝန်းကျင်လေ့လာရေးစခန်း တည်ဆောက်မယ်ဆိုတဲ့ သတင်းဖော်ပြပြီးနောက်ပိုင်းမှ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ဒီလိုဆွေးနွေးမှုတွေကို ပြုလုပ်ခဲ့လို့ပါ။ ပြောရရင် စကားဘရော့ပင်လယ်ရေတိမ်သောင်စွယ်ဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ ရေမိုင် ၂၀၀ သီးသန့်စီးပွားရေးဇုန်ထဲမှာ တည်ရှိနေတာပါ။ လက်တွေ့သဘောအရ စကားဘရော့ပင်လယ်ရေတိမ်သောင်စွယ်ပေါ်က တရုတ်နိုင်ငံရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေဟာ ဒီနယ်မြေကို သူတို့ပိုင်ဆိုင်တယ်လို့ တရုတ်နိုင်ငံက ခံယူထားတာကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြသလိုက်တာပါ။ မလေးရှားနိုင်ငံကိစ္စ ပြန်ကောက်ရရင် တောင်တရုတ်ပင်လယ်ပြင်ကိစ္စဟာ မလေးရှားနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရတဲ့ တစ်ခုတည်းသောလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုမဟုတ်ပါဘူး။ အီရတ်နိုင်ငံနဲ့ ဆီးရီးယားနိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းဒေသရဲ့ အလျင်အမြန်ပြောင်းလဲနေတဲ့ လုံခြုံရေးအနေအထားတွေဟာ မလေးရှားနိုင်ငံအတွက် လေးနက်တဲ့ လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုတွေပါ။ အီရတ်အစိုးရတပ်ဖွဲ့တွေက အစွန်းရောက်အကြမ်းဖက်အဖွဲ့ (ISIS) တွေ သိမ်းပိုက်ထားတဲ့ မိုဆူးလ် (Mosul) ကို ပြန်လည်ထိန်းသိမ်းရယူနိုင်တဲ့ အနေအထားမျိုးမှာ အစွန်းရောက်အကြမ်းဖက်အဖွဲ့ (ISIS) မှာပါဝင်ခဲ့တဲ့ မလေးရှားနိုင်ငံသား အစွန်းရောက်အင်အားစုတွေဟာ အစုလိုက်အပြုံလိုက် မလေးရှားနိုင်ငံကို ပြန်လာကြတော့မှာပါ။ မိုဆူးလ်သာ အီရတ်အစိုးရတပ်ဖွဲ့တွေလက်ထဲ အပြီးကျရောက်ခဲ့ရင်တော့ ဒီအလားအလာဟာ လက်တွေ့ဖြစ်လာတော့မှာပါ။ ဒီအလားအလာကြောင့် မလေးရှားအစိုးရကို ဩစတြေးလျအစိုးရက အကြမ်းဖက်နှိမ်နင်းမှုဆိုင်ရာ စစ်လက်နက်ပစ္စည်းကိရိယာတွေနဲ့ နည်းပညာတွေကို ပံ့ပိုးကူညီပေးခဲ့ပါတယ်။ ဒါပေမယ့် ပြဿနာက မလေးရှားနိုင်ငံက ကာကွယ်ရေးအသုံးစရိတ်ကို ဒီနှစ်မှာ ၁၂ ဒသမ ၇ ရာခိုင်နှုန်း ဖြတ်တောက်ခဲ့ရတဲ့အတွက် အကြမ်းဖက်မှုနှိမ်နင်းရေးလိုကိစ္စမျိုးမှာ ပြည်ပအကူအညီ ပိုလိုအပ်နေပါတယ်။ မလေးရှားနိုင်ငံ ရေတပ်ဟာ သူ့ရဲ့ ဟောင်းနွမ်းနေတဲ့ စစ်သင်္ဘော ၅၀ လောက်ကို စစ်သင်္ဘောအသစ်တွေနဲ့ အစားထိုးလဲလှယ်ချင်နေတာပါ။ မကြာသေးခင်ကပဲ မလေးရှားနိုင်ငံဟာ တရုတ်နိုင်ငံနဲ့ ပူးပေါင်းတည်ဆောက်ထားတဲ့ ပင်လယ်ကမ်းနီး တိုက်ခိုက်ရေး စစ်သင်္ဘောငယ်လေးစင်းကို ဝယ်ယူခဲ့ပါတယ်။

မလေးရှားနိုင်ငံရဲ့ စစ်တပ်ကို အဆင့်မြှင့်တင်ဖို့ဆိုရင် မလေးရှားနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ အကူအညီကို လိုအပ်ပါတယ်။ ဒီတော့ မလေးရှားနိုင်ငံအဖို့ တောင်တရုတ်ပင်လယ်ပြင်အရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ အငြင်းပွားပဋိပက္ခဖြစ်မလား (ဒါမှမဟုတ်) ပြည်တွင်းအကြမ်းဖက်မှုနှိမ်နင်းဖို့ တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မလားဆိုတာကို ရွေးချယ်ရမယ့်ကိန်း ဖြစ်နေပါတယ်။ တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်နယ်မြေတွေနဲ့ပတ်သက်ပြီး မလေးရှားနိုင်ငံက တင်းတင်းမာမာ မပြောဆိုတာကလည်း ဒီပိုင်နက်နယ်မြေတွေဟာ မလေးရှားနိုင်ငံအဖို့ ကာကွယ်ရေးမဟာဗျူဟာအရရော စီးပွားရေးအရပါ သိပ်အရေးမပါလို့ပါ။ တောင်တရုတ်ပင်လယ်ပြင် ပိုင်နက်နယ်မြေအငြင်းပွားမှုမှာ ပါဝင်ပတ်သက်နေတဲ့ တခြားနိုင်ငံတွေအဖို့ ဒီနယ်မြေတွေက ရရှိနိုင်မယ့် ရေနံနဲ့ သဘာဝဓာတ်ငွေ့လို သယံဇာတတွေကို မက်မောစရာမရှိပေမယ့် အရှေ့တောင်အာရှဒေသရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ ဒုတိယအကြီးမားဆုံးထုတ်လုပ်ရာနိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံအဖို့တော့ မက်လောက်စရာမဟုတ်ဘူးလို့ပဲ ပြောရမှာပါ။ ပကတိအခြေအနေမှာလည်း မလေးရှားနိုင်ငံဟာ ကမ္ဘာ့ဈေးကွက်အတွင်း ရေနံပိုလျှံမှုကြောင့် ရေနံဈေးနှုန်းကျဆင်းတဲ့ဒဏ်ကို ခါးစည်းခံနေရတာပါ။ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းပုံကလည်း အတော်ကြီးကို ပြင်းထန်ပါတယ်။ ၂၀၀၈ ခုနှစ် ဇူလိုင်လမှာ ရေနံတစ်စည်ကို အမေရိကန်ဒေါ်လာ ၁၄၅ ဒေါ်လာရှိနေရာကနေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ ရေနံတစ်စည်ကို ၂၆ ဒေါ်လာလောက်အထိကို ကျဆင်းခဲ့တာပါ။ လက်ရှိမှာတော့ ရေနံတစ်စည်ကို ဒေါ်လာ ၅၀ ဝန်းကျင်လောက်မှာပြေးနေပါတယ်။ ဒါကြောင့် မလေးရှားအစိုးရဟာ ၂၀၁၇ ခုနှစ်မှာ ရေနံစိမ်းထုတ်လုပ်ရေးကို တစ်နေ့ စည် ၂၀၀၀၀ လောက်အထိလျှော့ချဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒါဟာ ၂၀၁၆ ခုနှစ်နဲ့ နှိုင်းယှဉ်လိုက်ရင် သုံးရာခိုင်နှုန်းလောက်ကျဆင်းသွားတာပါ။ အခြေအနေကို ပြန်ချုပ်ရရင် တောင်တရုတ်ပင်လယ်အတွင်း မလေးရှားနိုင်ငံရဲ့ချဉ်းကပ်ပုံဟာ အခြေအနေကို စောင့်ကြည့်မယ်ဆိုတဲ့ သဘောပါပဲ။ အဓိကအချက်ကတော့ မလေးရှားနိုင်ငံဟာ ကိုယ့်နိုင်ငံရဲ့စီးပွားရေးအတွက် အရေးပါတဲ့တရုတ်နိုင်ငံနဲ့ ပြဿနာမဖြစ်လိုပါဘူး။ ပြဿနာတွေကိုအစဆွဲထုတ်လို့ ရင်ဆိုင်ငြင်းခုံရတာမျိုးထက် ငြိမ်းငြိမ်းချမ်းချမ်းရှိနေတာက မလေးရှားနိုင်ငံအတွက် ပိုအကျိုးရှိပါတယ်။ သူ့ရှုံးရင် ငါနိုင်တယ်ဆိုတဲ့ ချဉ်းကပ်ပုံမျိုးနဲ့ အလုပ်မဖြစ်တာကတော့ သေချာပါတယ်။ ထပ်ပြီးရှင်းအောင်ပြောရရင်တော့ သက်ဆိုင်သူအားလုံးရဲ့ အကျိုးစီးပွားကို ငြိမ်းချမ်းရေးကပဲ ဖန်တီးပေးနိုင်မှာပါ။ ။






Balik Cina ဆိုတာက မလေးရှားနိုင်ငံရေးသမားတွေကို လှောင်ပြောင်သရော်တဲ့ အင်တာနက်စာမျက်နှာပါ။





# တပ်မတော်နေ့အထိမ်းအမှတ် သူရဲကောင်းဗိမာန်(နေပြည်တော်)ဖွင့်လှစ်

**နေပြည်တော် မတ် ၂၇**

(၇၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သူရဲကောင်းဗိမာန် (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က သူရဲကောင်းဗိမာန်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ထို့နောက် သူရဲကောင်းဗိမာန်အဆောက်အအုံ အတွင်း ဂုဏ်ပြုကျောက်တိုင်ဘေးရှိ ကြယ်လေးပွင့်မှ ဂုဏ်ပြုမီးညွန့်များအား စက်ခလုတ်နှိပ် ထွန်းညှိပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချ၍ နိုင်ငံတော်နှင့် တပ်မတော်အတွင်း အသက်စွန့်လွှတ်ခဲ့ရသူများအား အလေးပြုကြသည်။

သူရဲကောင်းဗိမာန်(နေပြည်တော်)ကြီးကို နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်ကိုစွန့်လွှတ်ခဲ့ရသည့် မြန်မာ့သူရဲကောင်းများကိုဂုဏ်ပြုရန်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်စွာ အုပ်ချုပ်ခွင့်ရရှိပြီးသည့်နောက် အသိအမှတ်ပြုဖွယ်ရာ ရဲစွမ်းသတ္တိရှိစွာ ကြိုးစားအားထုတ်မှုများပြုလုပ်ရာတွင် အသက်ကိုစွန့်လွှတ်ခဲ့သည့် သူရဲကောင်းများကို ဂုဏ်ပြုရန်ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည့်အပြင် ယင်းသူရဲကောင်းများအား နောင်လာနောက်သားများက အမြဲအမှတ်ရနေစေရန် မျိုးဆက်သစ်လူငယ်များ၏စိတ်ထဲတွင် နိုင်ငံတော်ကိုချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုသည့်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သူရဲကောင်းဗိမာန်(နေပြည်တော်)ကို တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီး၏ အရှေ့ဘက် ပေ ၃၀၀၀ ခန့်အကွာ အကျယ်အဝန်း ၃၈ ဒသမ ၅ ဧကခန့်ရှိ တောင်ကုန်းပေါ်၌ ၂၀၁၆ ခုနှစ် မတ် ၂၉ ရက်တွင် စတင်ပန္နက်ရိုက်၍ စကျင်ကျောက်များဖြင့် တည်ဆောက်ထားပြီး ဗိမာန်ကြီး၏ အလျား၊ အနံ၊ အမြင့်မှာ ၅၄ပေစီရှိကာ မြန်မာမှုလက်ရာ ၃၄ မျိုးဖြင့် ပုံဖော်ထုဆစ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၇၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် နယ်လှည့်အသိပညာပေးလုပ်ငန်းများ မောင်တော၌ ဆောင်ရွက်

**မောင်တော မတ် ၂၇**

(၇၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် နယ်လှည့်အသိပညာပေးလုပ်ငန်းများကို မောင်တောမြို့နယ် ခရေမြိုင် နတလကျေးရွာ၌ ယနေ့နံနက်ပိုင်းက မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ပြုလုပ်ခဲ့သည်။

ယင်းသို့ပြုလုပ်ရာ၌ ကျေးရွာနေပြည်သူများအား နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြသခြင်း၊ ကျေးရွာစာကြည့်တိုက်စတင်ထူထောင်ရန်အတွက် စာအုပ်စာစောင်များလှူဒါန်းခြင်း၊ ဖျော်ဖြေရေးနှင့် အသိပညာပေးအဖြစ် သီချင်းနှင့် ပညာပေး VCD များပေးအပ်ခြင်း၊ နယ်လှည့်စာဖတ်ဝိုင်းနှင့် စာအုပ်များအကြောင်း မိတ်ဆက်ရှင်းပြခြင်း၊ (၇၂)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ၊ အခြားဗဟုသုတရရှိစေမည့် လက်ကမ်းစာစောင်နှင့် စာအုပ်ငယ်များကို အခမဲ့ပေးဝေခဲ့သည်။

ထို့ပြင် စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုကြသည့် ကလေးငယ်များအား အာဟာရအဖြစ် မုန့်များဝေငှခြင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခြင်း၊ ပျော်ရွှင်မှုရရှိစေရန်၊ ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဉာဏစွမ်းရည် ဖွံ့ဖြိုးလာစေရန်အတွက် ကလေးများအားပုံပြောပြခြင်း၊ ပန်းချီဆွဲစေခြင်း၊ စက္ကူခေါက်၍ အရုပ်ငယ်များပြုလုပ်စေခြင်း၊ အရုပ်ဆက်ကစားခြင်း၊ ပုံနှင့် စာမှောက်ကစားခြင်း၊ ရောင်စုံပုံဖောင်းငယ်များ လက်ဆောင်ပေးခြင်းတို့ကို ပြန်/ဆက် ဝန်ထမ်းများနှင့် သာလီစွ ပရဟိတ လူငယ်များက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

နယ်လှည့်ပညာပေးလုပ်ငန်းသို့ ခရေမြိုင် နတလစံပြကျေးရွာနှင့် DPA ငြိမ်းချမ်းရေး ကျေးရွာတို့မှ လူကြီး လူငယ်အင်အား ၄၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ကျေးရွာနှစ်ရွာအတွက် စာကြည့်တိုက်မတည်ရန် စာအုပ်စာစောင် ၁၆၁ အုပ်ကို ခရိုင်ပြန်/ဆက်က လှူဒါန်းခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်နှင့် စာအုပ်ငယ်ပေါင်း ၇၀၁ အုပ်ကို ဝေငှပေးခဲ့ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ - ရာမည၊ တင်စိုး)**





# ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြည်သူများအသုံးပြုနိုင်ရန် အဆောက်အအုံ၊ လမ်း၊ တံတားများကို အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်ပေးလျက်ရှိပြီး ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် ကတ္တရာကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်သည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် ကတ္တရာကွန်ကရစ်လမ်း အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကတ္တရာကွန်ကရစ်လမ်းကို ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ သံတွဲမြို့ မြို့မိ မြို့ဖ ဦးတင်လေး၊ သံတွဲခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲနိုင်ဦးနှင့် သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧည့်သည်တော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ မုခ်ဦးရှေ့တွင် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ကတ္တရာကွန်ကရစ်လမ်းပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်သည့် ကတ္တရာကွန်ကရစ်လမ်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သံတွဲမြို့တွင်းပိုင်း၌ ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း တစ်မိုင် ခုနစ်ဖာလုံ၊ တောင်ကုတ်-သံတွဲလမ်းပိုင်း ကတ္တရာကွန်ကရစ်လမ်း သုံးမိုင်၊ သံတွဲ-လုံးသာလမ်းပိုင်း ကတ္တရာကွန်ကရစ်လမ်း ငါးမိုင် ခြောက်ဖာလုံ၊ သံတွဲ-ဂွလမ်းအပိုင်း ကတ္တရာကွန်ကရစ်လမ်း ခုနစ်ဖာလုံ၊ သံတွဲ-ကင်းမော်လမ်းပိုင်း ကတ္တရာကွန်ကရစ်လမ်း တစ်ဖာလုံတို့နှင့် တစ်ဆက်တစ်စပ်တည်း စုစုပေါင်း ကတ္တရာကွန်ကရစ်လမ်း ၁၁ မိုင် ခုနစ်ဖာလုံကို ပြည်သူများအသုံးပြုနိုင်ရန် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ်ရှိ လမ်းများကို အဆင့်မြှင့်တင်ခြင်းဖြင့် ငပလီကမ်းခြေ၏သာယာလှပမှုနှင့်အတူ ၂၄ ပေအကျယ် နှစ်လမ်းသွား လမ်းမကြီးဖြစ်လာပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ခြင်း၊ ဒေသတွင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန်ကူးလူးဆက်ဆံမှုများ ဖြစ်ထွန်းကာ တစ်ဦးနှင့်တစ်ဦး နားလည်ယုံကြည်မှု၊ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လူနေမှုအဆင့်အတန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သံတွဲမြို့ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် အထူးအဖွဲ့များမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားပြီး သံတွဲခရိုင်မှ ဆောင်ရွက်သော လမ်း၊ တံတားအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား နေပြည်တော်၌ ကျင်းပ



(၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် မြင်းစီးတပ်ဖွဲ့ခြံရံကာ ရောက်ရှိလာစဉ်။



(၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ စစ်ရေးပြစစ်ကြောင်းကြီးများ၊ အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး)ကိုယ်စားပြု စစ်ရေးပြတပ်စု၊ ယန္တရားတပ်ဖွဲ့များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်သည်များ ပါဝင်ချီတက်ကြစဉ်။













တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်ကြောင်းကြီးများကို စစ်ဆေးနေစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

၂၀၁၇ ခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်းကြီး၌ကျင်းပစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်းထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ယနေ့ ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများကို လေ့လာကြည့်လျှင် အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းမှုရှိပြီးဖြစ်သည်ကို တွေ့နိုင်ကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည့် နိုင်ငံများကိုကြည့်လျှင် နိုင်ငံရေး၊ လူမျိုးရေးအမြင်ကျဉ်းမှုနှင့် လူမျိုးကြီးဝါဒ၊ ဘာသာရေးအစွန်းရောက်မှုများကြောင့် လက်နက်စွဲကိုင်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာသည့်ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအယူဝါဒကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ကြရာတွင်လည်း မိမိတို့တပ်မတော်အနေဖြင့် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ခေတ်သည် သိပ္ပံနှင့် နည်းပညာသာမက သတင်းဆက်သွယ်ရေးနည်းပညာ (ICT) များ လျင်မြန်သည့်အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်အတွက် စစ်မှုရေးရာများလည်း ပြောင်းလဲလာကြောင်း၊ (၂၁)ရာစု ခေတ်သစ်စစ်ပွဲများသည် အကန့်အသတ်အတားအဆီးမဲ့ပုံစံဖြင့် အရပ်မျက်နှာအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် ပုံဖော်တိုက်ခိုက်လာမည်ဖြစ်ကြောင်း၊ (၂၁) ရာစု ခေတ်သစ်စစ်ပွဲ အောင်နိုင်ရန်အတွက် သတင်းဆက်သွယ်ရေးနည်းပညာများ၊ အီလက်ထရွန်နစ်နည်းပညာများ၊ စက်မှုနည်းပညာများအဆင့်မီ သင်ကြားတတ်မြောက်ထားရမည်ဖြစ်ကြောင်း၊ နည်းပညာများနှင့်လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလည်း လေ့လာနေရမည်ဖြစ်ကြောင်း၊ (၂၁) ရာစု စစ်မြေပြင်တွင် နည်းပညာသာလွန်သည့် တပ်မတော်ကသာ စစ်ပွဲကိုအောင်မြင်မည်ဖြစ်သည့်အတွက် (၂၁) ရာစု ခေတ်သစ်စစ်ပွဲကိုဆင်နွှဲနိုင်သည့် တပ်မတော်ဖြစ်အောင် ကြိုးစားတည်ဆောက်ရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "နိုင်ငံတော်ကာကွယ်ရေးဆောင်ရွက်ရာမှာ စစ်ရေးတစ်ခုတည်းသာမက တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကိုပါ ဆောင်ရွက်ရမှာဖြစ်တယ်။ ဒီလိုကျယ်ပြောတဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် ဆောင်ရွက်ရာမှာ တပ်မတော်တစ်ခုတည်းမဟုတ်ဘဲ နိုင်ငံသားတိုင်းမှာလည်း တာဝန်ရှိတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်တွင်းပြည်ပ အန္တရာယ်တွေကနေ လုံခြုံအောင်ကာကွယ်ရုံမျှမက ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်၊ ပြည်သူလူထုနဲ့ နိုင်ငံရဲ့အကျိုးစီးပွားတွေ၊ တိုင်းပြည်ရဲ့ မြေပေါ်မြေအောက် သယံဇာတတွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားကြဖို့ တာဝန်ရှိတယ်။ တရားဥပဒေစိုးမိုးရေးမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဥပဒေအရ စောင့်ရှောက်ပေးရပြီး ဥပဒေစိုးမိုးမှုနဲ့ လုံခြုံရေးအားနည်းတဲ့နေရာမှာ တပ်မတော်ကပါဝင်ကူညီဆောင်ရွက်ပေးရမှာဖြစ်တယ်"ဟု ပြောကြားခဲ့သည်။

မိမိတို့တပ်မတော်အနေဖြင့် တိုင်းပြည်အတွက် ပညာတတ်များပေါ်ပေါက်လာရန် ပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ အတန်းပညာတတ်မှ အတတ်ပညာတတ်ရန်အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် လူငယ်များတွင် ဗလငါးတန်ပြည့်စုံပြီး တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံတော်ကာကွယ်လိုစိတ်များဖြစ်ပေါ်အောင် တိုင်းပြည်အတွက် အကျိုးပြုသည့်သူများဖြစ်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် သင်တန်းများ ဖွင့်လှစ်ပေးထားသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးအတွက် စိတ်ဝင်စားသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုလည်း တက္ကသိုလ်လေ့ကျင့်ရေးတပ် (UTC) များ ဖွင့်လှစ်ပြီး အခြေခံစစ်ပညာများ သင်ကြားလေ့ကျင့်ပေးနေကြောင်း။

ပြည်သူလူထု၏ ကုန်ထုတ်လုပ်ငန်းများ၊ ဝင်ငွေရမည့်လုပ်ငန်းများအောင်မြင်စေရန် ကူညီပေးရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ကုန်ထုတ်လုပ်ငန်းများကို စိတ်ဝင်စားလာစေရန်နှင့် ထုတ်ကုန်များ ဈေးကွက်ဝင်စေရန်လည်း ကူညီပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ နယ်မြေအလိုက် ဒေသခံလူထုအတွက် ထိုလုပ်ငန်းများ အောင်မြင်စေရန် တပ်မတော်က အားပေးကူညီခြင်းဖြင့် ဒေသဖွံ့ဖြိုးပြီး မြို့ပြသို့ လူစီးဆင်းမှုကို လျော့ကျသက်သာစေမည်ဖြစ်ကြောင်း၊ တစ်ဖက်က ပြည်ပသွားရောက်လုပ်ကိုင်မှုများလျော့ကျစေပြီး ရပ်ဝေးမြေခြားတွင် မိမိတို့နိုင်ငံသားများ ရင်ဆိုင်ရသည့် အခက်အခဲအကျပ်အတည်းများဒဏ်မှ လွတ်မြောက်စေလိမ့်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားသည်။

၂၀၁၇ ခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စစ်ကြောင်းများသည် သစ်တပ်စစ်ရေးပြကွင်း၌ နံနက် ၅ နာရီမှ စတင်ရောက်ရှိနေရာယူကြသည်။

စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ဇော်တင် ဦးဆောင်သည့် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အောင်ဇေယျနှင့် ဆင်ဖြူရှင်စစ်ကြောင်းအသီးသီးသည် အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးသို့ ချီတက်လာစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏

**စာမျက်နှာ ၉ သို့ ✪**



(၇၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

## ဂုဏ်ပြုပန်းကုံးစွပ်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။** (သတင်းစဉ်)



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။** (သတင်းစဉ်)

✪ စာမျက်နှာ ၈ မှ
ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးတို့မှ အရာရှိ စစ်သည်မိသားစုများနှင့် ဒေသခံပြည်သူများက စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်မှ ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုကြသည်။

(၇၂)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) တပ်သားဟောင်းကြီး ဦးကျော်ဇံ၊ လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ စွမ်းရည်ဘွဲ့တံဆိပ်ရရှိသူများနှင့် အမွေခံများ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတိုနှင့်ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများမှ အုပ်ချုပ်သူနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မော်တော်ယာဉ်ဖြင့်စစ်ဆေးခြင်း၊ မိန့်ခွန်းနာခံပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ရေးပြမှူးကြီး ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းကြီးများနှင့် ယန္တရားစစ်ကြောင်းများက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်း၊ တစ်ချိန်တည်းတွင်



(၇၂)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) ကိုယ်စားပြုစစ်ရေးပြတပ်စုမှ အရာရှိစစ်သည်များ၊ တပ်မတော်(ရေ)မှ ရေတပ်စစ်ဆင်ရေးအထူးတပ်ဖွဲ့(Navy SEALs) မှ အရာရှိစစ်သည်များက ရဟတ်ယာဉ်များပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်သို့ ဆင်းသက်ကြပြီး စစ်ရေးပြစစ်ကြောင်းများနှင့်အတူ လိုက်ပါချီတက်ခြင်း၊ တပ်မတော်(လေ)မှ ရဟတ်ယာဉ်၊ လေယာဉ်နှင့်တိုက်လေယာဉ်များက သရုပ်ပြပျံသန်းကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် (၇၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ (၇၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအားဆုချီးမြှင့်ပွဲကို နေပြည်တော်ရှိ သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဆုပေးပွဲတွင် စစ်ရေးပြဂုဏ်ပြုဆု၊ အလံကိုင်အဖွဲ့ဂုဏ်ပြုဆု၊ အထူးတာဝန်တပ်ဖွဲ့အမျိုးသမီးတပ်ခွဲ ဂုဏ်ပြုဆု၊ မြင်းစီးစစ်ရေးပြတပ်စုဂုဏ်ပြုဆု၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့ ဂုဏ်ပြုဆု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းဂုဏ်ပြုဆု၊ အလံကိုင်အဖွဲ့အကောင်းဆုံးဆု၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုများကိုလည်းကောင်း၊ အကောင်းဆုံးစခန်း ပထမ၊ ဒုတိယ၊ တတိယဆု၊ စစ်ချီသီချင်း အကောင်းဆုံး ပထမ၊ ဒုတိယ၊တတိယဆု၊ စစ်စည်းကမ်းအကောင်းဆုံး ပထမ၊ဒုတိယ၊တတိယဆု၊ စစ်ရေးပြအကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆု၊ စံပြတပ်ခွဲ ပထမ၊ ဒုတိယ၊ တတိယဆုများကိုလည်းကောင်း ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ (၇၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် ပြည်ထောင်စုသစ္စာ ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် (၇၂)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဂါရဝပြုကန်တော့ကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ညပိုင်းတွင် (၇၂)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



(၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)





**(၇၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် ပြည်ထောင်စုသစ္စာဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြစဉ်။** (သတင်းစဉ်)

**✱ မန္တလေးမှ**

"အရင်နှစ်တွေကလို ကျွန်တော်တို့ မြို့မအလှယာဉ်က ဦးဆောင်ပြီး ကျန်အလှပြယာဉ်တွေနဲ့ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ရှေ့က ဖြတ်သန်းနှုတ်ဆက်ပြီး သင်္ကြန်အကြိုကို ဖွင့်လှစ်မှာမဟုတ်ဘဲ ဒီနှစ်မှာ နံနက်ပိုင်းကစပြီး မြို့မအလှပြယာဉ်က မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှာရပ်ပြီး အတိတ်က မန္တလေးသင်္ကြန်ဖျော်ဖြေမှုလို မြို့တော်မဏ္ဍပ်နဲ့ မြို့မအလှပြယာဉ်တို့ တစ်နာရီလောက်ကြာအောင် တစ်လှည့်စီ အပြန်အလှန်သီဆိုဖျော်ဖြေကာ သင်္ကြန်အကြိုနေ့ကို ဖွင့်လှစ်ပေးသွားမှာပါ"ဟု ၎င်းကရှင်းပြသည်။

၁၉၃၀ ခုနှစ် ဝန်းကျင်ကစ၍ ကျင်းပခဲ့သည့် မန္တလေးသင်္ကြန်ပုံစံမှာ မြို့တွင်း ဖျော်ဖြေရေးမဏ္ဍပ်များနှင့် အလှပြယာဉ်အများအပြားပါဝင်ကြသည့်အတွက် မဏ္ဍပ်နှင့် အလှပြယာဉ်တို့ တစ်လှည့်စီ အပြန်အလှန်ဧည့်ခံဖျော်ဖြေသီဆိုကြသည်။ မဏ္ဍပ်မှပြန်လည်ထွက်ခွာသည့်အခါတွင်လည်း နှုတ်ဆက်သီချင်းများဖြင့် သီဆိုကာ မန္တလေးထုံးစံအတိုင်း အပြန်အလှန် ဆုတောင်းနှုတ်ဆက်လေ့ရှိကြောင်း မန္တလေးမြို့ခံ စာရေးဆရာဆူးငှက်က ပြောကြားသည်။

"မဏ္ဍပ်တစ်ခုရှေ့ကို အလှပြယာဉ်တစ်စီးရောက်ပြီဆိုတာနဲ့ သီချင်းငါးပုဒ် ခြောက်ပုဒ်လောက် အပြန်အလှန်သီဆိုပေးကြတဲ့အပြင် တစ်လှည့်စီ ဖျော်ဖြေပေးကြတယ်။ ယခုခေတ်မှာတော့ မြို့တွင်းမဏ္ဍပ်တွေ နည်းသွားတဲ့အတွက် ဒီအစီအစဉ်တွေ ပျောက်ကွယ်သွားခဲ့တယ်။ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကလည်း အချိန်အကန့်အသတ်နဲ့ဆိုတော့ မြို့မ အလှပြယာဉ်ရောက်လာတော့လည်း သီချင်းတစ်ပုဒ်လောက်ဆိုပြီး ပြန်ထွက်သွားရတယ်။ အရင်က နောက်အလှပြယာဉ်မလာမချင်း ရှေ့ကအလှပြယာဉ်နဲ့ မဏ္ဍပ်တို့ အပြိုင်အဆိုင်သီဆိုကြတယ်။ အခုနှစ်မှာ ယခင်ပုံစံအတိုင်းပြန်လည်ဖော်ထုတ်မယ်ဆိုတာ သိရတဲ့အတွက် ကြိုဆိုပါတယ်။ အလှပြယာဉ်တွေနဲ့ ဖျော်ဖြေရေးမဏ္ဍပ်တွေ အများအပြားထွက်ပေါ်လာဖို့လည်း လုပ်ငန်းရှင်တွေနဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီက အားပေးကူညီကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ၎င်းကပြောသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် မြို့မအလှပြယာဉ်မှ သင်္ကြန်အကြိုနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကို ဖွင့်လှစ်ပေးပြီး ညပိုင်းတွင် မြို့တွင်းလှည့်လည်ဖျော်ဖြေမှုများကို ယခင်နှစ်များအတိုင်း သင်္ကြန်ကာလအတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# (၇၂)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနား ရန်ကုန်မြို့ရှိ NLD ရုံးချုပ်၌ ကျင်းပ

**ရန်ကုန် မတ် ၂၇**

(၇၂) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရုံးချုပ်၌ ကျင်းပသည်။




အခမ်းအနားတွင် သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက "ဒီကနေ့ အခမ်းအနားဟာ လွတ်လပ်ရေး ဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တကွ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဟာ တပ်မတော်နဲ့ ပေါင်းစည်းညီညွတ်မှုဖြင့် ဖက်ဆစ်ကို အောင်မြင်စွာ တွန်းလှန်တိုက်ပွဲဝင်ခဲ့တဲ့ (၇၂)နှစ်မြောက် သမိုင်းဝင် နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ ဒီဖက်ဆစ်တော်လှန်ရေးကြီးမှာ တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံ ပါတီမှအစ အခြားနိုင်ငံရေး အင်အားစုများဟာ မတူခြားနားတဲ့ နိုင်ငံရေးခံယူချက်တွေ ဘယ်လောက်ပဲ ရှိနေရှိနေ အမျိုးသား လွတ်လပ်ရေးဆိုတဲ့ ဘုံရပ်တည်ချက်နဲ့ ခိုင်ခိုင်မာမာဆုပ်ကိုင်ပြီး တိုက်ပွဲဝင်ခဲ့ကြလို့ အချိန်တို အတွင်းမှာ အောင်ပွဲရခဲ့ခြင်းဖြစ်ပါတယ်။ ဒီအောင်ပွဲရဲ့ရလဒ်ကြောင့် အမျိုးသားလွတ်လပ်ရေးကို ဂုဏ်ယူဝင့်ကြွားစွာ အရယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၇၂)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ကြေညာချက်ကို ဖတ်ကြားပြီး ယနေ့အခမ်းအနားသို့ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းပြုလုပ်သည်။

ယနေ့အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူးကျင်းပပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ သံတမန်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ ဇော်ကြီး(ပဏ္ဍိတ)**

**❖ ချင်းတွင်းမြစ်မှ**

"ချင်းတွင်းမြစ်ကူးတံတားကြီးက ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်လို့ အခုဆိုရင် ဒေသခံပြည်သူတွေနဲ့ဆိုင်ကယ်တွေ တံတားပေါ်ကို စတင်ဖြတ်သန်းသွားလာနေကြပါပြီ"ဟု တံတားဆောက်လုပ်ရေးစီမံကိန်း တာဝန်ခံ ဦးအောင်သိဟက ပြောကြားသည်။

အဆိုပါတံတားမှာ အရှည် ၂၈၀၅ ပေ၊ အကျယ် ၃၃ ဒသမ ၅ ပေ၊ လူသွားလမ်းအကျယ် ၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာရှိ သံကူကွန်ကရစ်ကြမ်းခင်း၊ ချဉ်းကပ်လမ်းအရှည်မှာ ကလေးဝဘက်ကမ်း ပေ ၈၅၂၀၊ ရေဦးဘက်ကမ်း ၁၄၃၉ ပေရှိပြီးသံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ကမ်းကပ်ခုံကိုယ်ထည်၊ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန် ၇၅ တန် (AASHTO H.S-25)၊ တံတားကင်းလွတ်အမြင့် ၁၂ မီတာ၊ တံတားကင်းလွတ်အကျယ် ၁၀၅ မီတာတို့ ရှိကြောင်း တံတားဆောက်လုပ်ရေးစီမံကိန်းမှ သိရသည်။

ယင်းတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)က ၂၀၁၄ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ၍ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မတ် ၃၁ ရက် နောက်ဆုံး အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ရာ နိုင်ငံတော်အစိုးရက ငွေကျပ် ၂၁၉၂၅ သန်းဖြင့် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ထင်ရှားသောမြစ်ကြီးလေးစင်းတွင် တစ်ခုအပါအဝင်ဖြစ်သော ချင်းတွင်းမြစ်ပေါ်တွင် ချင်းတွင်းမြစ်ကူးတံတား (မုံရွာ)၊ ချင်းတွင်းမြစ်ကူးတံတား (ဆင်ဖြူရှင်)ကိုလည်းကောင်း၊ ချင်းတွင်းမြစ်ဖျားပိုင်းတွင် ချင်းတွင်းမြစ်ကူးတံတား(ဟုမ္မလင်း)၊ ချင်းတွင်းမြစ်ကူးတံတား (ခန္တီး)နှင့် ယခုဖွင့်လှစ်တော့မည့် ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ)တို့ကိုလည်းကောင်း တည်ဆောက်လျက်ရှိရာ ချင်းတွင်းမြစ်ကူးတံတားပေါင်း ငါးစင်းရှိမည်ဖြစ်သည်။

ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ)သည် ချင်းပြည်နယ် ချင်းတောင်ဒေသ၊ ကလေး၊ တမူးနှင့် မြန်မာ- အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်စည်ပို့ဆောင်ရောင်းဝယ်ရေးအတွက် အဓိကကျလျက် ပြည်သူများအတွက် များစွာအကျိုးပြုမည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ချင်းတွင်းသား၊ ဓာတ်ပုံ- သက်ဟန်(iprd)**

# ဘူးသီးတောင်မြို့နယ်အတွင်းရှိ ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ဘူးသီးတောင် မတ် ၂၇**

ယခုနှစ်မတ်လအတွင်း အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာသဖြင့် ကျေးလက်ဒေသအချို့၌ သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်လာရလျက်ရှိရာ ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် အတွင်းရှိ ကျေးရွာအချို့မှာလည်း သောက်သုံးရေရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် (Water Donar Association Buthidaung-WDAB) အဖွဲ့တို့ ပူးပေါင်း၍ ဘူးသီးတောင်မြို့နယ်အတွင်းရှိသောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသော ကျေးရွာများသို့ မတ်လ တတိယပတ်အတွင်းက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ထိုသို့လှူဒါန်းရာတွင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျိန်ကျောင်ကျေးရွာသို့ မတ် ၂၃ ရက်တွင် လည်းကောင်း၊ မတ် ၂၅ ရက်တွင် သာစည်၊ သရက်ပြင်၊ ကြာညိုပြင်ကျေးရွာများသို့ လည်းကောင်း တစ်ရွာလျှင် ရေဂါလန် ၅၀၀ နှုန်းဖြင့် နှစ်ကြိမ်သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ငလှမ်းပြင်၊ မာန်အောင်၊ ကွဲပြိုမော် ကျေးရွာများသို့လည်း မတ်လမကုန်မီ ဆက်လက်သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-ရာမညာ၊ တင်စိုး)**

# အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများ ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ မတ်လ ( ၂၃ )ရက်**
**၂၀၁၆-၂၀၁၇ ပညာသင်နှစ်**
**အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း**
**ကြေညာခြင်း**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာအဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန ၂၀၁၇ ခုနှစ် ဒသမတန်း ဘက်စုံပညာထူးချွန်သူများစာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ရဲမာန်အောင် | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မမေသင်းကြူ | အထက(၄)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ခမ်းဆုန် | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မကြည်ငွေး | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ကောင်းထက်ကျော် | အထက-မြသီတာ | မိုးညှင်း | မိုးညှင်း |
| ၆ | မသိမ့်နေခြည် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်နန္ဒကျော် | အောင် (ကပက) | ဗန်းမော် | ဗန်းမော် |
| ၈ | မနှင်းဇာအောင် | အထက(၁)ဗန်းမော် | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်အဝါလ်ဖေလတ်အောင် | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၀ | မစွဲ့အေးထွန်း | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ပိုင်ဟန်ကျော် | အထက(၅)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မဗစ်တိုးရီယားအူးမာ | အထက-ဒေါင်ခါး | ဒီးမော့ဆို | လွိုင်ကော် |
| ၁၃ | မောင်စည်သူအောင် | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မချစ်ဆွေဇင်ခိုင် | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | မောင်ထွန်းနိုင်ဝင်း | အထက-ရွှေဂွန်း | လှိုင်းဘွဲ့ | ဘားအံ |
| ၁၆ | နော်အယ်ပဟီဖော | အထက-ရွှေဂွန်း | လှိုင်းဘွဲ့ | ဘားအံ |
| ၁၇ | မောင်ထက်အောင်ပိုင် | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၈ | မစိမ်းလဲ့လဲ့လွင် | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၉ | မအေးလစ်ဇုံကိပ်ပါရ် | အထက(၃)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မောင်ဗန်ထမှုန် | အထက(၃)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်အီဆတ်လာလ်ဒင့်ပွီးအာ | အထက(၁)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မဂင့်ခန့်ကျိန် | အထက(၁)တီးတိန် | တီးတိန် | ဖလမ်း |
| ၂၃ | မပန်းအိဇင် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မောင်နိုင်းထန်း | အထက(၃)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်သန့်ဇင်ဝင်း | အထက(၁)မြင်းမူ | မြင်းမူ | စစ်ကိုင်း |
| ၂၆ | မနှင်းနုနုဝေ | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်ဝေယံမိုးမြင့် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၂၈ | မယမင်းထိုက် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၂၉ | မောင်နေမင်းကိုကို | ဇွဲသန်(ကပက) | ရေဦး | ရွှေဘို |
| ၃၀ | မောင်လမင်းထက် | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၃၁ | မမွန်မွန်ကျော် | အထက(၂)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၃၂ | မချိုမာခိုင် | မြပန်းသဇင်(ကပက) | ရေဦး | ရွှေဘို |
| ၃၃ | မောင်ဖြိုးမင်းဝေ | အထက-ကျားတက် | ဆားလင်းကြီး | ယင်းမာပင် |
| ၃၄ | မလှိုင်းအိခိုင် | အထက-ကျားတက် | ဆားလင်းကြီး | ယင်းမာပင် |
| ၃၅ | မောင်ထက်အောင်လင်း | အထက(၃)ကလေး | ကလေး | ကလေး |
| ၃၆ | မရွှန်းလဲ့လဲ့ဦး | အထက(၁)ကလေး | ကလေး | ကလေး |
| ၃၇ | မောင်အံ့မော်ဦး | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၈ | မောင်ဟိန်းထက်ဇော် | အထက-ပင်လည်ဘူး | ပင်လည်ဘူး | ကသာ |
| ၃၉ | မနှင်းမို့မို့ဦး | အထက-ပင်လည်ဘူး | ပင်လည်ဘူး | ကသာ |
| ၄၀ | မခင်နန်းဝင်း | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၄၁ | မောင်သင့်မြတ်ဇော်ဝင်း | အထက-မင်းယား | ဖောင်းပြင် | မော်လိုက် |
| ၄၂ | မနန်းပိုးအိရွှေစင် | အထက-သရောင်း | ဖောင်းပြင် | မော်လိုက် |
| ၄၃ | မကျော့ကေခိုင် | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၄ | မောင်ဘီးထရာဗယ်ဆင်း | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၅ | မောင်ရဲထက်အောင် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မဆည်းဆာအိန်ဂျယ် | အထက-ကမြိုင် | သရက်ချောင်း | ထားဝယ် |
| ၄၇ | မောင်ကောင်းဆက်ဟိဏ်း | အထက(၂)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မခြူးအိမ်စည် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၉ | မောင်မြတ်သူ | အထက-ပုလော | ပုလော | မြိတ် |
| ၅၀ | မမေအောင်သပြေ | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်ဝိုင်းထက်အာကာဦး | အထက(၂)ညောင်လေးပင် | ညောင်လေးပင် | ပဲခူး |
| ၅၂ | မောင်ဟန်လင်းဇော် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၃ | မကေသရီဝင်းလွင် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၄ | မသွန်းဆုစံ | အထက-ကဝ | ကဝ | ပဲခူး |
| ၅၅ | မောင်သာထက်စံ | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၆ | မောင်မင်းသစ်ထွန်း | ဟိန်း(ကပက) | ရေတာရှည် | တောင်ငူ |
| ၅၇ | မနှင်းဦးဝေ | ဟိန်း(ကပက) | ရေတာရှည် | တောင်ငူ |
| ၅၈ | မစိုးယွန်းနဒီ | အထက-ကျောက်ကြီး | ကျောက်ကြီး | တောင်ငူ |
| ၅၉ | မောင်မင်းသန့်ကို | အထက-မြို့မ | နတ်တလင်း | သာယာဝတီ |
| ၆၀ | မောင်နိုင်ရဲ | အထက-မင်းလှ | မင်းလှ | သာယာဝတီ |
| ၆၁ | မရွှေရည်ယမင်း | အထက(၃)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၂ | မအေးချမ်းသဇင် | အထက-အုတ်ဖို | အုတ်ဖို | သာယာဝတီ |
| ၆၃ | မောင်ကောင်းခန့်စည် | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၄ | မောင်ကျော်ကျော်ငွေး | အထက-မြို့မ | ပေါင်းတည် | ပြည် |
| ၆၅ | မမြတ်ရည်သာ | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၆ | မဝင်းလဲ့ရွှေစင် | ကဝိစည်သူ(ကပက) | သဲကုန်း | ပြည် |
| ၆၇ | မောင်ပိုင်ပြည့်မာန် | အထက(၁)မကွေး | မကွေး | မကွေး |
| ၆၈ | မောင်ဟိန်းသန့်ဦး | အထက(၃)ချောက် | ချောက် | မကွေး |
| ၆၉ | မရွှေစင်သီဟန် | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၀ | မသက်သက်လှိုင် | အထက(၁)တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၇၁ | မောင်ဆန်းမြင့်အောင် | UHW (ကပက) | စလင်း | မင်းဘူး |
| ၇၂ | မရွှေရည်ရွှန်းလဲ့ | အထက-ကုန်းဇောင်း | ပွင့်ဖြူ | မင်းဘူး |
| ၇၃ | မောင်သော်တာစိုး | အထက(၁)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မဇာပိုးအိ | အထက(၁)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၅ | မောင်ထက်နိုင်လင်း | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၆ | မောင်သက်ခိုင်ဝင်း | အထက-ကံမ | ကံမ | သရက် |
| ၇၇ | မဆုပြည့်စုံ | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၈ | မပိုးသီရိ | အထက(ခွဲ)ပန်းတော | မင်းတုန်း | သရက် |
| ၇၉ | မောင်ဟိန်းဇင်အောင် | အထက-ရှုံးရှီ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၀ | မကေခိုင်မျိုး | အထက-ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်စိုင်းသူအောင် | အထက(၁၁)အောင်မြေသာစံ | အောင်မြေသာစံ | မန္တလေး |
| ၈၂ | မောင်နိုင်မင်းထက် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မခင်လဝန်းပီတိ | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မမြတ်ဖြိုးသဥ္ဇာ | အထက(၄)အောင်မြေသာစံ | အောင်မြေသာစံ | မန္တလေး |
| ၈၅ | မောင်ကျော်စွာ | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မအိမ့်သက်မှူးသွင် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ဟန်ထက်လင်း | အထက(ခွဲ)မြို့မ | ကျောက်ဆည် | ကျောက်ဆည် |
| ၈၈ | မခင်ရတနာဝင်း | အထက(၁)ကျောက်ဆည် | ကျောက်ဆည် | ကျောက်ဆည် |
| ၈၉ | မောင်ဇေယျာလင်း | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၀ | မအိရွှေစင် | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်သီဟမောင် | အထက(၁)ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မဖြူသန့်ချို | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်ကောင်းမြတ်စံ | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မဂျက်စမင်ဆွေ | သမာဓိ(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်စစ်နိုင်ထွန်း | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မသင်းသူစိုး | အထက-သစွေး | ရမည်းသင်း | ရမည်းသင်း |
| ၉၇ | မောင်မင်းမြတ်သူ | အထက(၆)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မောင်သီဟစိုး | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၉၉ | မလှယဉ်ကျေး | အထက(၉)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မနှင်းသုန်သုန် | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၁ | မောင်အုပ်စိုးသူ | အထက-ဇင်းကျိုက် | ပေါင် | သထုံ |
| ၁၀၂ | မခိုင်သန့်စင် | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၃ | မောင်ခိုင်စိုးလင်း | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မဖြိုးဝေခင် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်လပြည့်ဝန်း | အထက(၁)သံတွဲ | သံတွဲ | သံတွဲ |
| ၁၀၆ | မခင်ရှင်းသန့်ထင် | အထက(၁)တောင်ကုတ် | တောင်ကုတ် | သံတွဲ |

**စာမျက်နှာ ၁၂ သို့**

စာမျက်နှာ ၁၁ မှ

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၇ | မောင်မျိုးသန့်ဆန်း | SAN-Top Passing Centre (ကပက) | မာန်အောင် | ကျောက်ဖြူ |
| ၁၀၈ | မဆုမွန်ကျော် | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၀၉ | မောင်ညီကောင်းထက် | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၁၁၀ | မခိုင်နန္ဒာလင်း | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၁၁၁ | မောင်ကျော်ဇော်သိန်း | အထက(၁)မောင်တော | မောင်တော | မောင်တော |
| ၁၁၂ | မခင်ချယ်ရီဝင်း | အထက(၂)မောင်တော | မောင်တော | မောင်တော |
| ၁၁၃ | မောင်ထက်အောင်ရှိန်း | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၄ | မောင်ကောင်းခန့်ကျော် | အထက(၁)တာမွေ | တာမွေ | အရှေ့ပိုင်း |
| ၁၁၅ | မောင်သန့်ထူးဇင် | အထက(၂)ဒဂုံအရှေ့ | ဒဂုံအရှေ့ | အရှေ့ပိုင်း |
| ၁၁၆ | မရှင်းသန့်ရွှေရည် | အထက(၂)ရန်ကင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၇ | မကေခိုင်စိုး | အထက(၄)တာမွေ | တာမွေ | အရှေ့ပိုင်း |
| ၁၁၈ | မယမင်းသွင် | အထက(၂)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၉ | မောင်သူရမျိုးတင့် | ဂရိတ်လိုက်(ကပက) | မရမ်းကုန်း | အနောက်ပိုင်း |
| ၁၂၀ | မောင်ထက်နေလွင် | အထက(၁)ဒဂုံ | ဒဂုံ | အနောက်ပိုင်း |
| ၁၂၁ | မခိုင်ဇာသွယ်(၂) | အထက(၂)စမ်းချောင်း | စမ်းချောင်း | အနောက်ပိုင်း |
| ၁၂၂ | မစောယုနန္ဒာဝင်း | အထက(၂)ကမာရွတ် | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်ခန့်စည်လွင် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၄ | မောင်သီဟဇော် | အထက(၁)ကျောက်တန်း | ကျောက်တန်း | တောင်ပိုင်း |
| ၁၂၅ | မဆုလဲ့ရည်ဦး | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မဖြိုးဝတ်ရည်မင်း | အထက(၁)ခရမ်း | ခရမ်း | တောင်ပိုင်း |
| ၁၂၇ | မောင်ဟိန်းထက်အောင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်ထက်အောင်လင်း | အထက(၃)ရွှေပြည်သာ | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၂၉ | မမေချမ်းမြေ့သူ | အထက(၂)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၃၀ | မအေးမွန်ရည် | အထက(၃)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၁ | မောင်ဟိန်းစျာန် | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မဖြိုးစုဟန် | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | မောင်ကောင်းဇင်ဗိုလ် | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၁၃၄ | မရွှန်းလဲ့ဝေ | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၅ | စိုင်းစိုင်းအွမ်ခေး | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်မင်းသီဟကျော် | အထက-ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မသင်းရနံ့အောင် | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မထွန်းအိန္ဒြာဇင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | စိုင်းစံရွက်ဆိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မကျော့ကေခိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ရဲသီဟထက် | အထက(ခွဲ)လ-၅၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ဆမ်းကောင် | အထက-ကွမ်းလုံ | ကွမ်းလုံ | လားရှိုး |
| ၁၄၃ | နန်းမေဦးကံ | အထက(၄)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | နန်းစိန်ညွန့် | အထက(၂) သိန္နီ | သိန္နီ | လားရှိုး |
| ၁၄၅ | မောင်ဇင်မျိုးထက် | အထက-မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၁၄၆ | စိုင်းကျော်ကျော်အောင် | အထက(၄)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၇ | မဖြိုးအိစံ | အထက(ခွဲ)လ-မိုးမိတ် | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မယွန်းနန္ဒာအိမ် | အထက-နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မောင်ဟိန်းဇေယျာဦး | အထက(၃)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မနန်းနွမ်းခမ်း | ကျေးဇူးကမ္ဘာ(ကပက) | နမ့်ခမ်း | မူဆယ် |
| ၁၅၁ | မောင်ဝင်းထွဋ်လင်း | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မစံရတနာကျော် | အထက(၃)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်မြင့်မိုရ်ထွဋ် | ရွှေမဟာ(ကပက) | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်ဝေသက်ဦး | အထက-မိုင်းယောင်း | မိုင်းယောင်း | မိုင်းဖြတ် |
| ၁၅၅ | မအင်ကြင်းခင်ဇော် | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မအိကေဇင်ကျော် | အထက-မိုင်းဖြတ် | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၅၇ | မောင်အောင်မင်းခန့် | အထက(၂)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်ခိုင်ခန့်ဇော် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | မထားယုနွယ် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မအေးချမ်းစိမ့် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၁ | မောင်ဝေယံဖြိုးဦး | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၂ | မောင်ကျော်ခန့်စိုး | အထက-ထူးကြီး | အင်္ဂပူ | ဟင်္သာတ |
| ၁၆၃ | မအေးခန့်ကျော် | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၄ | မခင်ပြည့်စုံ | အထက-ထူးကြီး | အင်္ဂပူ | ဟင်္သာတ |
| ၁၆၅ | မောင်ငြိမ်းချမ်းအောင် | အထက(၁)ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၆၆ | မခိုင်ဇာနှင်းဝေ | အထက(၁)ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၆၇ | မောင်အောင်ကောင်းမြတ် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၈ | မချမ်းမြေ့သီရိ | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၉ | မောင်အောင်မြင့်သူ | အထက(၁)ပန်းတနော် | ပန်းတနော် | မအူပင် |
| ၁၇၀ | မနှင်းဝတ်ရည်လင်း | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၇၁ | မောင်အောင်ဇင်မင်း | အထက(၁)ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၇၂ | မနှင်းအေးလွင် | အထက(ခွဲ)အလက(၁) | ဖျာပုံ | ဖျာပုံ |
| ၁၇၃ | မောင်ဟိန်းသန့်ဆွေ | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၄ | မအေးအိအိအောင် | အထက(၁)လယ်ဝေး | လယ်ဝေး | ဒက္ခိဏ |
| ၁၇၅ | မောင်စံသာထွဋ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၆ | မငွေချိုးကေဇင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

# သောက်သုံးရေများသွားရောက်လှူဒါန်း



**ပဲခူး မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကမ်းပြိုဒေသ ရွှေတဆုပ်ကျေးရွာတွင် နွေရာသီ ရေရှားပါးလျက်ရှိသော ကျေးရွာပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိန်မင်း၊ ကဝမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦးနှင့် အဖွဲ့က သောက်ရေဂါလန် ၃၅၀၀ (ရေသန့်ဘူးကြီး ၁၅၀ ) အား အိမ်ခြေ ၁၄၀၊ အိမ်ထောင်စု ၁၄၈ စု လူဦးရေစုစုပေါင်း ၆၇၄ ဦးထံသို့ မတ် ၂၅ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

**ကျော်ကျော်(IPRD)**

# အမြင့်ဆုံးအပူချိန်စံချိန်သစ်

**နေပြည်တော် မတ် ၂၇**

ယနေ့တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် အမြင့်ဆုံးအပူချိန်စံချိန်သစ်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | စခန်းအမည် | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင် စံချိန်ကျိုး (ခဲ့သည့်နှစ်) | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | ဘီးလင်း | ၄၀. ၀ | ၁၀၄. ၀ | ၃၉. ၂ | ၁၀၂. ၆ | ၄-၃-၁၉၇၉ | ၅၂ |

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၇**




တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၃၇ စီး၊ သွင်းကုန် အစီး ၇၂၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၅၅ စီးဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၈၈၉၇ သန်းခန့်) စုစုပေါင်း ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၈၈၉၇ သန်းခန့်) ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၄ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Nissan AD Van ယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တားမြစ်ပိတ်ပင်ထားသော မြွေပွေးအရှင် အကောင် ၇၀၊ မြွေပွေးအသေ တစ်ကောင်၊ မြွေဟောက်အရှင် ၂၅ ကောင်၊ လင်းမြွေအရှင် ၃၃၂ ကောင်နှင့် လင်းမြွေအသေ ၁၅ ကောင် စုစုပေါင်း ၄၄၃ ကောင် တွေ့ရှိဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဘင်ဇီမာကို ရီးယဲလ်ဥက္ကဋ္ဌကြီး ဖလော်ရန်တီနိုပီရက်ဇ်က ကမ္ဘာ့အကောင်းဆုံး ဗဟိုတိုက်စစ်မှူးတစ်ဦးလို့ ချီးကျူးခဲ့တာ ပြီးခဲ့တဲ့ရက်သတ္တပတ်ကမှပါ။ ဒါပေမယ့် ပြင်သစ်လက်ရွေးစင်အသင်း လူစာရင်းထုတ်ပြန်ချိန်မှာတော့ တိုက်စစ်နေရာမှာ ဘင်ဇီမာ ထပ်မံ ချန်လှပ်ခံခဲ့ရပြန်တာကြောင့် ဘင်ဇီမာရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ နိုင်ငံလက်ရွေးစင်အသင်းအတွက် ပြန်လည်ဝင်ရောက်ကစားခွင့်ရရေး မျှော်လင့်ချက်ဟာ ပါးသထက်ပါးသွားခဲ့ပြီဆိုတာ သေချာနေပါပြီ။

# လက်ရွေးစင်ကစားသမားဘဝနဲ့ ဝေးကွာနေဆဲ ဘင်ဇီမာ




"ခုအချိန်မှာတော့ ဘာရှင်းလင်းချက်မှမပေးဘဲ အသင်းလူစာရင်းက ချန်လှပ်ခဲ့တာကြောင့် ကျွန်တော့်စိတ်ထဲ မမျှတဘူးလို့ ခံစားရပါတယ်။ ဗယ်လ်ဘူနာကိစ္စမှာလည်း ကျွန်တော်ဘာမှမမှားပေမယ့် လက်ရွေးစင်အသင်း အတွက် ဝင်ရောက်မကစားရတာ တစ်နှစ်ခွဲကြာပါပြီ"

ဘင်ဇီမာဟာ ရီးယဲလ်မက်ဒရစ်အသင်းလို ကမ္ဘာ့ထိပ်တန်းအသင်းကြီးမှာ ပုံမှန်ပွဲထွက်ခွင့်ရ၊ ပုံမှန်ဂိုးသွင်းခြေရှိတဲ့ ကစားသမားဖြစ်ပါတယ်။ နည်းပြ ဒက်ချွမ့်စ် ရွေးချယ်ထားတဲ့ လက်ရှိ ပြင်သစ်အသင်းတိုက်စစ်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ဂရစ်ဇ်မန်း တစ်ယောက်သာ လောက်လောက်လားလားရှိပြီး ဂျရူး၊ မက်ပီ၊ ဂါမီရိုတို့ဟာ ဘင်ဇီမာရဲ့ ခြေစွမ်းတည်ငြိမ်မှုကို လိုက်မီခြင်းမရှိဘူးဆိုတာ သေချာပါတယ်။ ဒါပေမယ့် ပြင်သစ်အသင်းမှာ လာကာဇက်တီ၊ ဘင်ဇီမာတို့လို ခြေစွမ်းကောင်းတဲ့ တိုက်စစ်မှူးတွေ မရွေးချယ်ဘဲ ပြင်သစ်အသင်းက ဥရောပဖလားပွဲ၊ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ ရလဒ်တွေတောက်လျှောက်ကောင်းမွန်နေတာကြောင့် ဒက်ချွမ့်စ်ရဲ့ ဆုံးဖြတ်ချက်တွေအပေါ် အားလုံးက စောဒက ထပ်မတက်ကြတော့တာဖြစ်ပါတယ်။

ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ နိုဝယ်လ်ကတော့ ဘင်ဇီမာအတွက် လက်ရွေးစင်အသင်း တံခါးပေါက်ကို အမြဲဖွင့်လှစ်ထားတယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဒက်ချွမ့်စ်ကတော့ "ကျွန်တော်ဟာ အားကစားစံနှုန်းနဲ့ပဲ ရွေးချယ်ခဲ့တာဖြစ်ပြီး ပြင်သစ်အသင်းရဲ့ မျက်နှာကိုပဲ ကြည့်ရတာပါပဲ။ သူရွေးချယ်ခံရနိုင်ပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့အသင်းဟာ သူမပါဘဲ ဥရောပဖလားဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပါတယ်" ဟု သူ၏ ရွေးချယ်မှုနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။

မန်ယူဂန္ထဝင်ကစားသမား ကန်တိုနာကတော့ ဘင်ဇီမာဘက်က ထောက်ခံခဲ့ပြီး ပြင်သစ်နိုင်ငံဟာ အတော်ထူးဆန်းတဲ့ရပ်တည်ချက်နဲ့ တည်ရှိနေတဲ့ ဘောလုံးအသင်းတစ်ခုပိုင်ဆိုင်ပြီး ကစားသမားတစ်ဦး ရွေးချယ်ခံရမှု၊ မခံရမှုဆိုတာဟာ ခြေစွမ်းပေါ် မမီတည်ဘူးလို့ ဝေဖန်ပြောကြားခဲ့ပါတယ်။ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်ရွေးချယ်ခံမယ့် ဖီလန်ဟာ အဂတိလိုက်စားမှုရှိနေတယ်လို့ နာမည်ထွက်နေသူဖြစ်ပါတယ်။ ဒါကြောင့် ပြင်သစ်အသင်းရွေးချယ်မှုအပိုင်းကရော ဘယ်လောက်အထိ မှန်ကန်မှုရှိမလဲဆိုတာကို ကန်တိုနာက မေးခွန်းထုတ်လိုက်ပါတယ်။ ဒါပေမယ့် ဘင်ဇီမာကမှ ပြင်သစ်အသင်းအတွက် ၈၁ ပွဲအထိ ဝင်ရောက်ကစားခွင့်ရခဲ့ပြီး ကန်တိုနာကတော့ ၄၅ ပွဲသာ ဝင်ရောက်ကစားထားသူဖြစ်တာကြောင့် သူ့မှာ ပြင်သစ်လက်ရွေးစင်ကစားသမားဘဝအပေါ် မကျေနပ်မှုတွေရှိနေတဲ့အတွက် အခုလိုဝေဖန်ခဲ့တာလို့ ယူဆချက်တွေလည်း ရှိနေပါတယ်။

ဘင်ဇီမာကတော့ နည်းပြ ဒက်ချွမ့်စ်ရဲ့ ရှင်းလင်းမှုကို အလိုရှိနေပြီး "ခုအချိန်မှာတော့ ဘာရှင်းလင်းချက်မှ မပေးဘဲ အသင်းလူစာရင်းက ချန်လှပ်ခဲ့တာကြောင့် ကျွန်တော့်စိတ်ထဲ မမျှတဘူးလို့ ခံစားရပါတယ်။ ဗယ်လ်ဘူနာကိစ္စမှာလည်း ကျွန်တော်ဘာမှမမှားပေမယ့် လက်ရွေးစင်အသင်းအတွက် ဝင်ရောက်မကစားရတာ တစ်နှစ်ခွဲကြာပါပြီ" လို့ ဆိုခဲ့တာပါ။ ဘင်ဇီမာကတော့ ဒက်စ်ချွမ့်စ်နဲ့ သူနောက်ဆုံးအကြိမ် ဖုန်းပြောခဲ့ရတာက ယူရိုင်ပြိုင်ပွဲ မတိုင်မီ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲလား၊ ဗိုလ်လုပွဲ မတိုင်မီလား သေချာမမှတ်မိပေမယ့် အဲဒီအချိန်ကတည်းက ဒက်ချွမ့်စ်က သူ့ကို လက်ရွေးစင်အသင်းအတွက် မရွေးချယ်ခဲ့ဘူးလို့ ပြောကြားခဲ့ကြောင်း ဆိုပါတယ်။

ဒီပြောစကားတွေကို ကြည့်ပြီး သုံးသပ်ရရင် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်တိုင်က ဘင်ဇီမာပြန်လာရေးကို မျှော်လင့်ပေမယ့် နည်းပြ ဒက်ချွမ့်စ်ဟာ ခေါင်းမာသူဖြစ်သလို တစ်ဖက်ကလည်း ရလဒ်ကောင်းတွေ ရရှိနေတာကြောင့် ရပ်ကြည့်နေရတဲ့ အနေအထားမျိုး ဖြစ်နေတာဖြစ်ပါတယ်။ ပြင်သစ်အသင်းပရိသတ်တွေကဆိုရင် ဘင်ဇီမာကို ချန်လှပ်ပြီး ဂျရူး ကိုရွေးချယ်တဲ့ နည်းပြ ဒက်ချွမ့်စ်ရဲ့ ဆုံးဖြတ်ချက်အပေါ် မကျေမနပ် ဖြစ်ခဲ့ကြတဲ့အတွက် ဂျရူး ခြေထောက်ဘောလုံးနဲ့ထိတိုင်း လှောင်ပြောင်မှုတွေ ပြုလုပ်ကြပါတယ်။ ဒါပေမယ့် ခုတော့ ပြင်သစ်အသင်းမှာ မက်ပီလိုအားကိုးရမယ့် တိုက်စစ်မှူးသစ်ပေါ် ထွက်လာပြီဖြစ်တာကြောင့် ဘင်ဇီမာရဲ့ ပြင်သစ်လက်ရွေးစင်အိပ်မက်ဟာ ပိုပြီးတော့ မှေးမှိန်သွားနိုင်တယ်လို့ ကောက်ချက်ချရပါမယ်။ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းကတောင် မက်ပီဟာ သူနဲ့ ပါယက်တို့ရဲ့နေရာကို လုယူနိုင်တဲ့ ကစားသမားဖြစ်လို့ သူတို့ အရန်ခုံပေါ် ထိုင်ရနိုင်တယ်လို့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့တာကို ကြည့်ရင် နောက်ပိုင်းပွဲတွေမှာ ဘင်ဇီမာ ပြန်လာနိုင်ဖို့ ပိုပြီးဝေးသွားတဲ့ အနေအထားပါပဲ။

ဘင်ဇီမာဟာ ဗယ်လ်ဘူနာရဲ့ လိင်မှု ညစ်ညမ်းဗီဒီယိုထွက်ပေါ်လာမှုအရှုပ်တော်ပုံမှာ ပါဝင်ပတ်သက်ခဲ့တယ်ဆိုတဲ့ စွဲချက်နဲ့အတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံခဲ့ရခြင်းမရှိပါဘူး။ ၂၀၁၆ ယူရိုဖလားပြိုင်ပွဲမှာ တိုက်စစ်ပိုင်းအတွက် ဘင်ဇီမာကို ပြန်လည်ခေါ်ယူမယ်လို့ အများစုက မျှော်လင့်နေကြပေမယ့် နည်းပြ ဒက်ချွမ့်စ်က ချန်လှပ်ခံတာကြောင့် ပရိသတ်အများစုက အစောပိုင်းမှာ မကျေမနပ်ဖြစ်ခဲ့ကြပါသေးတယ်။ ဒါပေမယ့် ပြင်သစ်အသင်း ရလဒ်ကောင်းတွေနဲ့အတူ ယူရိုဖလားဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခြင်းကြောင့် အသံတွေလည်း ယာယီတိတ်ဆိတ်သွားပေမယ့် ဗိုလ်လုပွဲမှာ ပေါ်တူဂီဘက်ကို ဂိုးမသွင်းနိုင်တာက ဘင်ဇီမာ မပါလို့ ဆိုတဲ့ ဝေဖန်မှုတွေလည်း ထွက်လာပါသေးတယ်။

ဂျရူး၊ ပါယက်တို့လို ကစားသမားတွေက ကလပ်အသင်းတွေထက် နိုင်ငံအသင်းအတွက် ဝင်ရောက်ကစားခွင့်ရချိန် ခြေစွမ်းပိုပြနိုင်ခြင်းကလည်း ဘင်ဇီမာရဲ့ လက်ရွေးစင်အိပ်မက်ကို ပိုဝေးကွာအောင် ဆွဲထုတ်စေနိုင်တဲ့ အကြောင်းတရားတစ်ရပ်ဖြစ်လို့ နေပါတယ်။ ပြင်သစ်အသင်းဟာ ခုချိန်မှာလည်း ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲမှာ ငါးပွဲကစားပြီးချိန် ရမှတ် ၁၃ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နေသလို ဂျရူးဆိုရင် လူဇင်ဘတ်အသင်းကို ရင်ဆိုင်တဲ့ ပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးတောင် သွင်းယူပေးနိုင်တာကြောင့် ပြင်သစ်လက်ရှိ တိုက်စစ်အင်အားဟာ လိုတာထက် ပိုလျှံနေတယ်လို့တောင် ပြောလို့ရပါတယ်။

ခုနောက်ပိုင်းတော့ ဒမ်ဘီလီ၊ ဂါမီရိုတို့လို နောက်တက်ကစားသမားတွေ ခြေစွမ်းထက်လာမှုအပြင် ကိုလုံးတိုက်စစ်မှူး မက်ဒီစတဲတောင် လက်ရွေးစင်အသင်းအတွက် ရွေးချယ်မခံရတာမျိုးလည်းရှိတာကြောင့် ရွေးချယ်စရာများပြားလွန်းတဲ့ အခြေအနေမှာ ဒက်ချွမ့်စ် ခေါင်းမာမယ်ဆိုလည်း မာချင်စရာပါပဲ။ ဒါကြောင့် ဘင်ဇီမာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရလဒ်ကောင်းဆက်ထိန်းနိုင်သမျှ ဝေဖန်မှုတွေ နည်းသွားမှာဖြစ်တာကြောင့် ဘင်ဇီမာကို ပြန်ခေါ်ဖို့ဆိုတာ ဖြစ်တန်စွမ်းကို ကြည့်ပြီး သုံးသပ်ရင်တော့ အတော်ရာနှုန်းနည်းသွားပြီလို့ သတ်မှတ်ရတော့မှာဖြစ်ပါတယ်။ ဒက်ချွမ့်စ်ကတော့ ဘင်ဇီမာလည်း လက်ရွေးစင်အသင်းအတွက် ပြန်လည်ပါဝင်နိုင်ဆဲ အခြေအနေရှိနေတယ်လို့ဆိုထားပေမယ့် ဒီစကားက ပြောကောင်းအောင် ပြောခဲ့တာလို့ ထင်မြင်စရာပါ။ ဒါကြောင့် ဘင်ဇီမာဟာ လက်ရှိမှာ အသက်(၂၉)နှစ်သာ ရှိသေးပေမယ့် သူ့ရဲ့ လက်ရွေးစင်ကစားသမားဘဝဟာ အသက်(၂၇)ကျော်လောက်မှာပဲ ကုန်ဆုံးသွားခဲ့ပြီလို့ ယေဘုယျကျကျ ယူဆရတော့မှာဖြစ်ပါတယ်။

မလဲ့သင်း
စုစည်းသည်

# နယ်သာလန်နည်းပြအဖြစ်မှ ဒန်နီဘလိုင်း ထုတ်ပယ်ခံရ




ထုတ်ပယ်ခံလိုက်ရသည့် နယ်သာလန်နည်းပြ ဒန်နီဘလိုင်း(ဝဲ) သားဖြစ်သူ ဒါလေဘလိုင်း(ယာ)တို့အား သတင်းစာရှင်းလင်းပွဲတွင် အတူတကွ တွေ့ရစဉ်။

နည်းပြ ဒန်နီဘလိုင်းသည် နယ်သာလန်လက်ရွေးစင်အသင်းကို နှစ်နှစ်တာကိုင်တွယ်ပြီးနောက် ဘူလ်ဂေးရီးယားအသင်းနှင့် ပွဲစဉ်အပြီးတွင် လက်ရှိရာထူးမှ ထုတ်ပယ်ခံလိုက်ရပြီဖြစ်သည်။ နယ်သာလန်အသင်းသည် လေးပွဲကစားပြီးချိန်အထိအုပ်စု(A)တွင် ဒုတိယနေရာ၌ ရပ်တည်ခဲ့သော်လည်း ဘူလ်ဂေးရီးယားအသင်းကို နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ပြီးနောက် ဦးဆောင်သူ ပြင်သစ်အသင်းအောက်ခြောက်မှတ်၊ ဒုတိယနေရာရှိ ဆွီဒင်အသင်းအောက် သုံးမှတ်အကွာ စတုတ္ထနေရာအထိ ရောက်ရှိသွားခဲ့သည်။

အသက်(၅၅)နှစ်အရွယ် ဒန်နီဘလိုင်းသည် နည်းပြ ဂူဟစ်ဒင့်လက်မှ ၂၀၁၅ ခုနှစ်တွင် လက်ရွေးစင်အသင်းကို ပြောင်းလဲတာန်ယူခဲ့ပြီးနောက် ယူရို ၂၀၁၆ ပြိုင်ပွဲကိုလည်း ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခြင်း မရှိခဲ့ပေ။ နယ်သာလန်ဘောလုံးအဖွဲ့ချုပ်က ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်ရန် ခက်ခဲသွားသည့်အခြေအနေကြောင့် ဘလိုင်းကို ထုတ်ပယ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။ မတ် ၂၈ ရက်(ယနေ့)တွင် ယှဉ်ပြိုင်မည့် အီတလီအသင်းနှင့် ပွဲစဉ်ကို ဖရက်ဂရင်းက ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။

## မက်ဆီနှင့် စီရိုနယ်လ်ဒိုထက် နေမာ ပိုကောင်း

လက်ရှိအနေအထားအရ နေမာမှာ မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ထက်ပိုမိုကောင်းသည့် ခြေစွမ်းရှိနေပြီး ယခုအခိုက်အတန့်တွင် နေမာသာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်နေသည်ဟု အေစီမီလန်နှင့် အီတလီအသင်းကစားသမားဟောင်း ကော်စတူကူတာက စကိုင်းအီတလီယာသို့ ဖြေကြားခဲ့သည်။ ၎င်းကပင် နေမာမှာ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့ထက် ရုပ်ပိုင်းဆိုင်ရာအရအသာ ရနေသလို အသင်းအပေါ် ပံ့ပိုးပေးနိုင်မှုမှာလည်း ပိုမိုကောင်းမွန်နေသည်ဟု နှိုင်းယှဉ်ပြောကြားခဲ့သည်။

နေမာသည် နိုင်ငံလက်ရွေးစင်အသင်းအတွက် ကောင်းမွန်သည့် စွမ်းဆောင်ရည်တစ်ရပ်ပြသပြီး ဘရာဇီးအသင်းကို အိုလံပစ်ရွှေတံဆိပ်ဆုရယူပေးခဲ့သလို ပီအက်စ်ဂျီအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်တွင်လည်း ပွဲကို အပြောင်းအလဲဖြစ်စေမည့် သွင်းဂိုး နှစ်ဂိုးကို သွင်းယူပေးကာ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ပြီး ဘာစီလိုနာ၏ သူရဲကောင်းသစ် ဖြစ်လာခဲ့သေးသည်။

# မြဝတီမြို့၌ မြန်မာငွေကျပ် တစ်သောင်းတန်အတုများ သိမ်းဆည်းရမိ

**မြဝတီ မတ် ၂၇**

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် (၉၉၉)ဂိတ်ဟောင်း (အမှတ်-၆ ကင်းစခန်း)တွင် တစ်သောင်းတန် မြန်မာငွေစက္ကူအတုများ သိမ်းဆည်းရမိခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၅)ရပ်ကွက် (၉၉၉)ဂိတ်ဟောင်း (အမှတ်-၆ ကင်းစခန်း)တွင် မြန်မာငွေစက္ကူ တစ်သောင်းတန် အတုများကို လူတစ်ဦးက သယ်ဆောင်လာကြောင်း သတင်းအရ အမှတ် (၁၀)မှုခင်းရဲတပ်ဖွဲ့စုမှ ရဲအုပ်သက်ဦး၊ ရဲတပ်ကြပ် မင်းထက်သူ၊ ရဲဒုတပ်ကြပ် ဇော်ဇော်ထွန်း၊ အမှတ်(၅)ရပ်ကွက် ရာအိမ်မှူး ဦးစိုးနိုင်၊ ဆယ်အိမ်မှူး ဦးကျော်ဆန်းဝင်းတို့နှင့်အတူ ပိတ်ဆို့ရှာဖွေစစ်ဆေးရာ မဲဆောက်မြို့ဘက်မှ စက်လှေဖြင့်ကူးလာသူ ဝင်းနိုင်(ခ) စဒစ် ထိုင်းနိုင်ငံတွင် နေထိုင်ခွင့် ၁၀ နှစ်ကတ်ပြုလုပ်၍ နေထိုင်သူကို ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ဆင်းကတ်နှစ်ခုပါ Huawei အမျိုးအစား ရွှေရောင်ဖုန်းတစ်လုံး၊ ခါက်ပိုက်ဆံအိတ် အတွင်းမှ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၉၀၀၊ ကတ်အမှတ် ၀-၇၇၀၃-၈၉၀၁၂-၆၅-၇ နှင့် ဝင်းနိုင် (ခ) စဒစ်ဓာတ်ပုံပါ ထိုင်းနိုင်ငံတွင် ၁၀ နှစ်နေထိုင်ခွင့် အဖြူရောင်ကတ်တစ်ခု၊ ကတ် အမှတ်- ၅၄၀၀၀၉၁၂ နှင့် ဝင်းနိုင်(ခ)စဒစ် ဓာတ်ပုံပါ ထိုင်းယာဉ်မောင်းလိုင်စင် ကတ်တစ်ခုတို့နှင့်အတူ မြန်မာငွေစက္ကူအတု တစ်သောင်း တန် အရွက် ၂၀ ကို ရှာဖွေတွေ့ရှိသဖြင့် (၉၉၉) ဂိတ်ဟောင်း (အမှတ်-၆ ကင်းစခန်းတွင်) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး ဝင်းနိုင်(ခ) စဒစ်ကို စစ်ဆေးမေးမြန်းရာ အဆိုပါငွေစက္ကူအတုများကို ထိုင်းနိုင်ငံ မဲဆောက်မြို့နေ ခင်ဝင်း(စိစစ်ဆဲ)ထံမှ တစ်သောင်းတန်တစ်ရွက်လျှင် ထိုင်းဘတ်ငွေ ၁၀၀ ဖြင့် ဝယ်ယူခဲ့ပြီး မြန်မာဘက်ခြမ်းတွင် သုံးစွဲရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သဖြင့် ငွေစက္ကူအတုများကို လက်ဝယ်ထားရှိ/သုံးစွဲသူ ဝင်းနိုင် (ခ)စဒစ်နှင့် ငွေစက္ကူအတုများ ထုတ်လုပ်ဖြန့်ဖြူးသူ ခင်ဝင်းတို့နှစ်ဦးကို မြဝတီမြို့မရဲစခန်းမှ ခေတ္တနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်စိုးက တရားလိုပြုလုပ် တိုင်တန်းသဖြင့် မြဝတီမြို့မရဲစခန်းက (ပ)၂၇၀/၂၀၁၇၊ ဗဟိုဘဏ် ၁၀၅/ ၁၀၆ အရ အမှုဖွင့်လှစ်ထားရှိကြောင်း သိရသည်။



**တင်ဝင်းလှိုင်(ကော့ကရိတ်)**

ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး
ရက်သတ္တပတ်လှုပ်ရှားမှု
၂၀၁၇ခုနှစ် ဧပြီလ (၁) ရက်နေ့ မှ
(၇)ရက်နေ့ အထိ
SAT

# မော်တင်ဆိပ်ကမ်း ဂိုဒေါင်မီးလောင်

**ရန်ကုန် မတ် ၂၇**

ရန်ကုန်မြို့ မော်တင်(လမ်းသစ်) ဆိပ်ကမ်းအနီးရှိ ဂိုဒေါင်အမှတ်(၅) ဦးတင်မောင်မြင့် (၄၈)နှစ်၏ စားအုန်းဆီဂိုဒေါင်တွင် မတ် ၂၇ ရက် နံနက် ၆ နာရီ ၅၉ မိနစ်က မီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၂ စီး၊ အုပ်ချုပ်မှု ယာဉ်သုံးစီးတို့ဖြင့် သွားရောက် မီးငြိမ်းသတ်ခဲ့ရာ ၇ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားသည်။



ဖြစ်စဉ်မှာ မီတာပုံးအတွင်းရှိ ဝါယာကြိုးအပူလွန်ကဲရာမှ မီးပွားများ ထွက်လာပြီး အောက်ခြေရှိ ဂုန်နီအိတ်နှင့် စွန့်ပစ်ပစ္စည်းများအပေါ် ကျရောက်ရာမှ မီးလောင်ခြင်းဖြစ်သည်။ မီးစတင်မှုကြောင့် ဝါယာကြိုး အနည်းငယ်နှင့် ဘရေကာတစ်ခု မီးလောင်ပျက်စီးသွားသည်။ သက်ဆိုင်ရာမှ ယင်းဖြစ်စဉ်အပေါ် အမှုဖွင့် အရေးယူထားသည်ဟု သိရသည်။

C7 ဟု ရေးသားထားသော ဂိုဒေါင်အပေါက်အတွင်းမှ မီးခိုးဖြူများ ပြင်ပသို့ထွက်လာခြင်း၊ မီးသတ်သမားများ ရေပိုက်များဖြင့် ရေပက်ဖြန်းနေခြင်းများကို မြင်တွေ့ရသည်။ အဆိုပါ အပေါက်ဝအနီးတွင် စွန့်ပစ်ပစ္စည်း စုဆောင်းဝယ်ယူထားသည့် ပီနံအိတ်အကြီး အစုအပုံများ စားအုန်းဆီပီပါ ကုန်တင်ဆောင်ထားသော ယာဉ်အချို့ကိုပါ မြင်တွေ့ရသည်ဟု ယင်းမီးလောင်ရာသို့ သွားရောက်ကြည့်ရှုသူတစ်ဦးက ပြောသည်။

အလားတူ ယနေ့နံနက်ပိုင်းက ကမာရွတ်မြို့နယ် ၉ ရပ်ကွက်တွင် နံနက် ၃ နာရီဝန်းကျင်က မီးလောင်ရာသို့ သွားရောက်မီးငြိမ်းသတ်ပြီး နာရီ အနည်းငယ်တွင် ဆိပ်ကမ်း ဂိုဒေါင် မီးလောင်ရာသို့ ထပ်မံမီးငြိမ်းသတ်ပေး ခဲ့ရသည်ဟု လသာမြို့နယ် မီးသတ်ယာဉ်တွင် ဦးဆောင် မီးငြိမ်းသတ်ခဲ့သူ ဦးအောင်လှက ပြောဆိုသည်။

**မောင်စေအောင်**

# ပဲခူးမြို့ရှောင်လမ်း၌ ၁၂ ဘီးယာဉ် တိမ်းမှောက်

**ပဲခူး မတ် ၂၇**

ပဲခူးမြို့ အမှတ်(၂)နယ်မြေရဲစခန်းအပိုင် မြို့ရှောင်လမ်း မိုင်တိုင်အမှတ်(၄/၁) နှင့်( ၄/၂ )ကြား မဇင်းဆည်လမ်းဆုံအနီးတွင် မတ် ၂၆ ရက် နံနက် ၃ နာရီ မိနစ် ၅၀ ခန့်က ၁၂ ဘီးယာဉ် တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၆ ရက် နံနက် ၃ နာရီ မိနစ် ၅၀ ခန့်က မြို့ရှောင်လမ်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပဲခူးအမှတ်(၃) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲအုပ်စည်သူထွန်း၊ ပဲခူးအမှတ်(၂)နယ်မြေရဲစခန်း တာဝန်မှူး ဒုရဲအုပ် ရဲထွဋ်ထွဋ်အောင်တို့အဖွဲ့နှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ မဇင်းဆည်လမ်းဆုံအနီးတွင် ရန်ကုန်ဘက်မှ ဘုရားကြီးဘက်သို့ (အမည်၊ နေရပ်လိပ်စာစုံစမ်းဆဲ)မောင်းနှင်လာသော ပြာဖြူ Nissan 66/-- တာယာများ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ်မှာ တစ်ဖက်ယာဉ်ကြောလမ်း၏ဝဲဘက်သို့ ထိုးကျတိမ်းမှောက်နေသည်ကိုတွေ့ရှိရပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်းနှင့် ယာဉ်၏ နောက်ပိတ်ကိုယ်ထည် ပိန်ချိုင့်၊ အမိုးကိုင်းများ ပြုတ်ထွက်ပျက်စီးခဲ့ကြောင်း သိရသည်။ ယာဉ်ကိုမဆင်မခြင် မောင်းနှင်သူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ရဲအုပ်စည်သူထွန်းက တရားလို ပြုလုပ်တိုင်တန်းသဖြင့် ပဲခူးအမှတ်(၂)နယ်မြေရဲစခန်းက ယာဉ်(ပ) ၁၄/၂၀၁၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၇၉/၂၀၂ အရ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ကြီး(ပဲခူး)**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ ၄-လွှာ(အမှတ်-၁၀၅)နေ ဦးသိန်းနိုင်[၁၂/လသန(နိုင်)၀၁၇၅၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်အမှတ်-၁၅၄၁/၂၀၁၀ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ပလတ်စတစ်အိတ်(အကြီး၊ အလတ်၊ အသေး)၊ (အထူ/အပါး) အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချခဲ့ပြီး အဆိုပါ ကုန်ပစ္စည်းတို့ကို ထည့်သွင်းအသုံးပြုသော စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း ထုတ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ ၎င်းကုန်ပစ္စည်းပေါ်တွင်လည်းကောင်း၊ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍ ကပ်နှိပ်၍ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

FLYING HORSE

အဆိုပါကုန်တံဆိပ်အမှတ်အသားဖြင့် ပလတ်စတစ်အိတ်(အကြီး၊ အလတ်၊ အသေး)(အထူ၊အပါး) အမျိုးမျိုးတို့ကို ပုံတူပုံမှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲ၍ ဖြန့်ဖြူးရောင်းချနေကြောင်း စုံစမ်းသိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဦးသိန်းနိုင်အမည်ဖြင့် မှတ်ပုံတင်ထားသည့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲနေသော လုပ်ငန်းရှင်များ၊ ဆိုင်ရှင်များကို ကျွန်ုပ်မိတ်ဆွေ ဦးသိန်းနိုင်၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိသဲခိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၄၃၇)**
**တိုက်-၂၄၊ အခန်း(၁၀၅)၊ (ပ)ထပ်၊ အောင်ဇေယျအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၈၆၆၅၇၀၄၅၊ ၀၉-၄၂၀၂၅၇၇၅၄**

**ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်**
**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး**
**ရွှေဇဝါယွန်းပန်းချီ ဒုတိယပိုင်း၊ ရေအလှူတော်၊ လမ်းအလှူတော်များအောင်ပွဲ**
**ရေစက်ချမင်္ဂလာအခမ်းအနားဖိတ်ကြားခြင်း**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရွှေဇဝါယွန်းပန်းချီ ဒုတိယပိုင်း ကပ်လှူပူဇော်အောင်ပွဲ ဂါလန် ၂၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန် ဂါလန် ၈၀၀၀ဆံ့ ရေစင်တို့၏ ထာဝရရေကုသိုလ်အလှူတော်နှင့် ဧရိယာ ၇၄၂၅၉ စတုရန်းပေ နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းအလှူတော်တို့၏ အောင်ပွဲရေစက်ချမင်္ဂလာအခမ်းအနားအား ၈-၄-၂၀၁၇ရက် (စနေနေ့) နံနက်၉နာရီတွင် စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေး/ရပ်နီးမှ လှူဒါန်းထားကြပါသော အလှူရှင်များအနေဖြင့် ရေစက်ချမင်္ဂလာတရားတော်နာ ကြွရောက်ကြပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ- ၀၁-၆၆၀၀၀၂၊ ၀၁-၆၆၂၈၈၂၊ ၀၁-၆၆၅၄၂၅၊ ၀၉-၂၅၀၆၇၇၂၈၉၊ ၀၉-၄၂၀၀၀၅၆၉၀

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်**
**ဂေါပကအဖွဲ့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ပိတောက်ရွှေဝါလမ်း၊ (၇၉)ရပ်ကွက်၊ အမှတ်-၁၂၀၅ဟု ခေါ်တွင်သော မြေကွက်အကျယ် ပေ(၆၀×၄၀)အား ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဦးမျိုးစံ[၁၀/မလန(နိုင်)၀၀၁၄၅၆]ထံမှ ကျွန်တော် ဦးညွန့်ဆွေ [၁၂/ဒပန(နိုင်) ၀၁၁၃၈၀] အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးညွန့်ဆွေ**
**ဖုန်း-၀၁-၅၅၉၈၁၃၊ ၀၉-၅၁၉၉၂၅၄**
**အမှတ်(၁)၊ အောင်သပြေလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့**

**တိုက်ခန်း(ရောင်းမည်)**
ပထမထပ် - သိန်း(၅၀၀)
၁၃ပေခွဲ၊ ၅၅ပေ
ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း
**ဖုန်း-၀၉-၇၇၉၂၅၃၈၁**

**(၅)ထပ်တိုက်ခန်း ငှားမည်**
တိုက်နံပါတ်-၁၆၊ အခန်း-၃၊ နှင်းဆီလမ်း(ယုဇနလမ်းနှင့်အောင်မင်္ဂလာလမ်းကြား) **ဖုန်း-၀၉-၇၇၉၂၅၃၈၁**

**လူပျောက်ကြော်ငြာ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၄)လမ်း၊ အမှတ်(၁၉၅)နေ ဦးအောင်မျိုးသိန်း၏ သမီးဖြစ်သူ မခင်ခင်မိုး[၁၂/တမန(နိုင်) ၁၂၀၉၅၄]သည် ၂၅-၃-၂၀၁၇ရက် ၇နာရီတွင် နေအိမ်မှ ထွက်သွားရာ ပြန်လည်ရောက်ရှိခြင်း မရှိသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးရန် လက်ခံထားသူကို တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း။

**ဆက်သွယ်ရန်-**
**ဦးအောင်မျိုးသိန်း**
**ဖုန်းနံပါတ်-၀၉-၅၀၅၀၀၅၂၊ ၀၉-၃၂၅၆၇၃၇၄**

**ရွှေထိပ်တန်း မဟာသင်္ကြန်ခရီးစဉ်များ**
✦ ရွှေစက်တော်၊ စက္ကီန်းဘဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန်
✦ ရွှေစက်တော်၊ ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သံဟိုဋ်ရှင်
✦ အလောင်းတော်ကဿပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
✦ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်းကမ်းခြေ၊ ကျိုက္ကမီ၊ စက်စဲ
✦ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ လွိုင်ကော်
✦ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ၊ ဘွားလဘိုဆံတော်ရှင်
✦ ကျိုက်ထီးရိုး(နေ့စဉ်)+ချောင်းသာ(နေ့စဉ်)+ငွေဆောင်(နေ့စဉ်)
01-701015, 09-5403844, 09-5044830 ကားမျိုးစုံခိုးလုံးငှားဓိစဉ်ပေးသည်

ကိုကျော်နိုင်
CAR RENTAL
မြို့တွင်း၊မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE ကားများဖြင့် ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510
09 515 8803

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)**
**၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**

**ရငွေများနှင့်သုံးငွေများ**

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန် ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။
(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။
(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြား နည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည် ထင်မြင်သည့်အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့်ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်း စီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူ ဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့် ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များ အားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။
(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ အခန်း (၁၀) နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော် ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄)နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုမှုများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းမှ ရရှိပါက ပုဒ်မ ၂၇ ပါပြဋ္ဌာန်း ချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း ငါးဆယ့်နှစ်သိန်းထက် မပိုစေရ။

**အခန်း(၃)**

**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်း အတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-
(က) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရ အဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ခ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီး နောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်း၊ ငွေစာရင်း ခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။
(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။
(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲ ရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အပိုင်း ၃**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

**အခန်း(၁)**

**ရငွေများနှင့်သုံးငွေများ**

၁၉။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက် ကြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ လက်ကျန်အခြေအနေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ သာမန်အသုံးစရိတ်အားလုံးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးတို့ကို လုပ်ငန်းသုံး ရင်းနှီးငွေအဖြစ် မိမိတို့၏ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း၊ သာမန် အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ်/လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၏ ၅၀ ရာခိုင်နှုန်း၊ ကုန် ထုတ်လုပ်မှုစရိတ်/လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှသတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။ **စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲရမည့်အသုံးစရိတ်များမှအပ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန် အသုံးစရိတ်၊ ကျန်သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေ စာရင်းတွင် ဖော်ပြရမည်။

၂၁။ (က) ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

## အခန်း(၂)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၂၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရအောက်ပါတို့ကို စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်-

(၁) ဤဥပဒေ၏ ဇယား (၇) တွင် ဖော်ပြထားသောရငွေများ တိုးခြင်း၊ လျှော့ခြင်း၊

(၂) ဤဥပဒေ၏ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးငွေတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် မူလခွင့်ပြုငွေအတွင်း အတိုင်းအတာပြောင်းလဲဆောက်လုပ်ခြင်းနှင့် စက်ပစ္စည်းများ ဝယ်ယူရေး အတွက် မူလခွင့်ပြုငွေအတွင်း အမျိုးအစား၊ အရေအတွက်နှင့် ဈေးနှုန်းများ ပြောင်းလဲခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေခြင်း၊

(၃) ဤဥပဒေ၏ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ ငွေလုံး ငွေရင်းသုံးငွေတွင်အထက်ပုဒ်မခွဲငယ်(၂)ပါ ပြောင်းလဲသုံးစွဲခြင်းမှအပ လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်း စီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်း၊

(၄) ဤဥပဒေ၏ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ ကြွေးမြီသုံး ငွေတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၅) ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူထည့်သွင်း ဖော်ပြခြင်း။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့်ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သည်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်း လုပ်ကိုင်ရန် လိုအပ်သည့်လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ မြန်မာနိုင်ငံတော် ငွေရေး ကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) ပါနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (စ) ပါလုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း(၃)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၂၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့်ငွေလုံးငွေ ရင်းသုံးငွေတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် မူလခွင့်ပြုငွေအတွင်း အတိုင်းအတာ ပြောင်းလဲဆောက်လုပ်ခြင်း၊ စက်ပစ္စည်းများဝယ်ယူရေးအတွက် မူလခွင့်ပြုငွေအတွင်း အမျိုးအစား၊ အရေအတွက်နှင့် ဈေးနှုန်းများပြောင်းလဲခြင်းတို့မှလွဲ၍ ငွေလုံးငွေရင်း သုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်း တစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ကြွေးမြီသုံးငွေတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲနိုင်သည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အစိုးရဌာန အဖွဲ့အစည်းတစ်ခုခုမှ အခြားဌာနအဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲနိုင်သည်။

(ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(စ) အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

## အခန်း(၄)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့်မိမိတို့၏ ငွေကြေး အင်အားအပေါ် မိမိတို့ ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင်ဖော်ပြရမည်။

၂၅။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲ ရာတွင်လည်းကောင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့် ငွေကိုသတ်မှတ်ပေးရမည်။

၂၆။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) စာတိုင် (၄) တွင် ဖော်ပြထားသော အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၉။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြ ထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များအား လုပ်ငန်း လုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၃၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

ဆက်လက်ဖော်ပြပါမည်။

# ပြည်သူ့ဥယျာဉ်ဝင်းအတွင်း ပထမဦးဆုံးစားသောက်တန်းနှင့် ညဈေးတန်းဖွင့်လှစ်

**ရန်ကုန် မတ် ၂၇**
ဒဂုံမြို့နယ် ပြည်သူ့ဥယျာဉ်ဝင်းအတွင်းလာရောက်လည်ပတ်အပန်းဖြေ အနားယူကြသောပြည်သူများအဆင်ပြေစေရန်အတွက် ပေါက်ကံစားသောက်တန်းနှင့်ညဈေးတန်း ( Myanmar Paukkan Food & Night Bazaar) ကို ပထမဦးဆုံးအနေဖြင့် ဓမ္မစေတီဂိတ်ဝင်ပေါက် လေယာဉ်ပျံကွင်းအနီး၌ မတ် ၂၆ ရက် ညနေ ၃ နာရီက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ လာရောက်အပန်းဖြေ အနားယူစားသောက်ကြသောပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ပေါက်ကံစားသောက်တန်းနှင့်ညဈေးတန်း ဆိုင်ခန်းများအား ပြည်သူ့ဥယျာဉ်အတွင်း ပထမဦးဆုံးစားသောက်တန်းနှင့် ညဈေးတန်း အနေဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး စားသောက်တန်းဆိုင်ကြီး ၁၆ ဆိုင်၊ လမ်းဘေးဆိုင်(Street Food) ၁၃ ဆိုင်နှင့် လူသုံးကုန်ဖန်စီပစ္စည်းအရောင်းဆိုင်လည်း ငါးဆိုင်ပါဝင်ကာ လူမျိုးဘာသာမရွေး ဝင်ရောက်စားသောက်နိုင်ကြကြောင်းသိရသည်။

Myanmar Paukkan ကုမ္ပဏီလီမိတက်မှမန်နေဂျင်းဒါရိုက်တာ ဒေါ်စုလှိုင်နှင်းက" ညနေပိုင်းဆိုမိသားစုများအနေနဲ့ ပျော်ပျော်ပါးပါးစားသောက် အပန်းဖြေအနားယူနိုင်ကြမှာဖြစ်လို့ထိုင်းနိုင်ငံမှာဖွင့်ထားတဲ့ညဈေးတန်းလိုမျိုး ဒီလိုညဈေးတန်းကိုလုပ်ဖြစ်သွားတာပါ။ ရင်ပြင်ထဲမှာသွားကစားကြပြီး ဒီလိုသစ်ပင်လေးတွေရှိတဲ့နေရာမှာလာရောက်အနားယူနိုင်ကြသလို ဘယ်အစားအသောက်ပဲဖြစ်ဖြစ်တစ်ခုခုစားသောက်ချင်ရင် ဒီမှာအကုန်ရှိအောင်စီစဉ်ထားပါတယ်။ အစားအသောက်စုံလင်၊ နေရာကျယ်ဝန်းပြီး လေယာဉ်ပျံနှစ်စင်းကိုလည်း ခေတ်မီအောင်လုပ်ထားတယ်ဆိုတော့ လူငယ်များအနေနဲ့လည်းအမှတ်တရ Selfie ဓာတ်ပုံရိုက်နိုင်ကြမှာဖြစ်တဲ့အတွက် စိတ်ချမ်းသာမှု ရှိစေမှာပါ။ ဒါကြောင့်လာရောက်အပန်းဖြေစားသောက်ကြမယ့် ပြည်သူများပြားမယ်လို့ မျှော်မှန်းထားပြီးနောက်ထပ် ဒီလိုစားသောက်တန်းနှင့်ညဈေးတန်း ပူးတွဲပါဝင်တဲ့ဆိုင်ခန်းများကိုရန်ကုန်မြို့မှာ ထပ်မံဖွင့်လှစ်သွားဖို့စီစဉ်ထားပါတယ်"ဟုဆိုသည်။

အဆိုပါ ပေါက်ကံစားသောက်တန်းနှင့် ညဈေးတန်း၌ ကူပွန်စာရွက်ဖြင့် ဝယ်ယူစားသောက်နိုင်ပြီး ဝယ်ယူသည့် ကူပွန်စာရွက်မှာ ငွေကျပ်၁၀၀ မှငွေကျပ် ၅၀၀၀ အထိသတ်မှတ်ထားရှိကြောင်း၊ ကူပွန်စာရွက်နှင့်ဝယ်ယူစားသောက်သည့် အပိုပြန်အမ်းငွေအား ငွေသားဖြင့် ချက်ချင်းပြန်လည်လဲလှယ်ရယူနိုင်ပြီး သင်္ကြန်ကာလအပါအဝင်နံနက် ၈ နာရီမှည ၁၁ နာရီအထိပိတ်ရက်မရှိဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်းနှင့် လာမည့် ခြောက်လတာကာလအတွင်း ကွန်ပျူတာ System ဖြင့် ပြုလုပ်ထားသော ဆော့ဖ်ဝဲအသုံးပြုငွေဖြည့်ကတ်များဖြင့် အများပြည်သူဝယ်ယူစားသောက်နိုင်ရန်စီစဉ်မည်ဖြစ်ကြောင်း Myanmar Paukkan ကုမ္ပဏီလီမိတက်မှထပ်မံသိရသည်။

**စိုးဝင်း(MLA)**



# ကျောက်ပန်းတောင်းတွင် စည်းကမ်းမဲ့မော်တော်ဆိုင်ကယ် စီးနင်းမှုများအား အရေးယူဆောင်ရွက်

**ကျောက်ပန်းတောင်း မတ် ၂၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် ခရီးသွားပြည်သူများ ယာဉ်ထိခိုက်မှုအန္တရာယ်လျော့နည်းပပျောက်စေရေးအတွက် စစ်ဆေးဖမ်းဆီးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက် နံနက် ၉ နာရီက ဘူတာလမ်းဆုံတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောခြင်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်သျှန်အောင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းစည်းရုံးဟောပြောခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသော်လည်း ပြည်သူများစည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ဖမ်းဆီးစစ်ဆေးအရေးယူခြင်းများကို ယနေ့အထိ ဆောင်ရွက်လျက်ရှိနေရကြောင်း သိရသည်။

မော်တော်ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ရန်၊ တစ်လမ်းမောင်းစနစ်တွင် လမ်းပြောင်းပြန်မစီးရန်နှင့် ဆိုင်ကယ်တစ်စီးလျှင် နှစ်ဦးထက်ပိုမိုတင်ဆောင်စီးနင်းခြင်းမပြုရန်တို့ကို အဓိကထားစစ်ဆေးမှုများပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# သင်္ကြန်ကာလအတွင်း မူးခင်း လျော့နည်းကျဆင်းရေးအတွက် ဆေးဆိုင်များတွင် လိုင်စိတ်ကြွဆေးနှင့် မူးယစ်ဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိစစ်ဆေး

**နေပြည်တော် မတ် ၂၇**
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာရပ်ကွက်နှင့် မြို့မဈေးအတွင်းရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် လိင်စိတ်ကြွဆေးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးဝါးများ ရောင်းချခြင်းရှိ မရှိကို မတ် ၂၄ ရက် ညနေက တာဝန်ရှိသူများ လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးရေးအဖွဲ့တွင် ပျဉ်းမနားမြို့နယ် မြို့မစခန်းမှူး ဒုတိယရဲမှူး တင်ဌေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဒေါ်နှင်းဝတ်မှုံခေါင်းဆောင်သည့် ကျန်းမာရေးဝန်ထမ်းများနှင့် မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်စစ်ဆေးပေးသည်။

ယင်းသို့စစ်ဆေးမှုနှင့်ပတ်သက်၍ သင်္ကြန်ကာလအတွင်းမှာ လူငယ်များ ကာမစိတ်ကြွဆေးပြားများနှင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများသုံးစွဲပြီး မှုခင်းများဖြစ်ပွားနိုင်သည့်အပြင် မလိုလားအပ်သည့်ပြဿနာမဖြစ်ပွားရအောင် သင်္ကြန်ရက်မတိုင်ခင်မှာ ကြိုတင်ကာကွယ်သည့်အနေနှင့် ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များကို ဥပဒေအရတားမြစ်ထားတဲ့ ဆေးဝါးများရောင်းချခြင်းရှိ၊ မရှိနှင့် ရောင်းချခြင်းမပြုလုပ်ကြရန် ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းဖြစ်ကြောင်း ပျဉ်းမနားမြို့နယ် နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်သက်နိုင်ဦးက ပြောသည်။

ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ လုပ်ငန်းအရာရှိဆေးဝါး ဒေါ်နှင်းဝတ်မှုံက "ကျန်းမာရေးဦးစီးဌာနအနေနဲ့တော့ စိတ်ကြွရူးသွပ်ဆေးများ၊ မူးယစ်ဆေးပြားများ၊ စိတ်ငြိမ်ဆေးများ၊ ထိန်းချုပ်ဆေးများ၊ တရားမဝင်တင်သွင်းလာသည့် အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ကာမဆန္ဒနိုးဆွစေသည့် ဆေးဝါးများနှင့် ရက်လွန်ဆေးဝါးများ၊ မှတ်ပုံတင်မရှိဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။ **စိုးမိုး(ပြန်/ဆက်)**

# မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ လူနေအိမ်များပျက်စီး



**ဗန်းမောက် မတ် ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ကံရွာကျေးရွာအုပ်စု အလယ်ရွာကျေးရွာ၌ မတ် ၂၅ ရက် ညနေ ၄ နာရီ ၂၅ မိနစ်ခန့်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အမိုးမျာ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ဗန်းမောက်မြို့နယ် ကံရွာကျေးရွာအုပ်စု အလယ်ရွာကျေးရွာနေ ဦးကျော်သိန်း၊ ဦးလှပြည့်၊ ဒေါ်ခင်ဝင်းတို့၏ နေအိမ်အမိုးမျာ ပျက်စီးခဲ့ပြီး ဒေါ်မယ်ဆန်း၏ ခိုင်းနွားတစ်ကောင် သစ်ပင်ပိသေဆုံးခဲ့ကြောင်း သိရသည်။

ယင်းနောက် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ သစ်ပင်ကြီးများ ကျိုးကျပျက်စီးမှုများကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

# ဘတ်ဂျက်ပွင့်လင်းမြင်သာမှု အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး မတ် ၂၇**
ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုထိရောက်ကောင်းမွန်စေရန်၊ ပြည်သူများအတွက် လိုအပ်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်လျက် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်တို့က ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားများအသုံးပြု၍ ဆယ်ယူရှင်းလင်း

**မန္တလေး မတ် ၂၇**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှဝန်ထမ်းများ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှဝန်ထမ်းအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် မြို့တော်အတွင်းသန့်ရှင်းရေးလုပ်ငန်း၊ ရေစီးဆင်းမှုကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို အချိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေနုတ်မြောင်းကြီးများဆယ်ယူရာတွင် မတ် ၂၄ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေး မြောင်းဆယ်ယူခြင်း၊ ရွှေတချောင်းမြောင်းအတွင်း ဒိုက်ဆယ်ယူရှင်းလင်းခြင်းနှင့် တံတားဖြူရေထိန်းတံတား နုန်းဆယ်ယူခြင်း၊ တောင်သမန်အင်းအနောက်ထိပ်တွင် နုန်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့သည်။

"မြို့တော်အတွင်း ဖြတ်သန်းစီးဆင်းတဲ့ ငွေတချောင်းမြောင်း၊ ရွှေတချောင်းမြောင်းအပါအဝင် ရေနုတ်မြောင်းမကြီးတွေ ရေစီးရေလာကောင်းဖို့အတွက် စက်ယန္တရားကြီးတွေနဲ့ အပိုင်းလိုက်ဆယ်ယူရှင်းလင်းလျက်ရှိပါတယ်။ ဒ့ါအပြင် သန့်ရှင်းရေးဌာနအနေနဲ့ မြို့နယ် ရပ်ကွက်အလိုက် သန့်ရှင်းရေးအပါအဝင် ရေနုတ်မြောင်းဆယ်တဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေအနေနဲ့ ရေနုတ်မြောင်းတွေထဲသို့ ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေတဲ့ အမှိုက်များမစွန့်ပစ်ကြဖို့လိုအပ်ပါတယ်။ အမှိုက်စွန့်ပစ်ရာမှာလည်း သတ်မှတ်ချိန်၊ သတ်မှတ်နေရာတွင် စည်းကမ်းနဲ့အညီ စွန့်ပစ်ဖို့လိုအပ်ပါတယ်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ပြည်သူများ ပူးပေါင်းပါဝင်တဲ့ သန့်ရှင်းရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှ ဌာနမှူးဦးလှမျိုးက ပြောကြားသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**


# အန်ဂျလီနာဂျိုလီရဲ့ အေဂျင်စီနဲ့ စာချုပ်ချုပ်ဆိုလိုက်တဲ့ လီဗြောင်ဟွန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသားတစ်ဦးဖြစ်ပြီး ဟောလိဝုဒ်ရုပ်ရှင်လောကအထိပါ ခြေဆန့်နိုင်ခဲ့တဲ့ မင်းသား လီဗြောင်ဟွန်းဟာ လတ်တလောမှာတော့ ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီး အန်ဂျလီနာဂျိုလီရဲ့ အေဂျင်စီနဲ့ အနုပညာလုပ်ငန်းတွေကိုရှေ့ဆက်ဖို့ စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကမ္ဘာ့အကောင်းဆုံးဖျော်ဖြေရေး အေဂျင်စီတွေအနက် တစ်ခုအပါအဝင်ဖြစ်တဲ့ ယူနိုက်တက်တဲလန့်ထ်နဲ့ စာချုပ်ချုပ်ဆိုကာ ဟောလိဝုဒ်နဲ့ တောင်ကိုရီးယားနိုင်ငံပြင်ပမှာပါ အနုပညာလှုပ်ရှားမှုတွေကို ဆောင်ရွက်သွားဖို့အတွက် စီစဉ်ထားကြောင်း လီဗြောင်ဟွန်းရဲ့ တောင်ကိုရီးယား အေဂျင်စီဖြစ်တဲ့ ဘီအိတ်ရှ်အန်တာတိန်းမန့်က တရားဝင် ထုတ်ဖော်ပြောကြားလာခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

ယူနိုက်တက်တဲလန့်ထ်အေဂျင်စီဟာ နာမည်ကျော် အနုပညာရှင်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့တဲ့ ဖျော်ဖြေရေးအေဂျင်စီတစ်ခုလည်း ဖြစ်ပါတယ်။ ယင်း အေဂျင်စီအောက်မှာ လှုပ်ရှားနေကြတဲ့ နာမည်ကျော်တွေကတော့ မာရစ်ကာရေး၊ အန်ဂျလီနာဂျိုလီ၊ ချိန်နင်းတက်တမ်နဲ့ ဘန်နီဒစ်ကမ်ဘာဘက်ချ်တို့ပဲ ဖြစ်ကြပါတယ်။ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဟာဂျီဝန်ဟာလည်း အဆိုပါအေဂျင်စီနဲ့ စာချုပ်ချုပ်ဆိုကာ လှုပ်ရှားခဲ့ဖူးသူဖြစ်ပြီး ဟာဂျီဝန်ကတော့ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် ဧပြီလတုန်းက စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

လီဗြောင်ဟွန်းဟာ တောင်ကိုရီးယားရဲ့ အကောင်းဆုံး သရုပ်ဆောင်တစ်ဦးအဖြစ် သတ်မှတ်ထားခြင်းခံထားရသူဖြစ်ပြီး သူခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင်တွေအနက် "Iris"၊ "Masquerade"နဲ့ "Inside Men"ရုပ်ရှင်တွေဟာ အထူးကျော်ကြားပါတယ်။ ဒ့ါအပြင် သူပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်တွေဖြစ်ကြတဲ့ "G.I Joe"၊ "Red 2" နဲ့ "The Magnificent"တို့အတွက် နိုင်ငံတကာမှာလည်း ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦးအဖြစ် လက်ခံထားကြပါတယ်။ ဒ့ါအပြင် လီဗြောင်ဟွန်းဟာ ဟောလိဝုဒ်ရဲ့ အကယ်ဒမီဆုပေးပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးကို တက်ရောက်ခွင့်ရခဲ့တဲ့ ပထမဆုံးသော တောင်ကိုရီးယား သရုပ်ဆောင်မင်းသားတစ်ဦးလည်း ဖြစ်ပါတယ်။










# ဖခင်တစ်ဦးဖြစ်လာတဲ့ လီယမ်ပိန်း

ဗြိတိန်ရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ "One Direction"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီယမ်ပိန်းဟာ သူ့ရဲ့ ပထမဆုံးသားဦးလေးကို လတ်တလောမှာတော့ တွေ့မြင်ခွင့်ရခဲ့ပြီဖြစ်ကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လီယမ်ပိန်းဟာ အတူနေချစ်သူ အဆိုတော်၊ သရုပ်ဆောင်နဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ချယ်ရီကိုးလ်နဲ့ ပြီးခဲ့တဲ့နှစ်အတွင်း ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြပြီးနောက် ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့မှာ သူတို့နှစ်ဦးရဲ့ရင်သွေးလေးဖြစ်တဲ့ သားလေးတစ်ယောက်ကို ချယ်ရီကအောင်မြင်စွာမွေးဖွား ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ လီယမ်က မတ် ၂၅ ရက်မှာတော့ သူနဲ့သားလေးအတူရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ သူဖော်ပြခဲ့တဲ့ ဓာတ်ပုံနဲ့အတူ လီယမ်က "ကျွန်တော့်ဘဝမှာ ပြောစရာစကားမရှိလောက်အောင်ဖြစ်ခဲ့ရတဲ့အချိန်တွေဟာ အနည်းငယ်သာရှိခဲ့တယ်ဆိုတာ ကျွန်တော့်ရဲ့ မိသားစုတွေနဲ့ သူငယ်ချင်းတွေ သိပါတယ်။ လတ်တလောမှာ မွေးဖွားခဲ့တဲ့သားလေး လူ့လောကထဲကို ရောက်ရှိလာခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာ မိပါတယ်။ အဲဒီအချိန်လေးကတော့ ကျွန်တော့်ရဲ့ ကျန်ရှိနေတဲ့ဘဝတစ်လျှောက်လုံးမှာ မမေ့နိုင်တော့တဲ့အဖြစ်အပျက်ဖြစ်ပြီး လတ်တလောအချိန်အထိ ကျွန်တော်တွေ့ကြုံခဲ့ရသမျှထဲမှာ အနှစ်သက်ရဆုံးသော အခိုက်အတန့်လေးလည်း ဖြစ်ပါတယ်"လို့လည်း ရေးသားဖော်ပြခဲ့ပါတယ်။

ချယ်ရီကလည်း သားလေးမွေးဖွားခဲ့တာနဲ့ ပတ်သက်ပြီး သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ အမှတ်တရ ရေးသား ဖော်ပြခဲ့ကာ ဗြိတိန်ရဲ့ အမျိုးသမီးများနေ့မတိုင်မီ တစ်ရက် စောရောက်ရှိလာခဲ့တဲ့သားလေးကြောင့် ယခုနှစ်မှာ ကျရောက်တဲ့ မိခင်များနေ့အပေါ် သူ့ရဲ့ခံစားချက်တွေဟာလည်း ပြောင်းလဲသွားခဲ့တယ်လို့ ရေးသားဖော်ပြခဲ့ပါတယ်။ ဂီတကြယ်ပွင့်နှစ်ဦးရဲ့ ရင်သွေးလေးဟာ မွေးဖွားခဲ့စဉ်က ကိုယ်အလေးချိန် ကိုးပေါင်ရှိခဲ့ပြီး လတ်တလောအချိန်အထိ သားလေးအတွက် နာမည်ကိုတော့ ရွေးချယ်ခဲ့ပြီးခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

လတ်တလောမှာ အသက်(၂၃)နှစ်ရှိပြီဖြစ်တဲ့ လီယမ်နဲ့ (၃၃)နှစ်အရွယ် ချယ်ရီတို့ဟာ ချစ်သူတွေဖြစ်ခဲ့ကြစဉ်နဲ့ အထူးသဖြင့် သားလေးကို လွယ်ထားခဲ့ရတဲ့ အချိန်ကာလတွေအတွင်း မီဒီယာတွေရဲ့ မျက်လုံးအောက်ကနေရှောင်ရှားနေခဲ့ကြကာ သားလေးမွေးဖွားချိန်မှသာ လူမှုကွန်ရက် မီဒီယာပေါ်ကနေတစ်ဆင့် တရားဝင်ထုတ်ဖော်ပြခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# အားလုံးဟာ အချစ်ဟောင်းအကြောင်းတွေပါ

တေးရေးတစ်ဦးအဖြစ်သာမက တေးသံရှင်တစ်ဦးအဖြစ်အောင်မြင်မှုတွေ ရရှိလာခဲ့တဲ့ ဂျွန်မေရာက သူ့ရဲ့နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်နေတဲ့ တေးသီချင်းတစ်ပုဒ်ဟာ သူ့ရဲ့အချစ်ဟောင်းတွေထဲက တစ်ဦးဖြစ်တဲ့ ကတ်တီပါရီရဲ့ အကြောင်းကို ခံစားရေးဖွဲ့ထားတာဖြစ်တယ်လို့ မကြာသေးမီက ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၃၉)နှစ်ရှိပြီဖြစ်တဲ့ ဂျွန်မေရာဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ် "The Search for Everything "အတွက် တေးသီချင်းတွေကို ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ကတည်းကစတင်ပြီး ရေးသားစပ်ဆိုခဲ့တာဖြစ်ကြောင်းနဲ့ ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Still Feel Like Your Man"မှာ ပါဝင်တဲ့အကြောင်းအရာ အားလုံးဟာတော့ သူနဲ့ တစ်နှစ်ကျော်ကြာ ချစ်သူတွေအဖြစ်လက်တွဲခဲ့တဲ့ ချစ်သူဟောင်း ပေါ့ပ်အဆိုတော် ကတ်တီပါရီရဲ့အကြောင်းကို ရေးစပ်ထားခဲ့တာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ကတ်တီပါရီနဲ့ ဂျွန်မေရာတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း လမ်းခွဲလိုက်၊ လက်တွဲလိုက်နဲ့ အချစ်ခရီးကို လျှောက်နေခဲ့ကြတာဖြစ်ပါတယ်။ အဲဒီနောက် ၂၀၁၃ ခုနှစ်အတွင်းမှာပဲ လမ်းခွဲခဲ့ကြတာဖြစ်ပြီး နောက်နှစ်မှာရေးသားခဲ့တဲ့ တေးသီချင်းမှာတော့ ချစ်သူဟောင်းနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေက သူ့ကိုလွှမ်းမိုးထားခဲ့တာဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဂျွန်မေရာနဲ့ လက်တွဲခဲ့ကြတဲ့ ချစ်သူဟောင်းတွေထဲမှာ နာမည်ကျော် အနုပညာရှင်တွေဖြစ်ကြတဲ့ ဂျနီဖာအန်နစ်စတန်၊ ဂျနီဖာလက်ဗ်ဟီဝတ်နဲ့ တေလာဆွစ်တို့လည်း ပါဝင်နေပါတယ်။ ဒီလိုအချစ်ဇာတ်လမ်းများစွာနဲ့ တွေ့ကြုံခဲ့ရတဲ့ ဂျွန်မေရာက သူ့အနေနဲ့ အသည်းကွဲသံစဉ်တွေမဟုတ်ဘဲ ခြားနားတဲ့သံစဉ်တွေကို သူ့ရဲ့တေးအယ်လ်ဘမ်မှာ ထည့်သွင်းဖန်တီးလိုခဲ့ကြောင်းနဲ့ တေးဂီတတွေကို ဖန်တီးတဲ့နေရာမှာ လူငယ်တစ်ယောက်ဖြစ်တာနဲ့အညီ လူငယ်တွေရဲ့ရင်ထဲကို ထိမှန်စေနိုင်မယ့် စွဲဆောင်မှုရှိတဲ့ တေးသီချင်းတွေကို ဖန်တီးလိုကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။



# ကတ်တီပါရီ၏ တေးသီချင်းသစ် စမ်းသပ်ထုတ်လွှင့်

နာမည်ကျော်ပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ကတ်တီပါရီဟာ လတ်တလောမှာတော့ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်ကို အွန်လိုင်းမီဒီယာကနေတစ်ဆင့် စတင်ထုတ်လွှင့်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Chained to the Rhythm" ကို ထုတ်လွှင့်ခဲ့တဲ့ ကတ်တီပါရီဟာ ပြီးခဲ့တဲ့ မတ် ၂၄ ရက်မှာတော့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Witness"ကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေဆီကို ထပ်မံပို့ပေးခဲ့ပါတယ်။ တေးသီချင်းအပြည့်အစုံကို ထုတ်လွှင့်ခဲ့ခြင်းမဟုတ်ဘဲ တစ်စိတ်တစ်ပိုင်းကိုသာ ဗီဒီယိုဖိုင်အနေနဲ့ အစမ်းထုတ်လွှင့်ခဲ့ခြင်းဖြစ်ပြီး ဗီဒီယိုမှာ ကယ်လီဖိုးနီးယားပြည်နယ်အတွင်းကလမ်းမထက် မောင်းနှင်နေတဲ့ ကားတစ်စီးပေါ်မှာကနေတဲ့ ကတ်တီပါရီကို တွေ့မြင်ခဲ့ရတယ်လို့လည်း သိရပါတယ်။

မကြာသေးမီက မြို့တော် FM နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ ကတ်တီပါရီက သူ့ရဲ့တေးအယ်လ်ဘမ်သစ်တစ်ခုကို ထွက်ရှိဖို့အတွက် စီစဉ်ထားပြီး တေးအယ်လ်ဘမ်သစ်မထွက်ရှိမီ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ချင်းစီကို ဦးစွာထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်း ဖွင့်ဟလာခဲ့တယ်လို့လည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

# ဖျော်ဖြေပွဲမှာ တေးသီချင်းစာသားတွေကို မေ့သွားခဲ့တဲ့ အက်ဒ်ရှီရန်



တေးရေး၊ တေးဆိုအက်ဒ်ရှီရန်ဟာ မကြာသေးမီကပြုလုပ်ခဲ့တဲ့ သူ့ရဲ့ဖျော်ဖြေပွဲတစ်ခုအတွင်းမှာတော့ သူကိုယ်တိုင်ရေးသားထားတဲ့တေးသီချင်းတစ်ပုဒ်ကို သီဆိုနေစဉ် ရုတ်တရက်သီချင်းစာသားတွေကို မေ့သွားခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၄ ရက်က ဖျော်ဖြေပွဲတစ်ခုအတွင်း လတ်တလောမှာ အသက်(၂၆)နှစ်ရှိပြီဖြစ်တဲ့ အက်ဒ်ရှီရန်ဟာ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "÷" မှာ ပါဝင်တဲ့ တေးသီချင်း "What do I Know"နဲ့ သီဆိုဖျော်ဖြေခဲ့ရာ တေးသီချင်းစာသားတွေကို မေ့သွားခဲ့တာကြောင့် အပြုံးတွေနဲ့အစားထိုးခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဖျော်ဖြေပွဲမှာ စာသားတွေကို မေ့သွားခဲ့ပေမယ့် အက်ဒ်ရှီရန်ကတော့ သူ့ရဲ့အမှားအတွက် အပြုံးနဲ့သာ တုံ့ပြန်ခဲ့ကာ ယုံကြည်မှုရှိရှိနဲ့ ဖျော်ဖြေပွဲကို ပြီးဆုံးသည်အထိ တင်ဆက်သွားနိုင်ခဲ့ပါတယ်။ အက်ဒ်ရှီရန်ရဲ့ ယခုအဖြစ်အပျက်တွေကို သူ့ရဲ့ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်အထိ သယ်ဆောင်လာကာ ဝေဖန်မှုတွေပြုခဲ့ကြကြောင်းလည်း သိရပါတယ်။

အက်ဒ်ရှီရန်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့တေးအယ်လ်ဘမ် "÷"ဟာ စတင်ထုတ်လွှင့်ခဲ့သည့်အချိန်မှ သုံးရက်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၄၃၂၀၀၀ ခန့်ရောင်းချခဲ့ရပြီး ယခင်က စံချိန်တင်ထားခဲ့တဲ့ ဗြိတိန်ပေ့ါပ်ကြယ်ပွင့် အဒဲလ်ရဲ့ တေးအယ်လ်ဘမ်ကို ကျော်လွန်ကာ စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဘေဘုတ်ရဲ့ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ် ၂၀၀ စာရင်းကိုလည်း နှစ်ကြိမ်တိုင်တိုင်ဦးဆောင်နိုင်ခဲ့တဲ့ အောင်မြင်တဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

# ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းသွားကြရမည့် ကြံ့သူတော်များ

ဒေါက်တာမြင့်သိန်း( B .V. S )

အခြားသောတောရိုင်းတိရစ္ဆာန်များကဲ့သို့ ဥပမာ ဆင်၊ ကျား၊ မြွေ၊ ကြံ့၊ မျောက် စသည်ဖြင့်ပြတ်ပြတ်သားသား နာမည်တစ်ခုမဟုတ်ဘဲ ကြံ့သူတော် ( Asian tapir Tapirus indicus) ဟု ကြံ့၏အမည်နောက်မှ ပဟေဠိဖြစ်ဖွယ်၊ ထပ်မံမေးခွန်း ထုတ်ချင်စဖွယ် ခပ်ဆန်းဆန်း အမည်ကြောင့် စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ရသည်။ ထိုမျှပင်မကသေး ခန္ဓာကိုယ်တစ်ခုလုံးကို အဖြူနှင့် အမည်းအရောင်နှစ်မျိုးတည်းကပဲ ပိုင်စိုးခြယ်လှယ်ထားပြီး ပြတ်ပြတ်သားသားသူ့နေရာနှင့်သူ အပိုင်းလိုက်ကြီးစိုးနေခြင်းကို မြင်ရခြင်းကလည်း ကောင်းစွာခြယ်မှုန်းထားသည့် ပန်းချီကားချပ်အလား ထင်မှတ်မှားရသကဲ့သို့ မြင်မိသည်နှင့်ပင် ဘာအကောင်လဲ ဆိုသည်ကို စဉ်းစားချိန်ပင်မလို ချက်ချင်းခွဲခြားနိုင်သည်။

တစ်ဖန်ထိုကြံ့သူတော်သည် သဘာဝတောအတွင်း သိုသိပ်၍ဆိတ်ဆိတ်နေတတ်ခြင်း၊ တရားကိုကျင့်ကြံကြသောသူတော်စင်များကဲ့သို့ တစ်ကိုယ်တည်းနေတတ်ခြင်း၊ အသီးအရွက်သစ်ဥသစ်ဖုနှင့် ရေပျော်သစ်ပင်ငယ်စသည့်အသီးအရွက်များကိုသာ သက်သတ်လွတ်စားသုံးခြင်း၊ ထိုကြံ့သူတော်ကျင်လည်ကျက်စားရာဒေသ အသီးသီးရှိဌာနေဒေသခံများမှ ထိုကြံ့သူတော်များကို သတ်ဖြတ်စားသုံးခဲ့ပါက အကုသိုလ်ဘေးဆိုးရန်ဆိုးများ ချက်ချင်းလက်ငင်း မလွဲမသွေကျရောက်တတ်သည်ဟုစွဲမြဲယုံကြည်ကြသည်။ ထိုသို့မိရိုးဖလာစွဲထင်ယုံကြည်သက်ဝင်နေမှုတို့သည်လည်း ကာလကြာရှည် လာသောအခါ ကြံ့သူတော်အမည်ကို တွန်းပို့သကဲ့သို့ဖြစ်လာစေသည်ဟု မှတ်သားသိရှိရပါသည်။

ဤနေရာတွင်ထိုကြံ့သူတော်များ၏ ကိုယ်ရေးရာဇဝင်ကိုအနည်းငယ်တင်ပြခွင့်ပြုစေလိုပါသည်။ ကမ္ဘာပေါ်တွင် ကြံ့သူတော်စုစုပေါင်း မျိုးစိတ်ကွဲလေးမျိုးရှိသည့်အနက်မြန်မာနိုင်ငံတွင်ရှိသော မျိုးစိတ်သည် အာရှကြံ့သူတော်မျိုးစိတ်ဖြစ်ပါသည်။ အာရှမျိုးစိတ်ဟူ၍သာ အမည်တပ်သော်လည်း အမှန်တွင်အာရှတိုက်တစ်ခုလုံးတွင် စူမတြားကျွန်း၊ မလေးပင်နီစူလာ၊ မြန်မာနိုင်ငံ တနင်္သာရီတောင်ပိုင်းနှင့် ထိုင်း-မြန်မာ နယ်စပ် တစ်လျှောက်သစ်တောများ စသည့်နေရာဌာနများတွင်သာ တွေ့ရှိရမည်ဖြစ်သည့်ပြင် ကောင်ရေမှာလည်း အလွန်နည်းပါးနေပြီဖြစ်ပါသဖြင့် အပြည်ပြည်ဆိုင်ရာ ထိန်းသိမ်းမှုအဆင့်တွင် မျိုးပြုန်းတီးမှုအန္တရာယ်နှင့် ကြုံနေရသည့် သတ္တဝါ (Endangered – EN ) အဖြစ်သတ်မှတ်ထားရှိခဲ့ပြီးဖြစ်ပါသည်။ တစ်ဖန်ကြံ့သူတော်သည် နို့တိုက်သတ္တဝါအမျိုးအစားဖြစ်ပြီး ဆတ်၊ သမင်များကဲ့သို့ ခွာပါရှိပါသည်။ သို့သော် သူ၏ခွာထွက်ရှိပုံကားအလွန်ထူးခြားလှသည်ကိုတွေ့ရသည်။ ကြံ့သူတော်ရှိ ရှေ့ဘက်ခြေထောက်တွင် ခြေချောင်းငယ်လေးချောင်းနှင့် နောက်ခြေထောက်တွင် ခြေချောင်းငယ်သုံးချောင်းပါရှိသည်။ ဤနေရာတွင် ဆင်၏ခြေသဲများအခေါ်အဝေါ်နှင့် နှိုင်းယှဉ်ကြည့်ပြောရလျှင်တော့ဖြင့် ရှေ့လေးနောက်သုံး ဟူ၍များ ဆိုရလေမလား စဉ်းစားမိခဲ့သည်။

တစ်ဖန်ကြံ့သူတော်သည်အခြားသော သတ္တဝါများနှင့်မတူ ဆန်းပြားထူးခြားနေသည်က သူ၏နှာခေါင်းဖြစ်သည်။ ထိုနှာခေါင်းမှာ ပိုရှည်ထွက်လျက် နှာမောင်းသဖွယ်ဖြစ်၍နေသည်၊ တစ်ခါတစ်ရံတိရစ္ဆာန်ဆပ်ကပ်များအတွင်း လူရွှင်တော်များပြုလုပ်ပြသသော ကြံ့သူတော်၏ နှာခေါင်းအသွင်အပြင်ပုံသဏ္ဍာန်အတုမှာ အများပြည်သူကြည့်ရှုသူများအတွက် အလွန်သရုပ်ပါသော သဘာဝကျသည့် ပြကွက်ဆန်းများဖြစ်ခဲ့ပါသည်။ ခန္ဓာကိုယ်တုတ်ခိုင်ပြီး စွဲမြဲသောခွာများပါရှိသော်လည်း ထိုကြံ့သူတော်သည် အမဲလိုက်သောသတ္တဝါမဟုတ်ခဲ့ပါချေ။ သစ်ရွက်များ၊ မြက်များ၊ ရေတွင်ပေါက်ရောက်သောအပင်များနှင့် သစ်ဖုသစ်ဥများသာ စားသုံးသော အရွက်စား သတ္တဝါများသာဖြစ်ကြပြီး ညဘက် အစာထွက်ရှာစားတတ်သည့် အလေ့အကျင့်ရှိကြသည်။ ရေစိမ်ခြင်းကိုလည်း အထူးနှစ်သက်ကြသည်။

ထပ်မံ၍ဤနေရာတွင်စိတ်ဝင်စားဖွယ်ကောင်းသော ရန်ကုန်တိရစ္ဆာန်ဉယျာဉ်၏ ကြံ့သူတော် မောင်ကျား အကြောင်းကိုလည်း တစေ့တစောင်း တင်ပြလိုပါသည်။ ၎င်းကိုထားရှိပြသရာနေရာသည် ကြံ့သူတော်များ၏ သဘာဝတောတွင်းအနေအထားနှင့် လိုက်ဖက်ကိုက်ညီသော၊ မြောက်ဂိတ်ရုံးဘေးကပ်လျက်တည်ရှိသော၊ သစ်ရိပ်ဝါးရိပ်ကောင်းသော၊ ရေကန်ကြီးနှစ်ကန်ပါရှိသော အလွန်ကျယ်ဝန်းသည့်ခြံကြီးအတွင်း ထားသိုပြသခဲ့ပါသည်။ ရန်ကုန်တိရစ္ဆာန်ဉယျာဉ်၏နေ့စဉ်လုပ်ငန်းတစ်ရပ်အနေဖြင့် ညစဉ် ခုနစ်နာရီတစ်ကြိမ်၊ နံနက် လေးနာရီတစ်ကြိမ် နှစ်ကြိမ်တိတိ တိရစ္ဆာန်ဉယျာဉ်ဝင်းအတွင်း တိကုဆရာဝန်က ကြီးကြပ်လျက် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့်နေမှုထိုင်မှုကိုလှည့်လည် စစ်ဆေးရပါသည်။ အထက်ကဆိုခဲ့သည့် ကြံ့သူတော် မောင်ကျား ခြံကိုလည်းညဘက် သွားရောက်စစ်ဆေးချိန်တိုင်း အစဉ်အမြဲမှောင်ပိတ်နေခြင်းနှင့် ခြံဝန်းကျယ်ကြီးဖြစ်နေခြင်းကြောင့် မောင်ကျားကို မြင်တွေ့စစ်ဆေးနိုင်ခြင်းမရှိပါ။ သို့ပါသော်လည်း မောင်ကျားနှင့် တိရစ္ဆာန်ထိန်းဝန်ထမ်း ဦးညီခင်တို့၏ ညဘက်လျှို့ဝှက်ဆက်ဆံရေးကား စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ညကြီးသန်းခေါင် သွားရောက်စစ်ဆေးချိန်တိုင်း မောင်ကျားကို ကိုယ်တိုင်မြင်ရန် တွေ့ရန်မလိုဘဲ ဦးညီခင်က မောင်ကျားရေဟု ခြံဝင်းအပြင်မှ ခပ်အုပ်အုပ်အော်သည်နှင့် မဆိုင်းမတွပင်ခြံဝင်းထဲမှ အူးဟူ၍ပြန်ထူးသံကို ကြားရတတ်ပါသည်။ ဤသင်္ကေတသည် မောင်ကျား ကျန်းမာစွာရှိနေသည့် သဘောဖြစ်ပါသည်။ တစ်ခါတစ်ရံ မောင်ကျားရေဟု ထပ်ခါတလဲလဲ အော်ခေါ်သော်ငြားလည်း မောင်မင်းကြီးသားမှာ ပြန်မထူးတတ်ချေ။ ထိုအခါမျိုးတွင် ကိုညီခင်မှာ စိုးရိမ်စိတ်ဖြင့် ဗျာများရတော့သည်။ ဖိနပ်ကိုချွတ်၊ ပုဆိုးတိုတိုဝတ်၊ ဓာတ်မီးခါးကြားထိုးပြီးဆပ်ကပ်သမားတစ်ဦးသဖွယ် တစ်ထွာသာသာ အကျယ်ရှိ အုတ်ခြံစည်းရိုးပေါ် လျှောက်လှမ်းပြီး အမှောင်ထုထဲသို့ မောင်ကျားရှာပုံတော်ဖွင့်တော့သည်။ အတန်ကြာမှ ပြန်ရောက်လာပြီး ဒီကောင်ကရေထဲ ငုပ်နေတာ အားလုံးကောင်းပါတယ်ဆရာရဲ့ဟု ဖုတ်ဖက်ခါရင်း သတင်းပို့လာပါသည်။ ယခုအခါမှာတော့ဖြင့် မောင်ကျားကား ကြံ့သူတော်တို့၏ သက်တမ်းအပြည့်နီးပါး ရန်ကုန်တိရစ္ဆာန်ဉယျာဉ်အတွင်း ပြည်သူသို့ ပညာပေးအသုံးတော်ခံသွားခဲ့ပြီးခဲ့ပါပြီ။ တာဝန်ကျေသွားခဲ့ပြီးပါပြီ။ မောင်ကျားကို ထိန်းကျောင်းခဲ့တဲ့ ကိုညီခင် တစ်ယောက်လည်းတုတ်ကောက်ကိုအဖော်ပြုပြီး ဇရာအိုဘဝထဲချင်းနင်းဝင်ရောက်ခဲ့တာ ကြာခဲ့ပါပြီ။

ယခုအခါမှာတော့ဖြင့် မောင်ကျားအစား ရောက်ရှိနေသူက ချင်မိုင် ဖြစ်ပါသည်။ ကိုယ်ခန္ဓာဘေးအစင်းကြောင်း မပျောက်မီ အသက်ငါးလ ကလေးဘဝကတည်းက ရောက်ရှိလိုလာခဲ့ပြီး နို့ဘူးကိုအဖော်ပြု ကြီးပြင်းလာသူလေးရယ်ပါ။ အခုတော့ဖြင့် ရန်ကုန်တိရစ္ဆာန်ဉယျာဉ်အတွင်း ဆယ်နှစ်ကျော်အရွယ် အားကောင်းမောင်းသန် ကြံ့သူတော်ကြီးဖြစ်၍နေပါပြီး ကြံ့သူတော်တို့သည် အသက်သုံးလေးနှစ်တွင် အရွယ်ရောက်ကြပြီး သားပေါက်ရာသီသတ်သတ်မှတ်မှတ်မရှိကြဟု မှတ်တမ်းများကဆိုပါသည်။ ထူးခြားသည်ကလည်း ကြံ့သူတော် အမများ၏ နှစ်လလျှင်တစ်ကြိမ် သားတောင်းသဏ္ဍာန်လက္ခဏာများပြတတ်ကြသည့် အလေ့အထသည် ထိုကြံ့သူတော်မျိုးများ အလွန်လျင်မြန်စွာမျိုးသုဉ်းမသွားစေရေးကို ကြီးစွာအထောက်အပံ့ဖြစ်စေခဲ့ပါသည်။ ဇီးဆောင်ရက်မှာ တစ်နှစ်ကျော်ကြာ (ရက်ပေါင်း လေးရာနီးပါး ) ရှိကြောင်း၊ တစ်နှစ်ခွဲလျှင် တစ်သားကျနိုင်ကြောင်း၊ တစ်ကြိမ်မွေးလျှင် တစ်ကောင်မွေးကြောင်း၊ တစ်ခါတစ်ရံ ရှားရှားပါးပါး နှစ်ကောင်(အမြွှာ) မွေးတတ်ကြောင်းကိုလည်း မှတ်သားသိရှိရပါသည်။ ချင်မိုင် ယခုနေထိုင်ရာခြံဝင်းသည်ချင်မိုင်၏ဘဝနှင့် ချင်မိုင်၏ ကမ္ဘာသာဖြစ်ပါသည်။ ဤနေရာတွင် ချင်မိုင်နှင့်ပတ်သက်၍ အမှတ်တရလေးတစ်ခုကို စိတ်ဝင်စားဖွယ်ဖော်ပြလိုပါသေးသည်။

ပြည်သူလူထုသို့ အသိပညာပေးပြီးပျော်ရွှင်မှုရစေရန်နှင့် တောရိုင်းတိရစ္ဆာန်များကို မျိုးဆက်မပြတ်စေရေးအတွက် ထိန်းသိမ်းကာကွယ်ရန်ဟူသော တိရစ္ဆာန်ဉယျာဉ်တို့၏ ရည်ရွယ်ချက်အရ ဝန်ထမ်းများသည် နေပြည်တော်တိရစ္ဆာန်ဉယျာဉ်မှ ကြံ့ဖြူတစ်ကောင်ကို ရန်ကုန်တိရစ္ဆာန်သို့ ခက်ခက်ခဲခဲပြောင်းရွှေ့သယ်ယူခဲ့ပါသည်။ ရောက်ရှိလာသော ကြံ့ဖြူအထီးအောင်တိုးကို လက်ရှိကြံ့ဖြူအမ ပုံ့ပုံ့နှင့် ချက်ချင်းမရောသေးဘဲ ဘေးခြံချင်းကပ်လျက် တစ်ကောင်နှင့်တစ်ကောင်ကနဦးခင်တွယ်မှုရရှိစေရန် သံဆန်ခါအလယ်မှာထားလျက် ပြသခဲ့ပါသည်။ အောင်တိုးနှင့် ပုံ့ပုံ့တို့၏ အာဝါဟဝိဝါဟမင်္ဂလာပွဲအတွက် ကြားထဲက ခါးနာရသူမှာ ကြံ့သူတော်လေး ချင်မိုင်သာဖြစ်ပါသည်။ ချင်မိုင်၏ခြံဝန်းကျယ်ကြီးကို အောင်တိုးအား ခေတ္တခဏနေရာပေးလိုက်ရသဖြင့် ချင်မိုင်သည်သူ၏ နဂိုထက်သေးငယ်သော ရေမြင်းပု၏ ခြံဝန်းအတွင်းပြောင်းရွှေ့နေစေရသည်။ ရေမြင်းပုကိုလည်း နောက်ဖေးခြံထဲ ရွှေ့ရပြန်သည်။ ဤတွင်အနေကျပ်သွားသူက ချင်မိုင်ဖြစ်သည်။ တိရစ္ဆာန်ပင်ဖြစ်သော်ငြားလည်း သူ၏ခံစားရမှုကိုကျွန်တော်မြင်တွေ့ရသည်။ ကိုယ်ချင်းလည်းစာမိသည်။ သေးငယ်သော အိပ်ခန်း၊ သေးငယ်သောကွပ်ပစ်၊ သေးငယ်သောရေကန် မည်သို့ဥပမာပေးရမည်နည်းဟုဆိုလျှင် ခြံကြီးဝန်းကြီးနှင့်နေလာသောသူသည် ရုတ်တရက် ကန်ထရိုက်တိုက်ပေါ် တက်နေရသည့် အလားသဏ္ဍာန်သာဖြစ်သည်။ မူလရေကန်သည် ကြံ့ကြီးတစ်ကောင် ရေချိုးနိုင်သည်အထိ ကျယ်ဝန်းပြီး အိပ်ခန်းကား မြင်းဇောင်းနီးပါး ကျယ်ဝန်းသည်။ ယခုကား ချင်းမိုင်အတွက် ဖီလာဆန့်ကျင်ဖြစ်၍နေသည်။ သို့သော် ထိုသည်ကား ခဏတာသာဖြစ်ပါသည်။ ကြံ့နှစ်ကောင်၏ သဟဇာတဖြစ်မှုသည် မကြာမီ အောင်မြင်သွားခဲ့ပါသည်။ ရေထိုးမီးသတ်ပိုက်ပေါင်းများစွာဖြင့် စောင့်ကြပ်ပြီး ကြံ့နှစ်ကောင်တွေ့ဆုံပွဲကား ရန်ပွဲဖြစ်မလာခဲ့ဘဲ ဝန်ထမ်းအားလုံးအား စိတ်သက်သာရာရစေခဲ့ပါသည်။ မူလနေရာခြံဝန်းသို့ ချင်မိုင် ပြန်ရောက်လာသည့်အချိန်တွင် ချင်မိုင်၏ မြူးထူးပုံကား ယခုထက်တိုင် ကျွန်တော့်မျက်လုံးထဲက မထွက်နိုင်သေးပါ။ သူကိုယ့်သူ ဟာဝိုင်အီကျွန်းမှာ ရေစိမ်ခံနေသည့်အလား မျက်လုံးလေးကလယ်ကလယ်နှင့်ပါ။ အကယ်၍များ ချင်မိုင်သာ စကားပြောတတ်ခဲ့မည်ဆိုလျှင် နောင်ကိုဒီလိုမလုပ်ပါတော့နဲ့လားဟု နှာမောင်းသဖွယ်ဖြစ်နေသော အပေါ်နှုတ်ခမ်းကို လှုပ်ခါလှုပ်ခါပြောနေသယောင် ကျွန်တော်ခံစားရမိသည်။ ယခုတော့ဖြင့် ချင်မိုင်အတွက် ညီငယ်တစ်ယောက် မကြာမီ ကော့သောင်း ခမောက်ကြီးမြို့နယ်မှ ရောက်ပေတော့မည်။ ချင်မိုင်ကိုယ်တိုင်သည်လည်း ကော့သောင်းသားဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် တောအတွင်းမှ ဖမ်းဆီးရမိသမျှသော တောရိုင်းတိရစ္ဆာန်များကို တိရစ္ဆာန်ဉယျာဉ်များသို့ အများပြည်သူများအား ပညာပေးပြသရန်အတွက်ဟူသော ရည်ရွယ်ချက်တစ်ခုတည်းအတွက်သာ ဆောင်ရွက်လုပ်ကိုင်နေမည်ဆိုပါက အလွန်ပင်ရှက်ဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်နေပါလိမ့်မည်ဟု ကျွန်တော်ရိုးသားစွာဆိုချင်ပါသည်။ တိရစ္ဆာန်ဉယျာဉ်များသို့ ရောက်ရှိလာသောတောရိုင်းတိရစ္ဆာန်များကို အထူးသဖြင့် မျိုးသုဉ်းရန်ခြိမ်းခြောက်ခြင်းခံနေရပြီးဖြစ်သည့် တောရိုင်းတိရစ္ဆာန်များကို တိရစ္ဆာန်ဉယျာဉ်များအတွင်း သုတေသနပြုခြင်း၊ မည်သို့ ဆက်လက်သားပေါက်စေမည်၊ ကောင်ရေ တိုးပွားအောင် မည်သို့ ပြုမူပူးပေါင်းဆောင်ရွက် ထိန်းသိမ်း စောင့်ရှောက်မည်ဆိုသည့် Conservation ကိုလည်း ဆတက်ထမ်းပိုး အထူးဇောင်းပေး လုပ်ဆောင်ရန် လိုအပ်ပါသည်။

သို့ပါ၍ တိရစ္ဆာန်ဉယျာဉ်များအတွင်း သဘာဝပတ်ဝန်းကျင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးပညာပေးလုပ်ငန်းများ (Education ) နှင့် Conservation လုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ပြီး ပြည်သူအပေါင်းမှလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။



# Earth Hour 2017 လှုပ်ရှားမှုအဖြစ် ရွှေတိဂုံစေတီတော်တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်



**ရန်ကုန် မတ် ၂၇**
ရာသီဥတုပြောင်းလဲလာမှုကို လူအများသတိထားမိစေရန်နှင့် မလိုအပ်သည့်စွမ်းအင်များကို ချွေတာသုံးစွဲကြရန် လှုံ့ဆော်ပေးသည့် ရည်ရွယ်ချက်ဖြင့် Earth Hour 2017 အခမ်းအနားကို မတ် ၂၅ ရက် ည ၇ နာရီခွဲက ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်၌ ကျင်းပခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ WWF ၏ Earth Hour အစီအစဉ်သည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို သတိပြုမိစေရန်အတွက် လူတိုင်းပါဝင်နိုင်သည့် ကမ္ဘာ့အကြီးဆုံး လူထုလှုပ်ရှားမှုတစ်ရပ်ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်တွင် ဆစ်ဒနီမြို့တွင် ခေတ္တမီးအမှောင်ချ လှုပ်ရှားဆောင်ရွက်မှုတစ်ရပ်ဖြင့် စတင်ခဲ့သော Earth Hour သည် နိုင်ငံပေါင်း ၁၇၀ ကျော်တွင် ကျင်းပသော တစ်နာရီတာ အချိန်ကာလမှသည် ထိုထက်ပိုသည့် လှုပ်ရှားမှုအဖြစ် တွင်ကျယ်လာခဲ့သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံသည် ပထမဆုံးအကြိမ်အဖြစ် Earth Hour လှုပ်ရှားမှုကို ရွှေတိဂုံစေတီတော်ရင်ပြင်၌ စေတီတော်ရာဟုထောင့်မှစ၍ စေတီတော်ပတ်ပတ်လည်တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခဲ့သည်။ ဆီမီးထွန်းညှိပူဇော်ခြင်းသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဘုရားကျောင်းကန်များတွင် ညနေခင်းဆီမီးပူဇော်သည့်ဓလေ့ကို မှီငြမ်းလုပ်ဆောင်ခြင်းဖြစ်သည်။ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် အသက်ဆုံးရှုံးခဲ့ရသောသူများကို သတိရအောက်မေ့သည့်အနေဖြင့် ထွန်းညှိခြင်းဖြစ်ပြီး လူတစ်ဦးတစ်ယောက်ချင်း၏ အပြုအမူမှသည် ကြီးမားသောအရာများကို ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း သတိပြုမိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

WWF ၏ရာသီဥတုပြောင်းလဲမှုဆိုင်ရာသံတမန် ဒေါက်တာထွန်းလွင်က“ဒီEarth Hour အခမ်းအနားကို ၂၀၀၇ ခုနှစ်က ဩစတြေးလျမှာစလုပ်တယ်။ အဲဒီနောက် WWFကနှစ်တိုင်းလုပ်လာတယ်။ တစ်နှစ်ထက်တစ်နှစ်ရက်တော့မတူဘူး၊ ဒီနှစ်မှာတော့ မတ်လ ၂၅ ရက်နေ့မှာလုပ်ဖြစ်တယ်။ ည ၈ နာရီခွဲကနေ ၉ နာရီခွဲအထိ တစ်မြို့လုံးက မလိုအပ်တဲ့မီးတွေကို မှိတ်ထားဖို့ လှုံ့ဆော်ထားပြီး ရွှေတိဂုံစေတီတော်မှာ ဆီမီး ၁၀၀၀၀ ပူဇော်တယ်။ ဒါဟာဘာကို သင်္ကေတပြချင်လဲဆိုရင် မီးကစပြီး မလိုအပ်တဲ့ စွမ်းအင်တွေကို ချွေတာအသုံးပြုဖို့နဲ့ ကျောက်မီးသွေးလို ကမ္ဘာကထုတ်တဲ့ရုပ်ကြွင်းလောင်စာတွေကို ချွေတာသုံးစွဲကြဖို့၊ စွမ်းအင်ရဲ့တန်ဖိုးကို နားလည်ကြဖို့ ရည်ရွယ်ပါတယ်” ဟု ဆိုသည်။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို ဆိုးရွားစွာ ခံစားနေရသည့် တိုင်းပြည်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နောက်ဆုံးထုတ် ကမ္ဘာ့ရာသီဥတုအန္တရာယ်အညွှန်းကိန်းတွင် မြန်မာနိုင်ငံက ဒုတိယလိုက်သည်ကိုတွေ့ရသည်။ Earth Hour 2017 သည် လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံများ ပါဝင်ဆောင်ရွက်နိုင်သော ရာသီဥတုနှင့်ပတ်သက်သည့် လုပ်ဆောင်မှုများဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုရန်၊ ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာမြှင့်တင်မှုများ၊ ရာသီဥတုအထောက်အပံ့ဖြစ်စေသော ဥပဒေပြဋ္ဌာန်းချက်များနှင့် စာသင်ကျောင်း၊ လူထုများအကြား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများအား သတိထားမိအောင် လုပ်ဆောင်ခြင်းစသော လှုပ်ရှားမှုများကို လူအများသတိပြုမိစေရန် မီးမောင်းထိုးပြသွားခဲ့သည်။ **မိုးမိုး**

# အလိုအလျောက် မြစ်ရေအနိမ့်အမြင့်တိုင်း ကိရိယာတပ်ဆင်

**ပြည် မတ် ၂၇**
နှစ်စဉ်မြင့်တက်လေ့ရှိသော ဧရာဝတီမြစ်ရေအခြေအနေကို စောင့်ကြည့်နိုင်ရန် အလိုအလျောက် မြစ်ရေအနိမ့်အမြင့် တိုင်းတာရေးကိရိယာများအား ပြည်မြို့ရှိ နဝဒေးတံတားတွင် မတ် ၂၅ ရက် နံနက်ပိုင်းက တပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို မိုးလေဝသနှင့် ဇလဗေဒဉွှန်ကြားမှုဦးစီးဌာနနှင့် Regional Intergrated-Muli-Hazard Early Warning System(RIMES) တို့ပူးပေါင်း၍လုပ်ဆောင်ခြင်းဖြစ်ပြီး Telemetry Water Level Monitoring System (TWLMS) တပ်ဆင်ဆောင်ရွက်မှု အစီအစဉ်အရ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ဝဇ်မြစ်တို့ရှိ မြစ်ကူးတံတားများတွင် Radar Sensor နှင့် Data Logger များ တပ်ဆင်ပြီး မြစ်ရေအနိမ့်အမြင့်ကို စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလိုအလျောက် မြစ်ရေအနိမ့်အမြင့် တိုင်းတာရေးကိရိယာ၏ လုပ်ဆောင်ချက်မှာ ယခင်က မြစ်ရေတိုင်းတာရာတွင် လူကိုယ်တိုင်ဆင်းပြီး တိုင်းရသည့်အတွက် တစ်နာရီကြာ တိုင်းထွာမည်ဆိုလျှင် ယခုကိရိယာကို တပ်ဆင်ထားသည့်အတွက် အင်တာနက်လိုင်းရရှိသည့် မည်သည့်နေရာတိုင်းမှာမဆို အချိန်နှင့်တစ်ပြေးညီအချက်အလက်များရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ဒီကိရိယာက တံတားပေါ်ကနေ Radar Sensor ဖတ်နိုင်တဲ့အတွက် မြစ်ရေအနိမ့်အမြင့်ကို အမြန်ဆုံး တိုင်းတာနိုင်မှာဖြစ်ပါတယ်” ဟု မိုးလေဝသနှင့် ဇလဗေဒဉွှန်ကြားရေးဦးစီးဌာန (ဇလဗေဒဌာနခွဲ)မှ ဦးစီးမှူး ဦးမျိုးထွန်းဦးက ပြောသည်။

“အလိုအလျောက် လှမ်းဖတ်တဲ့အခါမှာ ဆင်ဆာအမျိုးအစားတွေ အများကြီးရှိပါတယ်။ Pressure Sensor ကျတော့ ရေထဲကိုချရတာ၊ ဒီကောင်ကျတော့Radar Sensor မဖြစ်သည့်အတွက် အပေါ်ကနေ ရေမျက်နှာပြင်ကို လှမ်းဖတ်တာပေါ့။ Frequency နဲ့ရိုက်ချင်ရိုက်မယ်။ လှမ်းဖတ်တဲ့အခါကျတော့ သူကReflect ပြန်လာတဲ့အခါကျတော့ အဲဒီ ရေရဲ့အမြင့်ဟာ ဘယ်လောက်ရှိတယ်ဆိုတဲ့ Information ပေးတာပေါ့။ အဲဒါတွေကိုကျွန်တော်တို့ ဒီမှာကွန်ပျူတာရှိတယ်ဆိုရင် ဖွင့်ကြည့်လိုက်တာနဲ့ တန်းပေါ်မယ်ပေါ့။ ဒါရဲ့လုပ်ဆောင်ချက်ကတော့ အဲဒါပါပဲ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါကိရိယာကို တပ်ဆင်ထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်တွင် ရေဘေးနှင့်ပတ်သက်သည့်အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်း၊ ကြိုတင်တွက်ဆနိုင်ခြင်းတို့ကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ပြီး ယခင်ကဆိုလျှင် ရေကြီးမှုဖြစ်စဉ်များ မဖြစ်ပေါ်မီ စိုးရိမ်ရေမှတ်အောက် တစ်မီတာအလိုကတည်းက တစ်နာရီခြား တစ်ကြိမ်ဆင်းတိုင်းထွာခြင်းများ ပြုလုပ်ရပြီး ရုံးချုပ်သို့ ဖုန်းဖြင့် သတင်းပေးပို့နေရာမှ ယခု ယင်းကိရိယာ တပ်ဆင်ထားသည့်အတွက် ရုံးချုပ်ကနေ အင်တာနက်ဖွင့်ကြည့်လိုက်ရုံနှင့် သိရှိနိုင်မည်ဖြစ်ပြီး ရုံးချုပ်မှာရှိသည့် နည်းစနစ်အသစ်များဖြင့် ခန့်မှန်းချက်ထုတ်နိုင်သည့်အတွက် ကြိုတင်အသိပေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလိုအလျောက် မြစ်ရေအနိမ့်အမြင့် တိုင်းတာရေးကိရိယာများကို မြို့ကြီး ၁၃ မြို့ဖြစ်သည့် ပြည်၊ မကွေး၊ ချောက်၊ ပခုက္ကူ၊ မုံရွာ၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ ကသာ၊ မော်လိုက်၊ ခန္တီး၊ သိုင်းချောင်း၊ ရေနီ၊ မဒေါက်မြို့များတွင် တပ်ဆင်သွားမည်ဖြစ်ပြီး ပထမခရီးစဉ်အဖြစ် ပြည်၊ မကွေး၊ ချောက်၊ မုံရွာ၊ စစ်ကိုင်း၊ ပခုက္ကူစသည့်စခန်းခြောက်ခုကို လုပ်ဆောင်သွားမည်ဖြစ်သည်။ **ကိုလွင်(ဆွာ)**



## စိတ်ကူးပုံဖော် ဆေးရောင်ခြယ် ပန်းချီပြိုင်ပွဲ ကျင်းပ

**တောင်ငူ မတ် ၂၇**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံးနှင့် မြို့နယ်ပန်းချီ၊ ပန်းပု အစည်းအရုံးတို့ပူးပေါင်း၍ ကလေးငယ်များ၏ စိတ်ကူးဉာဏ်ရင့်သန်ထက်မြက်လာစေရေး၊ ဗဟုသုတ တိုးပွားလာစေရေးတို့အတွက် ရည်ရွယ်၍ စိတ်ကူးပုံဖော် ဆေးရောင်ခြယ် ပန်းချီပြိုင်ပွဲကို ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် မတ် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြိုင်ပွဲသို့ တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **ခရိုင်( ပြန်/ဆက်)**

## သောက်သုံးရေပြတ်လပ်မှုဖြစ်ပါက ကူညီပေးမည်

**ပြည် မတ် ၂၇**
နွေရာသီ ပူပြင်းခြောက်သွေ့သောအချိန်ကာလတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၊ ဆည်၊ ကန်များ၌ ရေခန်းခြောက်လေ့ရှိသောကြောင့် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်သူများ သောက်သုံးရေရှားပါးမှုနှင့် ပြတ်လပ်မှုအခက်အခဲများဖြစ်ပေါ်ပါက ကူညီဆောင်ရွက်ပေးရန်အတွက် ဦးအောင်ကျော်လူ ခရိုင်ဦးစီးမှူး (ကျေးလက်) ဖုန်း-၀၅၃၂၅၅၀၇၊ ၀၉၅၃၇၀၇၉၂၊ ဦးမောင်မောင်ကြည် မြို့နယ်ဦးစီးမှူး ဖုန်း-၀၅၃၄၅၅၈၄၊ ၀၉၅၃၁၁၅၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သူရအောင် (ပြည်)**

## IFAD ချေးငွေ အစီအစဉ်ဖြင့် စနစ်တကျ လယ်ယာမြေကေ (၁၃၀)ဖော်ထုတ်

**နေပြည်တော် မတ် ၂၇**
နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာတွင် IFAD ချေးငွေ အစီအစဉ်ဖြင့် စနစ်တကျ လယ်ယာမြေကေ (၁၃၀) ကို စက်ကိရိယာများ အသုံးပြု၍ ဖော်ထုတ် ဆောင်ရွက်လျက် ရှိသည်။

အဆိုပါ စနစ်တကျ လယ်ယာမြေ ဖော်ထုတ် ဆောင်ရွက်နေသော လုပ်ငန်းခွင်သို့ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများရောက်ရှိလာပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင်သည် ဌာနဆိုင်ရာများ၊ ကျေးရွာရှိ ရွာသူရွာသားများ၊ တောင်သူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ တင်ပြချက်များ အပေါ်တွင် မိုးစပါးစိုက်ပျိုးချိန်အမီ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို ညှိနှိုင်း စီမံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများနှင့် အရက်ပုံများ ရောင်းချမှုရှိ၊ မရှိစစ်ဆေး

**နတ်တလင်း မတ် ၂၇**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မရပ်ကွက်ရှိ ဆေးဝါးအရောင်းဆိုင်များအား မတ် ၂၅ ရက် နံနက် ၉ နာရီက မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးခင်မောင်ဝင်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးစန်းလွင်၊ မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအုန်းမြင့်တို့အဖွဲ့သည် မြို့မရပ်ကွက်အတွင်းရှိ ဆေးဝါးအရောင်းဆိုင်များသို့ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးမှု လိုင်စင်နှင့် မှတ်ပုံတင်ထားခြင်းမရှိဘဲ ထုတ်လုပ်ရောင်းချနေသည့် အရက်ပုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့မရပ်ကွက်ကျန်းမာရေးမှူးက မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးနှင့် အရက်ပုံများကိုရောင်းချသည်ကိုတွေ့ရှိလျှင် အရေးယူခံရပြီး ဝယ်ယူသုံးစွဲသူများလည်း မကောင်းသောဆိုးကျိုးများကိုသာရရှိမည်ဖြစ်၍ မရောင်းချကြရန် ဆေးဆိုင်ပိုင်ရှင်များအား ရှင်းလင်းပြောကြားခဲ့သည်။ **၀၇၁**

## ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကာတွန်းပြိုင်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၇**
မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS ) မှကြီးမှူးပြီး SAT Japan Road Service Co.,Ltd ၏ ပံ့ပိုးကူညီမှုဖြင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အချိန်အခါမရွေးဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် ကာတွန်းပြိုင်ပွဲကို မတ် ၂၅ ရက် နံနက်က လသာမြို့နယ် အထက (၂) လသာမြည်လာခန်းမ၌ ကျင်းပသည် ။

ရေဆေးကာလာဖြင့် သုံးနာရီကြာပြိုင်ပွဲဝင်ကာတွန်းများကို မူလတန်းအဆင့်ကျောင်းသား ကျောင်းသူ ၅၅ ဦး၊ အလယ်တန်းအဆင့် ၅၈ ဦး၊ အထက်တန်းအဆင့် ၁၆ ဦးနှင့် အလွတ်တန်းအဆင့် ခုနစ်ဦးတို့ ပါဝင်ရေးဆွဲယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS) မှ အတွင်းရေးမှူး ဦးအောင်နိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးဗိုလ်ဌေးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ ဆုရရှိကြသူများအား မတ် ၃၁ ရက်တွင် အထက (၆) ဗိုလ်တထောင် အောင်ကျော်ခန်းမ၌ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

# စစ်တောင်းမြစ်ရေတိုက်စားခံခဲ့ရသော အေးချမ်းသာကျေးရွာ တံတားအချိန်မီပြီးစီးခြင်းမရှိ၍ ဒေသခံများ ခက်ခဲစွာသွားလာနေကြရ

**လယ်ဝေး မတ် ၂၇**
နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အေလာမြို့အရှေ့ စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ အောင်ချမ်းသာကျေးရွာသည် အိမ်ခြေပေါင်း ၃၈၀ ကျော်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး မြစ်ကူးတံတားတည်ဆောက်မှုလုပ်ငန်းများ ယခုတိုင်ပြီးစီးခြင်းမရှိ၍ ခရီးသွားလာရာ၌ လက်ခတ်လှေလေးများဖြင့် ခက်ခဲစွာသွားလာနေကြရကြောင်း မတ် ၂၆ ရက်က အဆိုပါကျေးရွာနေ ဒေသခံပြည်သူများက ပြောသည်။

"အရင်က ဟိုးအနောက်ဘက်ကမ်းက ငှက်ပျောစိုက်ခင်းနေရာတွေဟာ ဒီရွာပဲ မြစ်ရေတိုက်စားလို့ တဖြည်းဖြည်း ဒီဘက်ကိုရောက်လာကြတာ။ ရွှေ့ပြောင်းရတာ အိမ်ခြေခြောက်ဆယ်ကျော်တယ်။ အချို့လည်း ဒီမှာနေစရာမရှိတော့လို့ အခြားဒေသတွေကို ပြောင်းရွှေ့သွားကုန်ပြီ"ဟု ကျေးရွာတွင် ဈေးဆိုင်ဖွင့်လှစ်ထားသော မစိုးကရှင်းပြသည်။

စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းသော်လည်း ဈေးကွက်သို့တင်ပို့ရာ၌ စက်လှေများဖြင့်သာ တစ်ဖက်ကမ်းသို့သယ်ယူကြရပြီး အချိန်ကုန်ခြင်းအပြင် ငွေကုန်ကြေးကျပိုမိုများပြားလျက်ရှိကြောင်း ၎င်းကပင် ဆက်လက်ပြောသည်။ ယခုနှစ်တွင် စစ်တောင်းမြစ်ကူးတံတားတည်ဆောက်ရန် အရှည်ပေ ၂၃၀ အတွက် ငွေကြေးရရှိပြီဖြစ်သော်လည်း လုံလောက်မှုမရှိသည့်အတွက် ကျေးရွာမှ စိုက်ထုတ်ကုန်ကျခံရနိုင်ကြောင်း သုံးသပ်မှုများရှိနေသည်။

"မြစ်ကိုဖြတ်ကူးရတာ တံငါလှေလေးဆိုတော့ အသက်တောင်မနည်းရှူရတယ်။ ဟိုဘက်ကမ်းရောက်မှ သက်ပြင်းချနိုင်တယ်" ဟု ခရီးသွားတစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**



## ပထမတန်းသင်ရိုးသစ် နည်းပြသင်တန်းဖွင့်လှစ်



**ဟားခါး မတ် ၂၇**
ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ချင်းပြည်နယ်ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ပထမတန်းသင်ရိုးသစ် ပြည်နယ်အဆင့်နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ (ထက်၊ လယ်၊ မူ)ပြ ဆရာ ဆရာမ ၁၀၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၄ ရက်မှ ဧပြီ ၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ထိုင်းနိုင်ငံ ကုမ္ပဏီများမှ ကိုယ်စားလှယ်များ SME လုပ်ငန်းများဆွေးနွေး

**မန္တလေး မတ် ၂၇**
မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်ထိုင်းနိုင်ငံ Chokthavorn ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Mr.Kittiphong ဦးဆောင်သော ကုမ္ပဏီအစုအဖွဲ့ ၂၅ ခုမှ ကိုယ်စားလှယ်များ မတ် ၂၅ ရက် ညနေ ၃ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံ စူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးမိုးကျော်ကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံမှ မန်နေဂျင်းဒါရိုက်တာ Mr.Kittiphong က ထိုင်းကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် မိတ်ဆက်ပေးသည်။



ယင်းနောက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ရှူးဖိနပ်လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



## သောက်သုံးရေပြတ်လပ်မှုမရှိစေရေး မြေသားကန်တူးဖော်

**အောင်လံ မတ် ၂၇**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်ရှိ နီတပင်ကျေးရွာသည် စက်ရေတွင်းတူးဖော်ရန် ခက်ခဲသောကျေးရွာတစ်ရွာဖြစ်ရာ ပြည်သူများနှင့် ကျွဲနွားများ သောက်ရေသုံးရေဖူလုံစေရန် မြေသားရေကန်အား ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို မတ် ၂၅ ရက် မွန်းလွဲပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသွားရောက်၍ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

ယင်းကျေးရွာသည် ကျောက်တန်းများဝန်းရံလျက် တောင်ထိပ်ပေါ်တွင် တည်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် တော်ဝင်ရှုခင်းကုမ္ပဏီမှ နေရာနှစ်ခုတွင် စက်ရေတွင်းများ တူးဖော်ခဲ့သော်လည်း ရေထွက်နည်းပါးလျက်ရှိဆဲဖြစ်ကြောင်း သိရသည်။

ရေကန်ဆည်ဖို့ပြီးစီးမှုအခြေအနေ၊ ရေကန်ထာဝရသန့်ရှင်းစေရေးနှင့် စနစ်တကျသုံးစွဲစေရေးတို့အတွက် ခြံစည်းရိုးကာရံခြင်း၊ ရေတံုကင်တပ်ခြင်း၊ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ **သိန်းလွင်(အောင်လံ)**

## သဘာဝဘေးကြောင့် မိုးစပါးသီးနှံပျက်စီးခဲ့သည့် ဒေသခံ လယ်သမားများအား ကျပ်သိန်း ၄၄၅၂ ကျော် ထောက်ပံ့

**တိုက်ကြီး မတ် ၂၇**
၂၀၁၆ ခုနှစ် သဘာဝဘေးအန္တရာယ်ကြောင့် မိုးစပါးသီးနှံများပျက်စီးခဲ့မှုအပေါ် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုမိန့် စိုက်ပျိုးရေးအစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးတင်ရှိန်၊ ဦးလွင်စိုးမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်လွင်၊ စီမံကိန်းရေးဆွဲရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းအိ၊ မြို့မိမြို့ဖ ဦးလှတင်၊ ဦးထွန်းလှိုင်၊ ဦးသန်းစိုး၊ ဦးကြည်ညွှန့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

သဘာဝဘေးအန္တရာယ်ကြောင့် မိုးစပါးသီးနှံများပျက်စီးခဲ့သည့် ကျေးရွာအုပ်စု ၄၀ ရှိ လယ်သမား ၈၅၇၅ ဦး၏ လယ်ဧက ၄၄၅၂၇ ဧကအတွက် ထောက်ပံ့ငွေကျပ် ၄၄၅၂၇၀၀၀၀ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ တိုက်ကြီးမြို့နယ်တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လ၌ သဘာဝဘေးအန္တရာယ်ကြောင့် မိုးစပါးသီးနှံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် တောင်သူများအား တစ်ဧကအတွက် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ပေးအပ်သွားမည်ဖြစ်သည်။

မြို့နယ်အဆင့် ထောက်ပံ့ကြေးငွေပေးအပ်ရေးကော်မတီက ကျေးရွာအုပ်စုအဆင့် ထောက်ပံ့ကြေးငွေပေးအပ်ရေးကော်မတီသို့ ပေးအပ်ခဲ့ပြီး အဆိုပါထောက်ပံ့ငွေများအား မတ် ၂၅ ရက်နှင့် မတ် ၂၆ ရက်များတွင် ကျေးရွာများသို့ သွားရောက်ပြီး လယ်သမားများထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

"အခုလို စပါးပေါ်ခါနီးမှာ ထောက်ပံ့ကြေးရတော့ လယ်သမားတွေ အဆင်ပြေပါတယ်" ဟု တောင်သူဦးစောမောင်ငွေက ပြောသည်။ **ထွန်းလှိုင်(မြိုင်)**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ အသိပညာပေးဟောပြော

**မင်္ဂလာတောင်ညွန့် မတ် ၂၇**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦးက သင်္ကြန်အကြိုကာလနှင့် မဟာသင်္ကြန်ကာလတို့တွင် တုတ်၊ ဓား လက်နက်ကိုင်ဆောင်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လိင်စိတ်နိုးကြွစေသော ဆေးဝါးများရောင်းချခြင်းဖြင့် ဖြစ်ပေါ်လာမည့် မလိုလားအပ်သော မှုခင်းဖြစ်စဉ်များ မဖြစ်ပွားစေရေး အသိပညာပေးဟောပြောသည်။

ဟောပြောပွဲသို့ သပြေကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးထူးနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၁၈)**

## မြစ်သားမြို့ မယ်ညိုကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**မြစ်သား မတ် ၂၇**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲဖြစ်နေသည့် မယ်ညိုကျေးရွာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ကျေးလက်ဦးစီးဌာန မြို့နယ်ရေကော်မတီနှင့် NGO အဖွဲ့များက သောက်သုံးရေများကို မတ် ၂၆ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ယင်းကျေးရွာသည် ယခုနှစ်နွေရာသီတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရက် (၁၀၀) စီမံချက်ဖြင့် ပေ ၁၀၀ ပတ်လည် ကန်တူးဖော်ထားပြီး တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေဖြင့် ဂါလန် ၅၀၀၀ ဆံ့ရေကန်တည်ဆောက်ထားသဖြင့် ရေပြတ်လပ်ခြင်းမရှိသေးသော်လည်း ကန်ရေမှာ နည်းလာကာ အနည်များပါရှိလာ၍ ဂါလန် ၃၀၀၀ ဆံ့ယာဉ်ဖြင့် တစ်စီး၊ ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

## ကြော်ငြာ

### မြေဇင်းသမထဝိပဿနာသကြိန်၁၀ရက် အထူးတရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ ဆရာတော် အရှင်ကေလာသ၊ အရှင်ပညာဒီပ အရှင်သူမြတ်နှစ်ပါးတို့မှ မြေဇင်းဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း သမထဝိပဿနာ သကြိန် ၁၀ ရက် အထူးတရားစခန်းကို (၁၃၇၈ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်)၁၂-၄-၂၀၁၇ရက်မှ (၁၃၇၉ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ရက်) ၂၁-၄-၂၀၁၇ရက်အထိ ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် မည်သည့်ဝင်ကြေး စရိတ်စက မည်သည့်အလှူမျှ ထည့်ဝင်လှူဒါန်းစရာမလိုဘဲ ကြိုတင်စာရင်းပေးဝင်ရောက်နိုင်ပါသည်။

ဆက်သွယ်ရန်-အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ
မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့။
ဖုန်း-၀၉-၂၀၃၃၃၄၄၊ ၀၉-၇၉၅၃၅၀၆၀၈၊ ၀၉-၄၃၀၃၅၇၅၇

### ဆရာကြီးအရဟံ ဆရာအောင် ( အကြားအမြင်ပါရမီရှင် )

ပညာရေး၊ စီးပွားရေး၊ အိမ်၊ ခြံ၊ မြေ၊ ကား၊ အမြန်ရောင်း၊ အချစ်ရေး၊ ကလေးအမည်ပေး၊ ပစ္စည်းပျောက်၊ လူပျောက်၊ရာထူးတိုးတက်၊ပြောင်းလဲ တည်မြဲရေး၊ အမှုကိစ္စ၊ သားသမီးများလိမ္မာစေရန်၊ အိမ်ထောင်ရေးကိစ္စ ( မူလ အိမ်ထောင်ရှင်ဘက်မှသာ ) နိုင်ငံခြားကိစ္စ၊ သဘော်၊ အလုပ်အကိုင် အထူးဆောင်ရွက်သည်။ မြန်မာ နှစ်ဆန်း ( ၁ ) ရက် နေ့တွင် အဆောင် ယတြာပေးသည်။

ဆိုင် အမှတ် ( ၈ ) ဆူးလေဘုရားအဝိုင်း၊ အရှေ့ဘက်မုခ် အနီး၊
နေ့စဉ်နံနက် (၈:၀၀)နာရီမှ မွန်းလွဲ (၁:၀၀)နာရီ အထိ( တနင်္လာနေ့ပိတ် )
( အိမ် ) အမှတ်( ၁၇ ) ၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊
သန့်လျင်မြို့နယ်။( ကြိုတင်ဖုန်းဆက်တိုက်ကင်ယူပါ )
၀၉၇၃၁၅၃၁၈၈၊ ၀၉ ၅၁၁၂၁၄၆၊ ၀၉၃၂၃၈၈၇၉၁


ညွှန့်ဝေအောင်
**ရွှေခင်းသာ** FULLY AIR-CON EXPRESS
April 11,12 သင်္ကြန်ခရီးစဉ်များကြိုတင်ရောင်းပြီ
- အင်းတော်ကြီး-ရွှေမဥ္ဇူဘုရား၊ မေဓ-ပေလိုပြစ်ဆုံ၊ ဇလုံတောင် (၈)ရက်(စားငြိမ်း) 130000
- ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး၊စစ်ကိုင်း၊ မုံရွာ၊မန္တလေး၊ပြင်ဦးလွင်၊အလောင်းတော်(၇)ရက်(စားငြိမ်း) 90000
- ထားဝယ်-ရှင်ကိုးရှင်၊ မြိတ်၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(၇)ရက်(စားငြိမ်း) 100000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲ့တောင်၊ လွိုင်ကော်၊ဘုရားစုံ(၆)ရက်(စားငြိမ်း) 80000
- ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ သံတွဲ၊ ငပလီ၊ ကမ်းသာယာ (၆)ရက်(စားငြိမ်း) 110000

Ph: 09-420046635, 09-30207754, 09-262607878



**MEGA TWO STAR** နှစ်သစ်ကူးသင်္ကြန်ဘုရားဖူးခရီးစဉ်
ထားဝယ် - မောင်းမကန် တမ်းခြေ - မြိတ်ကျွန်းစု ခရီးစဉ်
Hotel, Restaurants, ... (ငြိမ်း) (၅ည/၆ရက်) ၂၃၀၀၀၀/-
(01) 400600, (09) 5141446, 5032762 April 11, 18 ထွက်ပါမည်။



**ရွှေကြေးစည်** သင်္ကြန်-မန်းရွှေစက်တော် နှင့်
- အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ ကျောက်စိမ်း ဆက်၍- မန္တလေး၊ ပြင်ဦးလွင်အနှံ့
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ဖွေတော်ကဏ္ဍူ၊ ထမ့်စမ်းလှိုဏ်ဂူ ဆက်၍-(လွိုင်ကော်၊ ထီးဆဲခါး)(မန္တလေး၊ ပြင်ဦးလွင်)(ပုဂံ၊ ပုပ္ပါး)
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သီဟိုဠ်ရှင် ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနှံ့(ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ)
- ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စဲ၊ ဘုရားလပို့တောင်-(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
- (မြဝတီ+မဲဆောက်)(အင်းတော်ကြီး ရွှေမဥ္ဇူ၊ မန်းမောက် ဇလုံတောင်၊ မြစ်ကြီးနား၊ မြစ်ဆုံ(၅)ရက်။

ကျိုက်ထီးရိုး | နေ့စဉ်

01-240860/01-372290 ဖေါ်ပုံ 09-49282825,09-43202968,09-262784651


### လောင်းတော်ဦးသစ္စာအောင်မြေဓမ္မရိပ်သာ(၈)ကြိမ်မြောက် တရားစခန်း

ကသာမြို့နယ်နှင့် မဘိမ်းမြို့နယ်အကြားရှိ ရွှေလီမြစ်ကမ်းနံဘေးတွင်တည်ရှိသော ရှေးဟောင်းသမိုင်းဝင်လောင်းတော်ဦးစေတီ ဓမ္မရိပ်သာတွင်သီတင်းသုံးလျက်၊ ထိုဒေသဝန်းကျင်တွင် သာသနာပြုနေသော လောင်းတော်ဦးဆရာတော်ဘဒ္ဒန္တပညာဇောတသည် ရန်ကုန်မြို့နေ ဦးဝင်းထိန်-ဒေါ်အေးအေးယုမိသားစုတို့မှ ဆောက်လုပ်လှူဒါန်းခဲ့သော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ (ပေါင်းကူး၊ ဉာဏရပ်ကွက်)၊ ဂန္ဓမာလမ်းရှိ လောင်းတော်ဦးသစ္စာအောင်မြေဓမ္မရိပ်သာတွင် သီတင်းသုံးလျက်ရှိပါသည်။

ဆရာတော်၏ ဓမ္မမိတ်ဆွေ၊ တပည့်များအား မိုးကုတ်ဝိပဿနာနည်းဖြင့် ၁၁-၄-၂၀၁၇(အင်္ဂါနေ့)မှ ၁၇-၄-၂၀၁၇(တနင်္လာနေ့) အထိ(၇)ရက်သင်္ကြန်တွင်းတရားစခန်းအား ဖွင့်လှစ်မည်ဖြစ်ပါ၍ မြိတ်နယ်သူ၊ နယ်သားများ၊ ကသာမြို့နယ်နှင့်မဘိမ်းမြို့နယ်သူ၊ နယ်သားများ ဆရာတော်၏ဓမ္မမိတ်ဆွေ၊ တပည့်များလာရောက်တရားအားထုတ်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တရားဝင်မည့်ယောဂီပုဂ္ဂိုလ်များအား မြိတ်ဘိုးဘွားများရိပ်သာ(ရန်ကုန်)၊ လောင်းတော်ဦးသစ္စာအောင်မြေဓမ္မရိပ်သာ၊ ပတ္တမြားဓမ္မရိပ်သာတို့တွင် နေရာစီစဉ်ချထားပေးပါမည်။

ဆက်သွယ်ရန်ဖုန်း-
ဦးဝင်းထိန်-၀၉-၅၁၁၈၅၀၀၊ ဦးဇော်ဦး-၀၉-၇၉၉၉၃၈၈၃၀၊ ဒေါ်ရီရီဆွေ-၀၁-၂၃၀၀၈၀၆၊
ဒေါ်စန်းကြူ-၀၉-၅၁၈၁၀၄၄၊ ဒေါ်ခင်စောဝင်း-၀၉-၅၀၁၁၁၃၁၊
ဒေါ်သန်းသန်းစီ- ၀၉-၅၀၈၁၆၂၉
မှတ်ချက်။ ။ ၁၁-၄-၂၀၁၇ ညနေ ၄ နာရီ အရောက်လာပါရန်။

### ဂျာနယ်ကျော်မမလေး နှစ် ၁၀၀ ပြည့်ပွဲ

နေ့စဉ် နံနက် ၀၉း၀၀ နာရီမှ ညနေ ၀၅း၀၀ နာရီအတွင်း စာပေချစ်မြတ်နိုးသူ မည်သူမဆို လွတ်လပ်စွာ လာရောက်ကြည့်ရှု့လေ့လာနိုင်ပါသည်၊ ဂျာနယ်ကျော် မိသားစု

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၊ ၂၊ ၃ ရက်။ အမှတ် -၆၇၇/၇၀၉
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဘုန်းကြီးလမ်းထောင့်
သူနာပြုတက္ကသိုလ်ခန်းမ၊ ရန်ကုန်မြို့။


Organizer by CREATION STRENGTH CO., LTD.

**MEGA EXPO**

HOUSING | FURNITURE | MOBILE | CAR SHOW

DATE : 30-3-2017 to 2-4-2017
TIME : (9:00) am to (6:00) pm
PLACE : Tattmataw Hall, Uwisara Road, Yangon.

19(B), PARAMI ROAD, SOUTH OKKALAPA TSP, YANGON. 09-450045003, 09-450055888, 09-450050005, 09-421116111



Develop By
**တကောင်ဘွားကုမ္ပဏီလီမိတက်**
**TA GAUNG BWAR CO.,LTD.**

- AYA Bank နှင့် ချိတ်ဆက်၍ တိုက်ခန်းတန်ဖိုး၏(၃၀%) ငွေပေးချေခြင်းဖြင့် တိုက်ခန်းလက်ဝယ်ပိုင်ဆိုင်နိုင်ပြီး ကျန်ငွေ (၇၀%)ကို လပေါင်း (၁၂၀) တိတိ Hire Purchase စနစ်ဖြင့် အရစ်ကျ ငွေပေးချေနိုင်ခြင်း . . .
- တိုက်ခန်းဝယ်ယူသူအားလုံးအတွက် စုပေါင်းမြေပိုင်ဆိုင်မှု ရရှိခြင်း . . .

One Unit - 2 Carparks, ကျယ်ဝန်းသော GYM နှစ်ထပ်ခန်းမ၊ Infinity Swimming Pool၊ ကျယ်ဝန်းသော Relax Area & Garden, Mini Mart,Coffee Shop အစရှိသည့် Facilities ပြည့်စုံသော Condominium တွင် 1000 Sqft မှ 2300 Sqft အကျယ်အဝန်းရှိ ပြင်ဆင်ပြီး အခန်းများအား ရောင်းချပေးနေပါသည်။



(၁၈) ထပ်အဆောက်အဦ၏ ပြီးစီးမှု . . .

**GRAND MYAKANTHAR CONDOMINIUM**



No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888, 09 830 3888
Email : tagaungbwarcompany@gmail.com , Facebook : Ta Gaung Bwar



AMERICAN VISION
PROFESSIONAL EYE CARE CENTER
အမေရိကန်ပွဲရှင်း
နွေရာသီ Promotion အထူးအစီအစဉ်
Summer Sale
နောက်ဆုံးပေါ် ကမ္ဘာကျော် BRANDED အစစ်အမှန်
ပါဝါ၊ နေကာမျက်မှန် ဝယ်ယူသူတိုင်းအတွက်
လက်ဆောင်တွေလည်း ပေးဦးမှာနော်။
1st pair... 10% discount
2nd pair... 20% discount
3rd pair... 30% discount
ကမ္ဘာကျော် Branded မျက်မှန်ကိုင်းမျိုးစုံ အစစ်အမှန်တွေကို
တစ်နေရာတည်းမှာအစုံအလင်ရွေးချယ်ဝယ်ယူနိုင်ပါပြီ။
only until 11.4.2017
YANGON: (01) 242476, 241897, 241898,
MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393




ပါကေး အစားထိုး ကြမ်းခင်း
သင်္ကြန် ပွဲတော်အကြို Promotion
** Grade C နှင့် အထက်သီးသန့်
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Think of House, Think of Home
Grade A,B,C,D
စံမှန်မှုကိုစက်ဖြင့်
"အခပဲ" လက်တွေ့
စစ်ဆေးပေးသည်။
Buy Flooring
၃ ကျင်း ဝယ်လျှင်
Get Box
၁ ပုံး လက်ဆောင်
★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်းအနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
★ လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
ပိတ်ရက်မရှိ
➤ အမှတ် F.(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
➤ အမှတ်(11)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
HOTLINE: 09-79 700 70 70
09-79 700 70 80
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (ဖော့လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်




TOYOTA MINGALAR
သင်္ကြန်ပွဲတော် အထူးပရိုမိုးရှင်း
REVO Double Cab
US$ 44,100
"Brand New Hilux Revo Double Cab ဝယ်သူတိုင်း US$ 1,200 နှင့်ညီမျှသော Car Accessories များရရှိမည်ဖြစ်ပါ။"
Limited Stocks Only*
Validity till 31.03.2017*
သင်္ကြန်အတွင်း အလည်အပတ် ခရီးသွားမည့် တိုယိုတာကားများအတွက် (ကြော်ငြာပုံကို ဓါတ်ပုံရိုက်ပြ၍ပြုပြင်)
အခမဲ့ စစ်ဆေးခြင်း (၁၀)မျိုးနှင့်
ကားပြင်ဆင်မှုအတွက် Service Discount ကျပ် 10,000 အထိ
SHOWROOM - Hot Line : 01 514940~41
SERVICE STATION - Hot Line : 01 230 2122~23, 230 2126
Specifications may vary from model(s) shown.
www.facebook.com/toyotamingalar
Together, Tomorrow, Toyota
TOYOTA




လုံခြုံစိတ်ချမှု အပြည့်အဝရှိပြီး အရည်အသွေးမြင့်သော လျှပ်စစ်ပစ္စည်းများ
Panasonic
➤ မီးခလုတ်
➤ ဘရေကာ
➤ အလုဆင်မီး
➤ လေစုပ်ပန်ကာ
➤ လျှပ်စစ်မီးကြိုး
➤ STEEL CONDUIT PIPE &
➤ ISOLATOR
အတုအပ-ဆင်တူယိုးများ သတိပြုပါ။
YANDAYAR TRADING CO.,LTD
အမှတ်- ၃၀ (ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ဗဟန်း၊
☎ ၀၁-၅၀၂၃၃၃၊ ၅၀၃၂၂၉၊




Customer များရရှိမည့်အားသာချက်
DREAM ALUMINUM လက်လီလက်ကားဝယ်ယူသူများရရှိမည့်အားသာချက်
Euro System 45° ဒေါင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း။
Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့်သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
Slide/Casement Profile System အား အသုံးလုံလေလုံရေလုံစေရန် တီထွင်ထားခြင်း။
Slide System ပြေးလမ်းအောင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ ဘေးချော်မထွက်ခြင်း။
Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများ ကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ ခန့်ညားခြင်း၊ လုပ်အားအသုံးပြုရနည်းခြင်း။
လေးဖက်စလုံး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် နိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
Dream Frame ချောင်း၊ Acessories နှင့် စက်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း။
မြန်မာပြည်၏ အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။
Dream Aluminium မှ Marketing (မ) ဝန်ထမ်းအလိုရှိသည်။ ဘွဲ့ရဖြစ်ပြီး ရုပ်ရည်သင့်အတင့်ရှိရမည်။
Frame နှင့် Accessories များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394
အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ 01-8604394, 09-263563664

GETC
building a better future

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊
တွဲကြို၊ တွဲရှင့်
လုပ်ငန်းခွင်ဝင်နေသူများအတွက်



➲ Communicative English
➲ General English
➲ Business English
➲ IELTS

Enroll Now for March Intake!

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း |
| --- | --- | --- | --- |
| 01-537895, 09263337702 | 01-549590, 09254148006 | 09259822226/ 7 | 01-663960, 09259822220 |

Sunday ONLY Class is Available Now!

STAR ACADEMY International Bakery & Pastry Course
ပြည်တွင်း၊ ပြည်ပ ဟိုတယ်ကြီးများနှင့် ကိုယ်ပိုင်ဆိုင်ဖွင့်လှစ်လိုသူများအတွက် နိုင်ငံတကာအဆင့်မီ ပြုလုပ်ပြင်ဆင်နည်းသင်တန်း





Breads Puff Pudding Eclair Soft Roll
Cakes Danish Jelly Doughnut Hard Roll
Cookies Croissant Cream Puff Cheese Cake Focaccia

* သင်တန်းဝင်ခွင့်လျှောက်လွှာပိတ်ရက် (3.4.2017)
* လူဦးရေကန့်သတ်ထားပါသည်။

တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ပြည်လမ်း၊ မြေနီကုန်း(ရှိုမတက်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
Star Resources Co.,Ltd ☎ 01- 523 200၊ 230 4020၊ 230 4021၊ 523 623၊ 09 5020 302.

မြန်မာနစ်သစ်ကူးအကြို စာအုပ်အမျိုးအစားစုံလင်တာစာပေနန်းတော်မှာ
# စာပေနန်းတော် တစ်ဆိုင်လုံးရှိစာအုပ်များ
# အထူးလျှော့ဈေးဖြင့်ရောင်းချမည့်စာအုပ်ရောင်းပွဲ
စာပေနန်းတော်တိုက်ထုတ် ၃၀% အခြားတိုက်ထုတ်အနည်းဆုံး ၁၀%နှင့်အထက်
၂၀-၃-၂၀၁၇ မှ ၃-၄-၂၀၁၇ အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ၁၃၇/၁၄၀(ပထမထပ်)
ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်ကျောက်တံတား။ ဖုန်း-၀၉၂၆၀၂၄၅၂၂၄၊ ၀၉၇၃၃၄၀၉၃၆

အမှတ်
အာကာမိုး
T-Shirt
650/850
တီရှပ်၊ စပို့ရှပ်ပြန်ချုပ်ရေးနှင့် တံဆိပ်ရိုက်လုပ်ငန်း
Single ချည်+ နိုင်လွန် - L ⇨1050/-
Colour ချည်ပါး - L ⇨1300/-
Colour ချည်ထူ - L ⇨1450/-
ချည်သားကောင်း - L ⇨1850/-
09454090685, 09451655671

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်ပုံကားများ စုံလင်စွာ ရရှိနိုင်သည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

"သင်တန်းဟူသည် ထိပ်တန်းတစ်နေရာသို့ တက်ရာတွင် မရှိမဖြစ်လှေကားတစ်ခုဖြစ်သည်။"
ALL Trainings Are Essenential For Your Success
Vehicle Driving & Maintenance Training
၂၀၁၇ ခု၊ အပတ်စဉ်(၄၉)၊ ဧပြီလ (၃)ရက်နေ့ဖွင့်ပြီ
# ရောင်နီဦး
AURORA
ယာဉ်မောင်း စက်ပြင်သင်တန်းကျောင်း
အမှတ် ၁၄၊ ဇာဂနာလမ်း၊ (၅)ရပ်ကွက်၊ (ရှပ်ရှင်ရုံနောက်ကျော)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph-09-73235126, 09-43163080, 09-43170116
သင်တန်းခွဲ -အမှတ် ၅၂၉၊ အနော်ရထာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
Ph-09-43187831, 09-420317778

KYAW THU & ASSOCIATES Sky-Is-Not-The-Limit Program 2nd Batch
NLP Since 1990 College of Personal Development
အထောက်အကူပြုအစီအစဉ်
50% Discount (သက်ကြီးအတွက်သာ)
အသက် ၁၆ - ၃၀ အတွင်း
၂၀၁၇ခုနှစ်၊ ဧပြီလ၊ (၂၂၊၂၃)ရက်
မနက် ၉:၀၀ - ညနေ ၆:၀၀
Kyaw Thu & Associates မှ
သင်တန်းတိုင်းသည်
အမေရိကန်အခြေစိုက်
IAPCCT အဖွဲ့အစည်း
အသိအမှတ်ပြုဖြစ်သည်။
စာတွေ့မဟုတ်
လက်တွေ့သင်တန်းဖြစ်သည်။
NLP နည်းစနစ်များဖြင့်သင်ကြားမည်
☑ Team Building
☑ Stress Releasing
☑ Goal Setting
☑ Discovering Yourself
☑ Time Management
☑ Cause & Effect (TFAR)
☑ Personal Development
100% MONEY BACK GUARANTEE
#12-01, Olympic Tower, BoAungKyaw St, City of Kyauktada, Yangon
01 256 602, 01 392 617, 09 977 400 233, 09 504 0986 kta.ebs


မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

SPRING LINE
★ Hlaing River Landmark ★

◆ ဘိုးဘွားပိုင်မြေ- ဆောက်လုပ်မှုပြီးလုနီး SOHO CONDO
◆ Project ပတ်ပတ်လည်တွင် ထောင်ပေါင်းသောလုပ်ငန်းရှင်များ ဝန်းရံထားသောကြောင့် ရင်းနှီးမြှုပ်နှံမှုအတွက် အာမခံချက်ဖြစ်စေသည်။
◆ ၂၀၁၈ နှစ်လည်ပိုင်းတွင် အခန်းအပ်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ် လျှင်စွာရရှိစေပါသည်။

# FIRST BUSINESS CENTER
အခန်းတန်ဖိုး USD 160 /sq.ft မှစ၍ လပေါင်း ၄၀ အရစ်ကျငွေချေမှုစနစ်



ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက် အာမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။

Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township, Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.





ယခင်နှစ်က မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် မြို့မအလှပြယာဉ်တို့အား တွဲဖက်ကာ တွေ့ရစဉ်။

# မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် မြို့မအလှပြယာဉ် အပြန်အလှန်သီဆို၍ မန်းသင်္ကြန်ပုံရိပ်ကို ဖော်ထုတ်သွားမည်

**မန္တလေး မတ် ၂၇**

ယခုနှစ် မန္တလေးသင်္ကြန်တွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် မြို့မအလှပြယာဉ်တို့ တစ်လှည့်စီ အပြန်အလှန်သီဆိုဖျော်ဖြေ၍ အတိတ်က မန္တလေးသင်္ကြန်ပုံရိပ်များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း မြို့မ အပျော်တမ်းတူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က ပြောကြားသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**

# (၁၁)ကြိမ်မြောက် အာရှအမျိုးသား အသက်(၁၉)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၇**

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 11th Asian Boys U19 Volleyball Championship ပြိုင်ပွဲကြီးအား မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (A) (B) နှင့် (C) တို့တွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပမည့် ဖွင့်ပွဲအခမ်းအနား၊ မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်အထိ ကျင်းပသည့် ပွဲစဉ်များအနက် တစ်နေ့လျှင် ပွဲစဉ်(၃)ပွဲနှင့် ဧပြီ ၅ ရက်တွင် ကျင်းပမည့် ဆုပေးပွဲနှင့် ပြိုင်ပွဲပိတ်ပွဲအခမ်းအနားတို့ကို MRTV Sport Channel မှလည်းကောင်း၊ မြန်မာဘော်လီဘောအသင်း၏ ဧပြီလအတွင်း ယှဉ်ပြိုင်မည့် ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တို့မှ လည်းကောင်း တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ တို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၉ ရက် သတင်းစာတွင် ပါရှိမည်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၉ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)

# ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ) မကြာမီဖွင့်လှစ်တော့မည်

**ကလေးဝ မတ် ၂၇**

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတစ်ဝန်းရှိ လမ်းနှင့် တံတားများကို နိုင်ငံတကာအဆင့်မီ လမ်း၊ တံတားကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာစေရေးတို့အတွက် လမ်းနှင့် တံတားများကို တည်ဆောက်လျက်ရှိရာ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နှင့် ရေဦးမြို့တို့ကို ဆက်သွယ်ပေးမည့်ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ) တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကလေးဝမြို့တွင် တည်ဆောက်ပြီးစီးသည့် ချင်းတွင်းမြစ်ကူးတံတားမှာ ချင်းတွင်းမြစ်၏ မြစ်ဖျားပိုင်းတွင် တတိယမြောက် ချင်းတွင်းမြစ်ကူးတံတားဖြစ်ပြီး ရေဦး-ကလေးဝလမ်း မိုင်တိုင်အမှတ်(၁၀၅/၄)တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**






၂၈ - ၃ - ၂၀၁၇ (အင်္ဂါနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး တစ်နှစ်တာကာလဦးစားပေးဆောင်ရွက်ပေး

## နိုင်လင်းကြည်

ဓာတ်ပုံ – လှမြင့်ထွန်း(နယ်စပ်ရေးရာ)



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်။

နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်မှစပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တစ်နှစ်တာ ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရရှိရေးကို ရှေးရှုကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားလျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

**နယ်စပ်ဒေသများ၏**
**ထူးခြားသောဝိသေသများ**

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများသည် နယ်မြေကျယ်ပြန့်သော်လည်း လူဦးရေသိပ်သည်းမှုနည်းပါးခြင်း၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာ အလှမ်းကွာဝေးသဖြင့် ကူးလူးဆက်ဆံမှု နည်းပါးခြင်း၊ ဘာသာစကားဓလေ့ထုံးစံများ ကွဲပြားခြင်း၊ ပထဝီအနေအထားအရ အခြားသောပြည်နယ်ဒေသများနှင့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ပြင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် အယူဝါဒ၊ လူမျိုးရေး၊ ဘာသာရေး ကွဲပြားမှုများကိုအရင်းခံပြီး လွတ်လပ်ရေးနှင့်အတူ ဖြစ်ပေါ်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့် လူမှုစီးပွားဘဝများ အပါအဝင် အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ကြရသည်။

ထိုသို့သော အခြေအနေများ လျော့နည်းသွားစေရန် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၅-၅-၁၉၈၉ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် လုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ၃၁-၅-၁၉၈၉ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်ပေးထားသော မူဝါဒလမ်းညွှန်ချက်များအား စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းဆပ်ကော်မတီများကိုလည်း ဖွဲ့စည်း၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။

ထို့အတူ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ၂၄-၉-၁၉၉၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကိုပါ ပိုမိုထိရောက်စွာ ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရန် ၃၀-၁-၁၉၉၄ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအား နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ၃၀-၃-၂၀၁၁ ရက်တွင် ထပ်မံပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ (ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေဓလေ့ထုံးစံတို့ကို မြတ်နိုးစွာထိန်းသိမ်းနိုင်စေရန်၊ (ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ (ဃ) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊ (င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန် စသည့်ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုပိုပြင်ပြင် စနစ်တကျဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရသည် ၁၃-၈-၁၉၉၃ ရက်တွင် ဥပဒေအမှတ် (၁၁/၉၃)ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ အဆိုပါဥပဒေအား လက်ရှိအချိန်နှင့် ကိုက်ညီစေရန် ၂၂-၇-၂၀၁၅ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျဆောင်ရွက်နိုင်စေရန် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဥပဒေနှင့်အညီ ပင်မစီမံကိန်းတစ်ရပ်အား ၁၉၉၃-၉၄ ဘဏ္ဍာနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အထိ စုစုပေါင်း စီမံကိန်းကာလ ၁၃ နှစ် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်၏လမ်းညွှန်ချက်အရ အခြေခံနှစ် ၂၀၀၁- ၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ် ၃၀ နှစ်ရှည်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေး အဓိကဆောင်ရွက်ပေးမည့် ဒေသများအဖြစ် Border Line နှင့် ထိစပ်လျက်ရှိသည့် ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုရှိ မြို့နယ် ၁၆၈ မြို့နယ်၊ ကျေးရွာ ၁၁၀၆၉ ရွာတို့အား သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ တည်ငြိမ်အေးချမ်းမှု (Peace and Stability) ရရှိရေးသည် အဓိကအရေးအကြီးဆုံးအချက်အဖြစ်ခံယူပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးတို့ကို အထူးအလေးထားလျက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနသည် (က) နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ (ခ)နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ (ဂ) နယ်စပ်ဒေသတွင်နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ (ဃ) နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စသည့်မူဝါဒ (၄) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အထူးကဏ္ဍ (ခ) သို့ »»



ရခိုင်ပြည်နယ် စစ်တွေမြို့နယ်
ကမ်းခြေပတ်လမ်းဖောက်လုပ်ပြီးစီးမှုကို တွေ့မြင်ရစဉ်။

ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

**အထူးကဏ္ဍ (က) မှ »»**

ယခုအခါ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် ၂၃ ဦးဖြင့် လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၃၂ ဦးဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါသည်။ ၎င်းအပြင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကဏ္ဍအလိုက်စနစ်တကျ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန်အတွက် လမ်းတံတားလုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်း ဆပ်ကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးလုပ်ငန်းဆပ်ကော်မတီနှင့် လူမှုဝန်ထမ်းလုပ်ငန်းဆပ်ကော်မတီတို့ကိုလည်း ပြင်ဆင်ဖွဲ့စည်းထားပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

**နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဏ္ဍာငွေလျာထားသုံးစွဲမှု**

နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရန်အတွက် အခြေခံစီးပွားရေးဆိုင်ရာ အဆောက်အအုံများကို ဖော်ဆောင်ပေးရာတွင် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံ (Infrastructure) လုပ်ငန်းများဖြစ်သော လမ်းတံတားလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံများ၊ စိုက်ပျိုးရေနှင့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေး အထောက်အကူပြု တည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ်/တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ဒေသတွင်းရေရှည်တည်တံ့စေရေးနှင့် ဒေသခံလူထု၏ ပူးပေါင်းပါဝင်မှုရှိစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစပျိုးဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

နယ်စပ်ဒေသရှိ တိုင်းရင်းသား တိုင်းရင်းသူများရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မှ တစ်နှစ်လျှင် B.E.D ဘွဲ့ရ ဆရာ/ဆရာမ ၅၀၀ ခန့်ကိုလည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် စစ်ကိုင်းနှင့် ရန်ကုန်တို့မှ တစ်နှစ်လျှင် A.G.T.I၊ ဒိပ္လိုမာ၊ သိပ္ပံဘွဲ့ရ သင်တန်းသား ၆၀၀ ခန့်ကိုလည်းကောင်း အသီးသီးမွေးထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းပြီးသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ခန့်အပ်တာဝန်ပေးနိုင်ခဲ့သည်။ ထို့အပြင် အလယ်တန်း၊ အထက်တန်းပညာရေးသင်ကြားပေးလျက်ရှိသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၃ ကျောင်းတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်မှစပြီး တစ်နှစ်တာကာလအတွင်း ပြည်နယ်/တိုင်းဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ စုစုပေါင်း ၇၃၇ ခုကို ခွင့်ပြုရန်ပုံငွေ ကျပ် ၆၈ ဒသမ ၂၆၂ ဘီလီယံ သုံးစွဲပြီး ဆောင်ရွက်နိုင်ခဲ့ပါသည်။ လုပ်ငန်းများအနေဖြင့် မြေလမ်း ၅၅၉ မိုင်၊ ကျောက်လမ်း ၂၁၉ မိုင်၊ ကတ္တရာလမ်း ၇၅ မိုင်၊ ကွန်ကရစ်လမ်း ၁၂ မိုင်၊ ဆိုင်ကယ်လမ်း ၇၂ မိုင်၊ တံတားကြီး/လတ်/ငယ် ၈၇ စင်း၊ Box Culvert ၉၃၃ ခု၊ စာသင်ကျောင်းအသစ်တည်ဆောက်ခြင်းနှင့် အဟောင်းပြုပြင်ခြင်း ၂၁၅ ကျောင်း၊ ရေတွင်း/ရေကန် တူးဖော်ခြင်း ၁၄၉ ကန်၊ ရေရရှိရေးလုပ်ငန်း ၄၄ ခု၊ မီးလင်းရေး ၈၆ ရွာတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်/ကောလိပ်၊ လူငယ်ကျောင်းများ၊ အိမ်တွင်းမှုကျောင်းများ၊ စက်မှုလက်မှုကျောင်းများ၌ ရှိသည့် သင်တန်းသား ၁၂၀၀၀ ကျော်အတွက် စားသောက်နေထိုင်ရေးနှင့် သင်တန်းဆိုင်ရာလိုအပ်ချက်များ၊ သင်တန်းအဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၄၉၄ ဘီလီယံ ကျခံသုံးစွဲဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ပါ၍ တစ်နှစ်တာကာလအတွင်းမှာ ဝန်ကြီးဌာနအနေဖြင့် စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၈၄ ဒသမ ၇၅၆ ဘီလီယံသုံးစွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

**မြန်မာပြည်(မြောက်ပိုင်း)**
**ဝေးလံခေါင်ဖျားသော ပူတာအို-**
**ခေါင်လန်ဖူးလမ်း ဖောက်လုပ်ခြင်း**

နယ်စပ်ဒေသ လမ်း တံတားလုပ်ငန်းများနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်မှာ ကျေးရွာတစ်ရွာနှင့်တစ်ရွာ၊

**အထူးကဏ္ဍ (ဂ) သို့ »»**



နိုင်ငံတကာအထောက်အပံ့ဖြင့် တည်ဆောက်ထားသည့် စာသင်ကျောင်း။

အထူးကဏ္ဍ (ခ) မှ »»

နယ်မြေဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ် သွားလာနိုင်စေရေး ရှေးဦးစွာ လမ်းများပေါက်သွားစေရမည်ဖြစ်ပြီး ထိုလမ်းများကို အသုံးပြုဆက်သွယ်သွားလာရင်း တွေ့ပါများတော့ မြင်၊ မြင်ပါများတော့ ရင်းနှီး ဆိုသည့် စကားနှင့်အညီ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားလာရေးပင်ဖြစ်သည်။ ထိုမျှော်မှန်းချက်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေများအတွင်း ဆောင်ရွက်ခဲ့သော လမ်း/တံတား စီမံကိန်းလုပ်ငန်းများအနက် ဝေးလံခေါင်ဖျားသည့် ကချင်ပြည်နယ်(မြောက်ပိုင်း)တွင် ပူတာအို-နောင်မွန်လမ်းပေါ်ရှိ မဝွေဇမှ ခေါင်လန်ဖူးအထိ ၆၅ မိုင်ကို ခက်ခဲကြမ်းတမ်းသည့် တောတောင်လျှိုမြောင်များဖြတ်ပြီး တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ B.E အင်ဂျင်နီယာစစ်သည်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖောက်လုပ်ပေးနိုင်ခဲ့သည်။ အဆိုပါလမ်းကို မဝွေဇကနေ ငါ့လုံဒမ်အထိ အပိုင်း (၁) အဖြစ်လည်းကောင်း၊ ငါ့လုံဒမ်မှ ရီဒမ်းအထိကို အပိုင်း (၂)အဖြစ်လည်းကောင်း၊ ရီဒမ်းမှ ခေါင်လန်ဖူးအထိကို အပိုင်း (၃) အဖြစ်လည်းကောင်း ဖောက်လုပ်သွားမည်ဖြစ်သည်။

## နယ်စပ်ဒေသကျေးလက်များတွင် သန့်ရှင်းသော သောက်သုံးရေ/စိုက်ပျိုးရေ ရရှိရေး

လက်ရှိနိုင်ငံတော်အစိုးရ တာဝန်ယူပြီးနောက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရက် (၁၀၀) စီမံကိန်းအရ နိုင်ငံတော်တစ်ဝန်း၌ ရေကန်ပေါင်း ၁၀၀ တူးဖော်ဆောင်ရွက်ပေးခဲ့သည်မှ အစပြု၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်၍ ရေကန်များ တူးဖော်ပေးခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်း၊ စက်တူးတွင်း၊ လက်တူးတွင်း တူးဖော်ပေးခြင်းတို့ကို စုစုပေါင်း ရန်ပုံငွေကျပ် ၃၅၀၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများ၏ သောက်သုံးရေရှားပါးမှုအခက်အခဲကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

## တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး စံပြကျေးရွာများထူထောင်

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ယခင်ကတည်းကပင် ရခိုင်ပြည်နယ်အတွင်း၌ နတလ စံပြကျေးရွာ ၁၉ ရွာ၊ စုစည်းကျေးရွာ ၂၀ စုစုပေါင်း ၃၉ ရွာကို တည်ဆောက်ပေးခဲ့သည်။ ယခုလည်း မောင်တောမြို့နယ် ကျောက်ပန်းတူကျေးရွာ၌ ရခိုင်တိုင်းရင်းသားမိသားစုများအတွက် စံပြကျေးရွာတစ်ရွာ ထူထောင်ရန် တန်ဖိုးသင့်အိမ်ရာ အလုံး ၁၀၀ တည်ဆောက်လျက်ရှိပြီး ကျေးရွာတွင်းလမ်းများဖောက်လုပ်ခြင်း၊ ရေသွယ်ယူခြင်း၊ မီးလင်းရေးလုပ်ငန်းများအပြင် နေထိုင်မည့်ပြည်သူများအတွက် ရိက္ခာထောက်ပံ့ခြင်းလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ IDP များအတွက် စစ်တွေတွင် တဲတန်းလျားအလုံး ၅၀၊ ရမ်းဗြဲတွင် ၁၂ လုံး စုစုပေါင်း ၆၂ လုံး ပြုပြင်ပေးခဲ့သည်။ ထို့အတူ ကယားပြည်နယ် ဟွေ့ပုံလောင်းဒေသ ဟွေ့အော့ကျေးရွာတွင်လည်း တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ပေးပြီး ကျေးရွာသစ်တစ်ရွာ တည်ဆောက်ပေးခဲ့သည်။

## လူသားချင်းစာနာသည့် အထောက်အပံ့များ

ဝေးလံခေါင်ဖျားသော နယ်စပ်ဒေသရှိ ဆင်းရဲနွမ်းပါးသော တိုင်းရင်းသားများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် IDPs များအတွက် လူသားချင်းစာနာသော အထောက်အကူအဖြစ် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် စားနပ်ရိက္ခာများ၊ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ စုစုပေါင်း ကျပ်သန်း ၁၀၆၀ ထောက်ပံ့ပေးအပ်နိုင်ခဲ့သည်။



နယ်စပ်ဒေသရှိ တိုင်းရင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ခေတ်မီမော်တာစက်ချုပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးနေစဉ်။

## စာသင်ကျောင်း ၁၀၀ စီမံကိန်းများ

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း အထောက်အပံ့ဖြင့် ရခိုင်ပြည်နယ်တွင် BAJ အဖွဲ့မှ စာသင်ကျောင်း ၁၀၀၊ ရှမ်းပြည်နယ်တွင် စေတနာအဖွဲ့မှ စာသင်ကျောင်း ၁၀၀ ကို ပြည်နယ်တစ်ခုလျှင် တစ်နှစ်လျှင် စာသင်ကျောင်း ၂၀ စီဖြင့် တည်ဆောက်ပေးလျက်ရှိရာ ယခုနှစ်အထိ စာသင်ကျောင်း ၁၀၀ စီဖြင့် စုစုပေါင်း စာသင်ကျောင်း ၂၀၀ အား တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

## ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ

နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် အဓိကကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး စိုက်ပျိုးမှုပပျောက်ရေးအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) နောင်တရားဒေသတွင် ဘိန်းစိုက်ပျိုးသည့် ကျေးရွာများအား စိုက်ပျိုးမှုပပျောက်စေရေးအတွက် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် Pilot Project သုံးနှစ်စီမံကိန်းကို သက်ဆိုင်သည့်ဝန်ကြီးဌာန လေးခု ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေပြင်ကွင်းဆင်းစစ်တမ်းကောက်ယူခြင်း လုပ်ငန်းကို ယခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ဒေသ၏လိုအပ်ချက်အပေါ် စီမံကိန်းရေးဆွဲ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လျာထား ဆောင်ရွက်နိုင်ခဲ့သည်။

## ဝန်ကြီးဌာန ဖွဲ့စည်းပုံပြင်ဆင်ခြင်း

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံသည် ယခင်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးသော ဖွံ့ဖြိုးရေးအထူးဒေသများအပေါ် အခြေခံ၍ ဖွဲ့စည်းထားခဲ့ရာမှ ယခုအခါ နယ်စပ်ဒေသတစ်ခုလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်ဖွဲ့စည်းပုံနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများဖြင့် အရာရှိ/ဝန်ထမ်းအင်အားများကိုပါ ပြင်ဆင်ရေးဆွဲ ဖွဲ့စည်းနိုင်ခဲ့သည်။

## ဒေသန္တရလမ်းတံတား ကော်မတီဖွဲ့စည်းမှု

ထို့အတူ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းသဘောသဘာဝတူညီသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများ မထပ်စေရန်နှင့် ကွက်ပြည့်အကောင်အထည် ဖော်နိုင်ရန်အတွက် ဒေသန္တရလမ်းတံတားကော်မတီကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၃၈၆၀ အနက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသရှိ ကျေးရွာပေါင်း ၁၁၀၆၉ ရွာကိုလည်းကောင်း၊ ကျန်ကျေးရွာ ၅၂၇၉၁ ရွာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်းကောင်း ဖွံ့ဖြိုးမှုဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

## ဝန်ထမ်းများအရည်အသွေးမြှင့်တင်ခြင်း

ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အရည်အသွေးတိုးတက်မြင့်မားလာစေရေး၊ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးနိုင်ရေးရည်ရွယ်၍ ဝန်ကြီးဌာနမှ ဝန်ထမ်းများကို တည်ဆောက်ရေးလုပ်ငန်းများအား စနစ်တကျ ကြပ်မတ်စစ်ဆေးနိုင်ရန်အတွက် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ တစ်ကြိမ်လျှင် သင်တန်းသား ၃၀ ဖြင့် တစ်လ သင်တန်း ငါးကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး စုစုပေါင်း သင်တန်းသား ၁၅၀ ကို အရည်အချင်း မြှင့်တင်ပေးနိုင်ခဲ့သည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အရာထမ်း/အမှုထမ်းများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ/ဆရာမများကို စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်းပိုမိုကောင်းမွန်စေရေးအတွက် British Council နှင့် Nippon Foundation အဖွဲ့အစည်းတို့နှင့်ပူးပေါင်း၍ ခေါင်းဆောင်မှုစွမ်းရည် တိုးတက်စေရေးသင်တန်းများ၊ အင်္ဂလိပ်စကားပြောကျွမ်းကျင်စေရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

## တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေး

နယ်စပ်ရေးရာဝန်ကြီးဌာနသည် သက်ဆိုင်ရာ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားများကို တိုင်းရင်းသားအချင်းချင်း

အထူးကဏ္ဍ (ဃ) သို့ »»



တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၌ ယခုနှစ်မှစတင်၍ တိုင်းရင်းသူ ၅၃ ဦးကို ကွန်ပျူတာဘာသာရပ် စတင်သင်ကြားလေ့ကျင့်ပေးနေပြီဖြစ်သည်။



**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများအား အိမ်တွင်းမှု(ဂျပ်ခုတ်)အတတ်ပညာရပ်များ လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

**အထူးကဏ္ဍ (၈) မှ »»**

ရင်းနှီးချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်ရင်း တစ်ဦး၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးက လေ့လာသိရှိ ဖလှယ်ခွင့်ရရှိစေရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး ရရှိခဲ့သည့် အတွေ့အကြုံကောင်းများကို မိမိတို့ရပ်ရွာ ဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်စွာပြန်လည် အသုံးချနိုင်စေရန်၊ မိမိတို့ တိုင်းရင်းသား အားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ မှီတင်းနေထိုင်လျက်ရှိကြသော တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်နှမများဖြစ်ကြသည်ဆို သော ကောင်းမွန်မှန်ကန်သည့်ခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်များရှင်သန် ခိုင်မာလာစေရန်ဆိုသည့် ရည်ရွယ်ချက်များ ဖြင့် ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ပလောင်နှင့် ဓနုတိုင်းရင်းသားများကို ဖိတ်ကြား ခေါ်ယူပြီး နေပြည်တော်နှင့် ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေး ခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်ကိုလည်း နှစ်စဉ် တိုင်းရင်းသားမျိုးစုံပါဝင်နိုင်အောင် အလှည့်ကျစနစ်ဖြင့် ခေါ်ယူဆောင်ရွက်ပေး သွားမည် ဖြစ်သည်။

**ဒီဂရီကောလိပ်များ၌ သင်တန်းသူများစတင်လက်ခံ**

နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့်(စစ်ကိုင်း)တို့တွင် စတင်ဖွင့်လှစ်ချိန်မှ ယခင်နှစ်ပညာသင်နှစ်အထိ နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသားလူငယ်လေးများကို သာ တစ်နှစ်လျှင် ၆၀၀ ခန့် ရွေးချယ်ခေါ်ယူ သင်ကြားပေးခဲ့သည်။ သို့သော် ပြောင်းလဲလာ သည့် ခေတ်စနစ်ပေါ်မူတည်ပြီး နိုင်ငံတော် အစိုးရ၏ချမှတ်ထားသော မူဝါဒများနှင့်အညီ ကျား၊ မ မခွဲခြားဘဲ တန်းတူရည်တူ အခွင့် အရေးရရှိစေရန်အတွက် လည်းကောင်း၊ လူ့ စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက်လည်းကောင်း၊ Pilot Project အနေ ဖြင့် ယခုစာသင်နှစ်မှစတင်ပြီး ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)တွင် သင်တန်းသူ ၅၃ ဦးကို သင်ကြားလေ့ကျင့်ပေးလျက်ရှိ သည်။ နောင်နှစ်များတွင်လည်း ဒီဂရီကောလိပ် နှစ်ခုစလုံးတွင် တိုင်းရင်းသူအမျိုးသမီးဦးရေ ယခုထက် ပိုမိုလက်ခံသင်ကြားပေးနိုင်ရန် စီမံ ဆောင်ရွက်လျက်ရှိသည်။

**အောင်ချက်မြင့်မားရေး**

နယ်စပ်ဒေသအသီးသီးတွင် နယ်စပ် ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၄ ကျောင်း ဖွင့်လှစ်ထား ရှိပြီး တိုင်းရင်းသားလူငယ် ၆၃၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယခင် နှစ်များထက် တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားစေရေး အတွက် ယခုစာသင်နှစ်မှစ၍ ပြင်ပမှအတွေ့ အကြုံမြင့်မားသော ဝါရင့်ဆရာကြီး ဆရာမ ကြီးများကိုခေါ်ယူပြီး ဉာဏ်ပူဇော်ခချီးမြှင့်၍ အနီးကပ်သင်ကြားပို့ချပေးမှုများ ပြုလုပ်နိုင် ခဲ့သည်။

**အသက်မွေးဝမ်းကျောင်းပညာ**

အသက်မွေးဝမ်းကျောင်းပညာ (Vocational Training) သည် မိမိတို့ဝါသနာနှင့် ကိုက်ညီသောပညာရပ်များကို သင်ယူခွင့်ရရှိ အောင် စီမံဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယင်း ပညာရပ်ကိုလည်း ဒုတိယတန်းစားပညာရပ် အဖြစ် သဘောမထားကြရန်၊ နိုင်ငံတော် အတွက် တက္ကသိုလ်ပညာရေးကဲ့သို့ပင် အသက်မွေးဝမ်းကျောင်း ပညာရေးကိုလည်း အထူးအလေးထားကြရန် လိုပေသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်ကို တန်ဖိုး ထားသောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုများ ရှိနေသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်း များလည်း ပိုမိုရရှိနေကြောင်း တွေ့မြင်နိုင် ပေသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ၌လည်း အသက်မွေးဝမ်းကျောင်းပညာရေးကို ပထမ တန်းစား ပညာရေးအဖြစ် တန်ဖိုးထားလာ သည်အထိ ကြိုးပမ်းမြှင့်တင်ဆောင်ရွက်သွား ကြရန်လည်း လိုအပ်သည်။

အဆင့်မြင့်ပညာရပ်များ သင်ကြားရန် အခွင့်အရေးမရှိခဲ့ကြသည့် နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသားလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်စေရန် ရည်ရွယ်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ် များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ ကို ယခင် ခုနစ်ကျောင်းသာဖွင့်လှစ်ခဲ့ရာမှ ယခုနှစ်တွင် ကိုးကျောင်းအထိ တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့ပြီး ကွန်ပျူတာသင်တန်း၊ လျှပ်စစ်သွယ် တန်းခြင်း သင်တန်း၊ မော်တော်ယာဉ်စက်ပြင် သင်တန်း၊ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ် ဂဟေသင်တန်း စသည့် အသက်မွေး ဝမ်းကျောင်းသင်တန်းများကို တိုးချဲ့သင်ကြား ပို့ချပေးလျက်ရှိပြီး တိုင်းရင်းသားများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားခွင့် မရခဲ့ကြသည့် တိုင်းရင်းသူအမျိုးသမီးများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးရည်ရွယ်ပြီး နယ်စပ်ရေးရာဝန်ကြီး ဌာနအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ ကို ယခင် ၃၉ ကျောင်းရှိရာမှ ယခုအခါ ၄၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ အိမ် တွင်းမှု သင်တန်းကျောင်းများတွင် အခြေခံ စက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ် သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရက် ကန်း/ဂျပ်ခုတ်သင်တန်း၊ ကနုကမာကျောက်စီ သင်တန်း၊ ကြိမ်/ဝါးသင်တန်း၊ ဟင်းလျာ သင်တန်းတို့ကို ၂၀၁၆ ခုနှစ်တွင် သင်တန်းသူ ၆၅၀၀ အား သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ယခုနှစ်မှစ၍ တိုင်းရင်းသားရိုးရာလက်မှု ပညာများကို ခေတ်မီဒီဇိုင်းများရေးဆွဲကာ ရိုးရာဂျပ်ခုတ်နှင့် ရက်ကန်းအထည်အဆန်း များကို ပြန်လည်ဖော်ထုတ်ပြီး ဈေးကွက်ရောင်း တန်းဝင်အောင် တိုင်းရင်းသားရိုးရာအထည် ဆိုင်များနှင့် ချိတ်ဆက်၍ စတင်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ**

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့ စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေများ ဖြင့် ဆောင်ရွက်ပေးနေသည်သာမက နိုင်ငံ တကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ယခုတစ်နှစ်တာ ကာလအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု စီမံကိန်း ငါးခု၊ ကုလသမဂ္ဂအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း သုံးခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ကိုးခု စုစုပေါင်း စီမံကိန်း ၁၇ ခုကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၃ ခုတွင် ပညာရေး၊ ကျန်းမာ ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက် မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေး၊ အခြေခံအဆောက်အအုံများ တည် ဆောက်ရေး၊ မိသားစုများ ဝင်ငွေတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။


အလားတူ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ငါးသန်း ကူညီမှုဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများတွင် စာသင်ကျောင်း ၁၀ ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ကိုးခု၊ တံတားခြောက်စင်းနှင့် လမ်းလုပ်ငန်း များ စသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

**ဖက်ဒရယ်စနစ်ကိုအခြေခံသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကား ပြန့်ပွားရေးကိုလည်း အထူး အလေးထားဆောင်ရွက်ခဲ့သည်။ စည်းလုံး ညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်မည်မဟုတ် ပေ။ ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင်လည်း တည်ငြိမ် မှုနှင့် ငြိမ်းချမ်းမှုကို ထိန်းသိမ်းရန်အလွန်ခက်ခဲ သည်။ ထိုနှစ်ခုကို ဟန်ချက်ညီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူး အရေးကြီးလှပါသည်။

နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများသည် မိမိတို့တိုင်းရင်းသားအားလုံး မျှော်မှန်းထားရှိသည့် ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ ဖက်ဒရယ်စနစ်ကိုအခြေခံသော ဒီမိုကရေစီနိုင်ငံထူထောင်ရေး လုပ်ငန်းစဉ် များကို များစွာအထောက်အကူပြုလျက်ရှိပေ သည်။

ဤသည်တို့ကို အလေးအနက်ခံယူလျက် နယ်စပ်ရေးရာဝန်ကြီးဌာနသည် ချမှတ်ထား သော မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်း သား သွေးချင်းများနှင့် အတူတကွ လက်တွဲ ပူးပေါင်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင် ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက် ပါသည်။ ။



**ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အစားထိုးသီးနှံစိုက်ပျိုးနိုင်ရေး နောင်တရား၌ စီမံကိန်းအဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်နေစဉ်။**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ တစ်နှစ်တာ

သိမ့်သိမ့်မိုး

ရာသီဥတုပြောင်းလဲမှု လျော့ပါးစေရေး၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး စသည့် သစ်တောထိန်းသိမ်းလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများပျက်စီး ဆုံးရှုံးမှုလျော့နည်းစေရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံမေးမြန်းထားပါသည်။

**ဦးအုန်းဝင်း**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

မေး။ ။ တစ်နှစ်တာကာလအတွင်း ထင်ရှားတဲ့ပြုပြင်ပြောင်းလဲမှုများကို ပြောပြပေးစေချင်ပါတယ်ရှင့်။

ဖြေ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ကဏ္ဍကြီးသုံးရပ်ရှိပါတယ်။ သစ်တော ထိန်းသိမ်းရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနဲ့ သတ္တုတူးဖော်ရောင်းချရေးဆိုပြီးတော့ ကဏ္ဍကြီးသုံးရပ်ရှိပါတယ်။ သစ်တောနဲ့ပတ်သက်လို့ ထင်ရှားတဲ့ပြုပြင်ပြောင်းလဲမှုကတော့ တစ်နိုင်ငံလုံး ကျွန်းနဲ့သစ်မာထုတ်လုပ်မှုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ရပ်နားထားခဲ့ပါတယ်။ ဒါဟာလည်းပဲ သစ်တောတွေကာကွယ်ထိန်းသိမ်းနိုင်ဖို့အတွက် ဖြစ်ပါတယ်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း။

## ခုတ်လှဲခွင့်အရေအတွက်လျှော့

ကျွန်းနဲ့ အင်မတန်အဖိုးတန်တဲ့ သစ်တွေ ပေါက်ရောက်တဲ့ ပဲခူးရိုးမကြီးကိုလည်း သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်နားထားပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစလို့ ပြည်တွင်းသစ်လိုအပ်ချက်ပေါ်မူတည်ပြီး ACC လို့ခေါ်တဲ့ သတ်မှတ် နှစ်စဉ်ခုတ်လှဲခွင့် အရေအတွက်ထက် လျှော့ခုတ်ဖို့ရည်ရွယ်ထားပါတယ်။ အဲဒီလို လျှော့ခုတ်ခြင်းအားဖြင့် သစ်တောသစ်ပင်ကို ထိန်းသိမ်းရာလည်းရောက်ပါတယ်။

မြန်မာ့သစ်လုပ်ငန်းဌာနက အရင်တုန်းက လက်ခွဲကန်ထရိုက်စနစ်နဲ့ သစ်ထုတ်ပါတယ်။ အခုအခါမှာတော့ ကုမ္ပဏီတွေကို ထုတ်လုပ်ခွင့်မပြုတော့ဘဲ မြန်မာ့သစ်လုပ်ငန်းကသာ တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်ပပို့ခွင့်ကို လုံးဝတားမြစ်

နောက်ထပ် ပြုပြင်ပြောင်းလဲမှုကတော့ သစ်တွေကို သစ်လုံး၊ သစ်ခွဲသားတွေကို ရောင်းချတဲ့နေရာမှာ ပြည်ပပို့ခွင့်ကို လုံးဝတားမြစ်ထားပါတယ်။ သိမ်းဆည်းရမိတဲ့ သစ်တွေကိုလည်း ပြည်ပပို့ခြင်း လုံးဝပိတ်ပင်ထားပါတယ်။ ဒါဟာ ကိုယ့်ပြည်တွင်းမှာ ဖောဖောသီသီ သုံးစွဲနိုင်ဖို့ရည်ရွယ်ပြီး ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ မြန်မာ့သစ်လုပ်ငန်းမှာ ရောင်းဝယ်ရေးနဲ့ပတ်သက်ပြီး ဟိုအရင်တုန်းကတော့ ပုံစံအမျိုးမျိုးရှိပါတယ်။

၂၀၁၆-၂၀၁၇ ခုနှစ်ကစပြီး ပုံစံတစ်မျိုးပြောင်းထားတာကတော့ မြန်မာ့သစ်လုပ်ငန်းလည်း အကျိုးရှိဖို့၊ ရောင်းသူဝယ်သူတွေလည်း ပွင့်လင်းမြင်သာမှုရှိဖို့ ပြည်တွင်း ပြည်ပဝယ်ယူသူများနဲ့ တကယ့်သုံးစွဲသူများလည်း ထိရောက်စွာအကျိုးရှိဖို့အတွက် လွတ်လွတ်လပ်လပ် ဝယ်ယူနိုင်ဖို့အတွက် သစ်များကို အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရောင်းချခြင်းကို ပြုလုပ်ခဲ့ပါတယ်။ ထိုနည်းတူ သစ်တွေကို ခုတ်တဲ့နေရာမှာ ချိန်းဆောလို့ခေါ်တဲ့ လက်ကိုင်စက်လွှတွေ အင်မတန်ကိုပေါများနေပါတယ်။ ဒါကြောင့်မို့ အခုအခါမှာ လက်ကိုင်လွှစက်များကို ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်းကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ကန့်သတ်ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးမှုဟာ ဘယ်လောက်အတိုင်းအတာရှိနေပါသလဲ။ သစ်တောပြုန်းတီးမှုလျော့ပါးစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ တိုင်းတာချက်အရ မြန်မာတစ်ပြည်လုံးရဲ့ သစ်တောဧရိယာဖုံးလွှမ်းမှုဟာ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းပဲရှိတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့ အကြောင်းအားလျော်စွာ ကုန်ခန်းသွားတဲ့ နေရာတွေ၊ ကွက်လပ်တွေကို ပြန်လည်ပြီး စိုက်ပျိုးဖို့ ၂၀၁၇-၂၀၁၈ ခုနှစ်ကနေ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ ၁၀ နှစ်စီမံကိန်းချပြီးတော့ ဆောင်ရွက်ထားပါတယ်။ ဒါဟာလည်း သစ်တောကဏ္ဍအတွက် အင်မတန်ထင်ရှားတဲ့ ပြောင်းလဲမှုကြီးဖြစ်ပါတယ်။

မေး။ ။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေဖို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း ပြောပြပေးပါ။

ဖြေ။ ။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဝန်ကြီးဌာနအောက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရှိပါတယ်။ အဲဒီဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ ပတ်သက်ပြီး အဓိကဆောင်ရွက်နေတဲ့ ဌာနကြီးတစ်ခုဖြစ်ပါတယ်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အဓိကမဏ္ဍိုင်ကြီး သုံးရပ်ရှိပါတယ်။ လူမှုရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင်ဆိုပြီးရှိပါတယ်။ ဒီမဏ္ဍိုင်ကြီး သုံးရပ်ထဲမှာ အဓိကကျတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင်ဟာ အင်မတန်အရေးကြီးပါတယ်။

## အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒ

ကျွန်တော်တို့မြန်မာနိုင်ငံမှာ စက်မှုလုပ်ငန်းတွေ ထွန်းကားလာတယ်။ မြို့ပြတွေ ချဲ့ထွင်လာတယ်၊ စီးပွားရေးလုပ်ငန်းတွေ ချဲ့ထွင်လာပြီး လူဦးရေလည်း တိုးပွားလာပါတယ်။ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုလည်း များပြားလာပါတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ အလွန်အရေးကြီးပါတယ်။ ပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု များပြားလာတာတွေကို ၁၉၉၄ ခုနှစ်မှာ အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒဆိုပြီး ရေးဆွဲပါတယ်။

ဒီမူဝါဒဟာ အခုရှိတဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြန်လည်ပြင်ဆင်ပြီး အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒကို အချောသတ် ရေးဆွဲလျက်ရှိပါတယ်။ ဒီလိုရေးဆွဲရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူအားလုံးဟာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျန်းမာပျော်ရွှင်ဖို့အတွက် သန့်ရှင်းတဲ့ ပတ်ဝန်းကျင်နဲ့ ခိုင်မြဲတဲ့ဂေဟစနစ်ကို ပိုင်ဆိုင်ဖို့ ဖြစ်ပါတယ်။ ဒါမှသာ လူသားအပါအဝင် အားလုံးသောသတ္တဝါများဟာ အရှည်တည်တံ့ဖွံ့ဖြိုးရပ်တည်နိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာမှာ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတွေ ဖြစ်နေပါတယ်။ အဲဒီဖောက်ပြန်ပြောင်းလဲမှုက လူတွေအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့၊ ရာသီဥတုဒဏ်လည်း လျော့ပေါ့နိုင်ဖို့ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်တွေကို အပြီးသတ်မူကြမ်းရေးဆွဲခဲ့ပြီးပါပြီ။ သို့သော်လည်း အဲဒီကဆက်ပြီး လမ်းညွှန်မူဝါဒအဖြစ် မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒကိုလည်း ဆက်လက်ရေးဆွဲလျက်ရှိပါတယ်။

## ရာသီဥတုပြောင်းလဲမှုဒဏ်

ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်မယ့် စီးပွားရေးလုပ်ငန်းတွေ၊ နောက်တစ်ခါ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုမဖြစ်စေဘဲ ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေလုပ်ဖို့အတွက် အမျိုးသားအဆင့် အစိမ်းရောင် စီးပွားရေးဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာမူဘောင် ရေးဆွဲနေပါတယ်။ မဟာဗျူဟာအပြီးသတ်ရေးဆွဲနိုင်ဖို့အတွက်လည်း ပြည်တွင်းပြည်ပပညာရှင်တွေ ပူးပေါင်းပြီးတော့ ရေးဆွဲလျက်ရှိပါတယ်။ ဒါဟာ အင်မတန်အရေးကြီးတဲ့လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပါတယ်။



ရေစကြိုမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည့် ရှင်မတောင်၏ သဘာဝရှုခင်းကို ဝေဟင်မှမြင်တွေ့ရစဉ်။

ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒနဲ့ မဟာဗျူဟာမူဘောင်တွေကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဗဟိုအဆင့်အဖွဲ့အစည်းရှိပါတယ်။

အထူးကဏ္ဍ (စ) သို့ »»



ကျောက်ပန်းတောင်းမြို့နယ် စိုက်ခင်းအမှတ် (၁/၂၀၁၇) ကျေးရွာသုံးစိုက်ခင်း ဧက ၇၀ ၏ ကျင်းတူးခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

**အထူးကဏ္ဍ (င) မှ »»**

ဒါက ဒုတိယသမ္မတ (၁) နာယကအဖြစ် ဦးဆောင်ပြီးတော့ ဗဟိုကော်မတီနဲ့ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှာလည်း အမြဲတမ်းအတွင်းဝန် ခြောက်ဦးကို မိမိတို့ရဲ့ကဏ္ဍအလျောက် ဦးဆောင်တဲ့လုပ်ငန်းကော်မတီ ဖွဲ့စည်းထားပါတယ်။ ဒ့ါအပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ကြီးကြပ်မှုကော်မတီနဲ့ လုပ်ငန်းအဖွဲ့အစည်းများကို တိုးမြှင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အောက်ခြေအထိ ထိရောက်အောင်ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုတဲ့နေရာမှာ ကဏ္ဍအားလုံးဟာ ဆက်စပ်ပြီးပါဝင်နေပါတယ်။ ဒါကြောင့်မို့ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေရှိပါတယ်။ ဝန်ကြီးဌာနတွေ၊ ပုဂ္ဂလိကတွေ၊ CSO တွေ၊ ပညာရှင်တွေ ပါဝင်ပတ်သက်သူတွေရှိပါတယ်။ ဒါတွေအားလုံး စုစုရုံးရုံးနဲ့ ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်မှသာလျှင် ဒီလုပ်ငန်းကြီး အောင်မြင်မှာဖြစ်ပါတယ်။

မေး။ ။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှာ အတည်ပြုပြဋ္ဌာန်းပြီးပြီလို့ သိရပါတယ်။ မြန်မာ့သတ္တုတွင်း နည်းဥပဒေ ဆက်လက်အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို သိချင်ပါတယ်။

### အဖိုးတန်သတ္တုများ

ဖြေ။ ။ သတ္တုကဏ္ဍဟာ မြန်မာပြည်မှာ အလွန်အရေးကြီးတဲ့ ကဏ္ဍဖြစ်ပါတယ်။ ကမ္ဘာမှာ အင်မတန်ရှားပါးပြီးတော့ မရှိတဲ့ အဖိုးတန်သတ္တုများ ကျွန်တော်တို့ တိုင်းပြည်မှာ အများကြီး တွေ့ရှိရပါတယ်။ ဒီသတ္တုတွေတူးဖော်တဲ့နေရာမှာ စည်းကမ်းတကျရှိစေဖို့အတွက် ဥပဒေတွေ ရှေးကတည်းက ရေးဆွဲထားပါတယ်။ အခု ခေတ်စနစ်နဲ့အညီ ဥပဒေတွေကို ပြန်လည်ရေးဆွဲတာရှိပါတယ်။ အဲဒီလို ပြန်လည်ပြင်ဆင်ရေးဆွဲတဲ့ ဥပဒေကို၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှာ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါတယ်။

ဒီဥပဒေကို အကောင်အထည်ဖော်ဖို့အတွက် နည်းဥပဒေကို ကျွမ်းကျင်တဲ့ ဥပဒေပညာရှင်များနဲ့တိုင်ပင်ပြီး ရေးဆွဲခဲ့ပါတယ်။ ဒီနည်းဥပဒေကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ပေးပို့ထားပါတယ်။ ရှေ့နေချုပ်ရုံးက စိစစ်ပြီးရင် နိုင်ငံတော်အစိုးရအဖွဲ့ရုံးကို တင်ပြပြီးတော့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### မကြာခင် ကုန်ခန်း

မေး။ ။ မြန်မာနိုင်ငံ သတ္တုသယံဇာတကဏ္ဍ တိုးတက်မြင့်မားရေးအတွက် သတ္တုတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု (EITI)ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ တွင်းထွက်သယံဇာတတွေကို ထုတ်ယူသုံးစွဲတဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိဖို့ အလွန်အရေးကြီးပါတယ်။ ဒီနေရာမှာ ပွင့်လင်းမြင်သာမှုမရှိရင်လည်း တွင်းထွက်သယံဇာတများဟာ မကြာမီကုန်ခန်းသွားမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ EITI ကဏ္ဍကို ၂၀၁၂ ခုနှစ်ကစတင်ပြီးတော့ ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အဖွဲ့ဝင်လောင်းနိုင်ငံ (CandidateCountry) ဖြစ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်လာတဲ့အခါမှာ ပထမဦးဆုံး အစီရင်ခံစာကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ နိုင်ငံတကာ EITI Board ကို တင်ပြနိုင်ခဲ့ပါတယ်။

အဲဒီမှာတင်ပြပြီးတော့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှာ အစိုးရအဖွဲ့ရယ်၊ ပုဂ္ဂလိကရယ်၊ အရပ်ဘက်အဖွဲ့အစည်းတွေရယ် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ထိုနည်းတူ EITI လုပ်ငန်းတွေကို ပိုမိုလျင်မြန်ဖို့အတွက် လုပ်ငန်းဖော်ဆောင်မှုကော်မတီအဖွဲ့ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှာ ဖွဲ့စည်းခဲ့ပါတယ်။ EITI ရဲ့ ဒုတိယအကြိမ်အစီရင်ခံစာကို ၂၀၁၈ ခုနှစ် မတ်လမှာ နိုင်ငံတကာ EITI Board ကို တင်ပြနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

### သုံးပြီးရင်ကုန်

မေး။ ။ သစ်တောကဏ္ဍနဲ့ သတ္တုကဏ္ဍရဲ့ အဓိကခြားနားမှုနဲ့ ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာတွေကို ရေရှည်အကျိုးခံစားခွင့်ရရှိစေဖို့အတွက် စီမံဆောင်ရွက်ထားမှုများကို ပြောပြပေးပါဦးရှင့်။

ဖြေ။။ သစ်တောကဏ္ဍနဲ့ သတ္တုကဏ္ဍရဲ့ အဓိကခြားနားမှုကိုတင်ပြရရင် သစ်တောသစ်ပင်ဆိုတာ ပြန်လည်သုံးစွဲလို့ရပါတယ်။ Renewable Energy လို့ခေါ်ပါတယ်။ သတ္တုကျတော့ Non Renewable Resources ဖြစ်နေပါတယ်။ ပြန်လည်ဖွံ့ဖြိုးမှုမရှိပါဘူး။ သုံးပြီးရင် ကုန်ပါတယ်။ ဒါကြောင့်မို့ သတ္တုကိုရေရှည်သုံးနိုင်ဖို့အတွက် ပစ္စုပ္ပန်ရော အနာဂတ်မှာရောက်ရှိလာမယ့် မျိုးဆက်သစ်များအတွက် အရန် သတ္တုသိုက်တွေ ချန်ထားဖို့အတွက် စီစဉ်ပြီးဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ ကျောက်မီးသွေးနဲ့ပတ်သက်ပြီး ဧကပေါင်း ၁၁၆၀၀၀၀ ကျော် ချန်ထားပါတယ်။ ထို့အတူ ဂရက်ဖိုက်ကိုလည်း မန္တလေးတိုင်းဒေသကြီးမှာ ဧကပေါင်း ၁၁၀၀၀ ကျော် ချန်ထားပါတယ်။ သံသတ္တုသိုက်ကိုလည်း ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကသိုဏ်းဘုရားတောင်ဒေသမှာ ဧကပေါင်း ၁၁၈၇၀၀၀ ကျော် အရန်သတ္တုသိုက်တွေအဖြစ် ချန်ထားခဲ့မှာဖြစ်ပါတယ်။

သတ္တုတွေတူးဖော်တဲ့နေရာမှာ ၂၀၁၆-၂၀၁၇ အစိုးရသစ်လက်ထက်ကစပြီးတော့ EMP လို့ခေါ်တဲ့ Enviromental Management Plan ကို ရေးဆွဲထားပါတယ်။ ရေးဆွဲပြီး အတည်ပြုပြီးကာမှ ဆက်လက် သတ္တုတူးဖော်ခွင့်ပေးတာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ရင် တူးဖော်ခွင့်ကို ရပ်ထားပါတယ်။ တူးဖော်တာကိုလည်း အကန့်အသတ်နဲ့ ခိုင်းနေပါတယ်။ ၂၀၁၆ ခုနှစ် မတ် ၁ ရက်ကစပြီး အကန့်အသတ်နဲ့ တူးဖော်ဖို့ဆုံးဖြတ်ပြီးတော့ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်ကစပြီးတော့ လုံးဝနောက်ထပ် သတ္တုကွက်အသစ်ပေးခြင်းမလုပ်ပဲဖို့ တားမြစ်ထားပါတယ်။ ဒါဟာလည်း အနာဂတ်မှာရှိမယ့် ပြည်သူပြည်သားများအတွက် ဖြစ်ပါတယ်။

မေး။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေးအတွက် ရှေ့ဆက်ဆောင်ရွက်မယ့် အစီအစဉ်များ ရှိပါသလားရှင့်။

ဖြေ။ ။ သစ်တောကဏ္ဍနဲ့ပတ်သက်လို့ ၂၀၁၅ ခုနှစ်မှာ FAO က သစ်တောသယံဇာတတွေ သုံးသပ်အကဲဖြတ်တဲ့ အစီရင်ခံစာ ထွက်လာပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ သစ်တောသယံဇာတ တတိယအပျက်စီးဆုံးနိုင်ငံလို့ သုံးသပ်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် သစ်တောတွေကို ပြန်လည်ထူထောင်ဖို့အတွက် သစ်တောစိုက်ခင်းများ စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ဒီအတိုင်းကျန်ရှိတဲ့ သဘာဝသစ်တောများ အကြောင်းအမျိုးမျိုးကြောင့်ပျက်စီးတာကိုလည်း ထိန်းသိမ်းဖို့ ဘတ်ဂျက်တွေချပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### နိုင်ငံခြားမှတင်သွင်း

နောက်တစ်ခုက သစ်တောတွေကို သစ်ခုတ်မှု ယာယီတစ်နှစ်ပိတ်ခြင်းအားဖြင့် သစ်ကုန်ကြမ်းအခက်အခဲတွေရှိနိုင်မယ်လို့ ဝေဖန်ကြပါတယ်။ အဲဒီလိုမဖြစ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်တဲ့ သစ်ကုန်ကြမ်းတွေကို နိုင်ငံခြားကနေ သွင်းနိုင်ပါတယ်။ အဲဒီလိုသွင်းနိုင်အောင်လည်း အကောက်အခွန်ဌာနနဲ့ ကုန်သွယ်ခွန်များကိုလည်း ညှိနှိုင်းဆောင်ရွက်ပြီးတော့ အခွန်တွေကို ဆက်လက်လျှော့ချပေးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

သစ်တောသယံဇာတပေါများတဲ့အတွက် အရင်ကတည်းက သစ်လုံးတွေရောင်းချခဲ့ပါ

**အထူးကဏ္ဍ (ဆ) သို့ »»**




ရေဦးမြို့နယ်ရှိ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ရေး နယ်နိမိတ်မှတ်တိုင်ကို တွေ့ရစဉ်။

အထူးကဏ္ဍ (၈) မှ »»

တယ်။ သစ်လုံးရောင်းချတာတွေက ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်ကတည်းက ပိတ်ထားပါတယ်။ သို့သော်လည်း အစိုးရသစ်လက်ထက်မှာ သစ်လုံးတင်မပို့ဘဲ ခွဲသားများကို တင်ပို့တဲ့နေရာမှာ အကန့်အသတ်နဲ့တင်ပို့ဖို့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် တန်ဖိုးမြင့်အချောထည်များကို များများထုတ်လုပ်နိုင်ပြီးတော့ ရောင်းချသူများအတွက် ပိုမိုစီးပွားဖြစ်ပြီး နိုင်ငံအတွက်လည်း ပိုမိုအကျိုးရှိစေမှာ ဖြစ်ပါတယ်။

သစ်တောထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး အင်မတန်အရေးကြီးတဲ့အတွက်ကြောင့် ၁၀ နှစ် စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကနေ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်တွေမှာ ကျွန်တော်တို့ဌာနတစ်ခုတည်း ဆောင်ရွက်လို့ မရပါဘူး။ ကဏ္ဍအားလုံးနဲ့ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ ပြည်သူပြည်သားတွေ၊ ပညာရှင်တွေ အကုန်လုံးပူးပေါင်းပြီး ဆောင်ရွက်မှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ ကျောက်မျက်နဲ့ သတ္တုကဏ္ဍမှာ သားစဉ်မြေးဆက် ရေရှည်သုံးစွဲနိုင်ရေးအတွက်လည်း အကန့်အသတ်နဲ့ တူးဖော်ထုတ်လုပ်နိုင်ရေးကို ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာညီညီကျော်**
**ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန**

မေး။ ။ တစ်နှစ်တာကာလအတွင်း အဓိကပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုကို ပြောပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စပြီး ခရိုင်အလိုက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ၆၈ ခရိုင်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းအရ သစ်တောထိန်းသိမ်းခြင်းနဲ့ စိုက်ခင်းတည်ထောင်ခြင်းအပါအဝင် သစ်တောလုပ်ငန်း ၁၄ မျိုးကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သစ်ထုတ်လုပ်မှုကို ရပ်နားထားပြီး ရှိနေတဲ့ သဘာဝတောတွေရဲ့ အခြေအနေကို ပြန်လည်ဆန်းစစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစလို့ မြန်မာ့သစ်တောတွေ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်ကနေ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ ၁၀ နှစ်တာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကို ၁၀ နှစ်တာကာလရေးဆွဲခဲ့ပြီး သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ပျက်စီးဆုံးရှုံးသွားတဲ့ သဘာဝတရားတွေကို ပြန်လည်ထိန်းသိမ်းခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**နည်းပညာအကူအညီ**

မေး။ ။ သစ်တောဦးစီးဌာနရဲ့ ကဏ္ဍအလိုက်ကောင်အထည်ဖော်ဆောင်ရွက်နေမှုတွေကိုလည်း သိပါရစေ။

ဖြေ။ ။ တစ်နိုင်ငံလုံးမှာရှိတဲ့ သစ်တောတွေရဲ့ အခြေအနေကို ပြန်လည်ဆန်းစစ်ခြင်းနဲ့ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ဖို့အတွက် ဖင်လန်နိုင်ငံအစိုးရရဲ့ ငွေကြေးထောက်ပံ့မှု၊ FAOရဲ့ နည်းပညာအကူအညီနဲ့ စီမံကိန်းတစ်ရပ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဲဒါကတော့ ရှေ့ပြေးစီမံကိန်းတစ်ရပ်အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှစ်ခုမှာရှိတဲ့ Pilot Sites ရှစ်နေရာ ရွေးချယ်ပြီးတော့ သစ်တောသယံဇာတစာရင်းကောက်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

နောက်တစ်ခုကတော့ တစ်နိုင်ငံလုံးမှာ တရားမဝင်သစ်ခိုးထုတ်မှုတွေ လတ်တလောမှာ နေရာအနှံ့အပြားဖြစ်နေတဲ့အတွက် နိုင်ငံ့



ချောက်မြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးရာသီက ကွက်လပ်ဖြည့်တမာပျိုးပင်ကြီး ၆၀၀ စိုက်ပျိုးနေမှုကို တွေ့ရစဉ်။

သယံဇာတတစ်ခုဖြစ်တဲ့ သစ်တောထွက်ပစ္စည်းတွေကို တရားမဝင်ခုတ်လှဲခိုးယူမှုမရှိစေရေး အရှိန်အဟုန်မြင့် တားဆီးကာကွယ်လျက်ရှိပါတယ်။ တရားမဝင်သစ်ဖမ်းဆီးမှုအနေနဲ့ အခုအစိုးရလက်ထက်မှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကျွန်း၊ သစ်မာနဲ့ အခြားသစ် ၄၄၄၀၇ တန်ကို ဖမ်းဆီးရမိခဲ့ပါတယ်။

**တရားမဝင် သစ်ခိုးထုတ်မှု**

ဒါဟာလည်း သစ်တောဌာနတစ်ခုတည်းက မဟုတ်ဘဲ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆက်စပ်တဲ့ ဌာနတွေ ပူးပေါင်းပါဝင်မှုနဲ့ ဒေသခံပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ခုလိုဖမ်းဆီးရမိခဲ့တာ ဖြစ်ပါတယ်။ အခုလိုမျိုး တရားမဝင်သစ်ခိုးထုတ်မှုတွေမရှိအောင် ကင်းလှည့်ထိန်းသိမ်းခြင်း၊ ပညာပေးစည်းရုံးခြင်း၊ တရားမဝင်သစ်တွေကို တရားဝင်ကုန်သွယ်ခွင့်ရအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဥရောပသမဂ္ဂအဖွဲ့အစည်းနဲ့ပူးပေါင်းပြီးတော့ သစ်တောဥပဒေ စိုးမိုးသက်ရောက်စေခြင်း၊ ကုန်သွယ်ခြင်းကိုအထောက်အကူပြုဖို့အတွက် FLEGT လုပ်ငန်းတွေကို ဥရောပသမဂ္ဂအကူအညီနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒီလုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံကထုတ်လုပ်တဲ့ သစ်တွေကို ဥရောပသမဂ္ဂနိုင်ငံတွေကို တရားဝင်ရောင်းချနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဒီရေတောတွေ ထိန်းသိမ်းခြင်း လုပ်ငန်းတွေဖြစ်ပါတယ်။ ဒီရေတောတွေဟာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာ ပျံ့နှံ့စွာပေါက်ရောက်ပါတယ်။ ဒီရေတောဟာ သဘာဝဂေဟစနစ်တွေဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အင်မတန်အထောက်အကူပြုပါတယ်။ ဒါကြောင့် ဒီရေတောတွေ ထိန်းသိမ်းရေးလုပ်ငန်းအတွက်လည်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတတွေ စီမံအုပ်ချုပ်တဲ့ ဗဟိုကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နေတာရှိပါတယ်။ နိုင်ငံအဆင့် မဟာဗျူဟာနဲ့ လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။

**ဇီဝအဝန်းနယ်မြေ**

ကျွန်တော်တို့နိုင်ငံဟာ ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်သဘာဝအလျောက်ရှိနေတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းနိုင်ဖို့အတွက် တစ်နိုင်ငံလုံးမှာ သဘာဝထိန်းသိမ်းရေးနယ်မြေတွေ တည်ထောင်ပြီးတော့ ထိန်းသိမ်းလျက်ရှိပါတယ်။ လက်ရှိအချိန်မှာ သဘာဝထိန်းသိမ်းရေး နယ်မြေ ၄၀ ကို တည်ထောင်ပြီးဖြစ်ပါတယ်။ ဒီထဲမှာ MAB လို့ခေါ်တဲ့ ယူနက်စကိုရဲ့ လူသားနဲ့ ဇီဝအဝန်းနယ်မြေအဖြစ် အင်လေးကန်ကြီးကို ၂၀၁၅ ခုနှစ်က သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ နောက်ပြီး အင်းတော်ကြီးကန်ဒေသကို ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ရေးကို ၂၀၁၆ ခုနှစ်က အဆိုပြုနိုင်ခဲ့ပါတယ်။ ဒါအပြင် ကမ္ဘာ့အမွေအနှစ်ဧရိယာတစ်ခုအဖြစ် သတ်မှတ်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ မြောက်ဖျားဒေသဖြစ်တဲ့ ခါကာဘိုရာဇီဒေသကိုလည်း ကမ္ဘာ့သဘာဝအမွေအနှစ်ဒေသအဖြစ် တင်သွင်းနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ရေဝပ်ဒေသတွေ ထိန်းသိမ်းဖို့အတွက်လည်း ရမ်ဆာလို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံမှာ ရမ်ဆာ site လို့ခေါ်တဲ့ ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေသုံးခုကို သတ်မှတ်နိုင်ပြီဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ မိုးယွန်းကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ၂၀၁၆ခုနှစ်မှာ အင်းတော်ကြီးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို သတ်မှတ်နိုင်ခဲ့ပါတယ်။

သစ်တောတွေကို မှီခိုလုပ်ကိုင်စားသောက်နေကြတဲ့ ဒေသခံပြည်သူတွေအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ သစ်တောနယ်မြေအတွင်းမှာ ဒေသခံတွေအနေနဲ့ သစ်တောဦးစီးဌာနနဲ့ ပူးပေါင်းပြီး သစ်တောစိုက်ခင်းတည်ထောင်တာ သဘာဝတောတွေ ထိန်းသိမ်းခြင်းလုပ်ငန်းကို သူတို့ကိုယ်တိုင်ပူးပေါင်းပြီးတော့ ရရှိလာတဲ့ သစ်နဲ့ သစ်တောထွက်ပစ္စည်းတွေကို ထုတ်လုပ်ရောင်းချခြင်းဖြင့် အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်။

ဒေသခံပြည်သူတွေအနေနဲ့ သစ်တောလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တစ်နိုင်တစ်ပိုင်အဆင့်ကနေ စီးပွားဖြစ်အဆင့်ထိ ခွင့်ပြုဆောင်ရွက်စေခဲ့တဲ့အတွက် ဝင်ငွေအလုပ်အကိုင်တွေရရှိပြီး တစ်ဖက်မှာလည်း သစ်တောထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်လာနိုင်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ**
**ညွှန်ကြားရေးမှူးချုပ်**
**ဘူမိဗေဒလေ့လာရေးနှင့်**
**ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

မေး။ ။ ဓာတ်သတ္တုနဲ့ ကျောက်မျက်ရတနာ တူးဖော်မှုလုပ်ငန်းတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချနိုင်စေရေးဆောင်ရွက်ထားရှိမှုတွေကို သိပါရစေ။

ဖြေ။ ။ သတ္တုတူးဖော်နေတဲ့ လုပ်ကွက်တွေကို သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Enviromental Management Plan-EMP)ရေးဆွဲစေပြီး EMP အတိုင်း လိုက်နာဆောင်ရွက်စေလျက်ရှိပါတယ်။ ပြန်လည်အပ်နှံတဲ့ လုပ်ကွက်တွေမှာလည်း တူးဖော်ပြီး

အထူးကဏ္ဍ (၉) သို့ »»



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် စိုက်ခင်းအမှတ် (၁/၂၀၁၇) ကျေးရွာသုံးစိုက်ခင်း ၇၅ ဧကမှထွက်ရှိသော ထင်း၊ တိုင်၊ မျောများအား ဂါးထာကျေးရွာ ဒေသခံပြည်သူများသို့ ဖြန့်ဝေပေးအပ်နေစဉ်။



ရေစကြိုမြို့နယ် ထန်းတိုစံပြကျေးရွာတွင် ဟောပြောပွဲကျင်းပပြီးနောက် စွမ်းအားမြင့်မီးဖိုများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အထူးကဏ္ဍ (ဆ) မှ »»

လွှန်တွင်းများ၊ ကလိုင်များ၊ တူးဖော်မှုလုပ်ငန်း ပေးထားခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါတယ်။

**အခြေခံအချက်တွေ**

ရတနာနယ်မြေအသီးသီးမှာ ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာမှာ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။ ဖားကန့်ရတနာနယ်မြေအတွက် EMP ရေးဆွဲဖို့ တင်ဒါခေါ်ယူခဲ့ရာမှာ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ပြည်တွင်း ပြည်ပအတွေ့အကြုံရှိမှု၊ နိုင်ငံတကာ၊ အစိုးရနဲ့ပြည်သူတွေရဲ့ လက်ခံနိုင်စေမှုစတဲ့ အခြေခံအချက်တွေအရ ကုမ္ပဏီတစ်ခုကို ရွေးချယ်ခဲ့ပါတယ်။ အခုအခါမှာ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအတွက် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် EMP ရေးဆွဲခြင်းအတွက် ပြည်ပကုမ္ပဏီဖြစ်တဲ့ Valentis and Coffey ကုမ္ပဏီက ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ရတနာနယ်မြေတွေမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ လုံးခင်း၊ ဖားကန့်ရတနာမြေမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဥရုချောင်းနဲ့ ချောင်းလက်တက်ရှင်းလင်းရေး လုပ်ငန်းတွေကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်ကနေ ဒီဇင်ဘာ ၃၁ ရက်အထိ အပိုင်းလိုက်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီး မေ ၁၅ ရက်ထိ အပိုင်းလိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လှေကားထစ်ပုံဖော် စွန့်ပစ်**

မိုးညှင်းရတနာနယ်မြေမှာက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် လုပ်ကွက်များမှမြေစာစွန့်ပစ်မှုကို လှေကားထစ်ပုံဖော် စွန့်ပစ်စေလျက်ရှိပါတယ်။ ခန္တီးရတနာနယ်မြေမှာ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကြောင့် လျှိုချောင်းလက်တက်နဲ့ ချောင်းများအတွင်း မှုံကနယ်များ ကျရောက်မှုမရှိစေဖို့အတွက် နုန်းစစ်ကန်၊ မှုံစစ်ကန်၊ ရေကြည်ကန်များ တည်ဆောက်ထားရှိပြီး မကျန်ခချောင်းနဲ့ နန်စီဘွန်ချောင်းအတွင်း ကနယ်ကျရောက်မှုမရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ထားပါတယ်။

ရတနာနယ်မြေတွေမှာရှိတဲ့ စုပေါင်းမြေစာပုံတွေမှာ သစ်ဝါးမျိုးစုံအပင် ၂၈၅၃၈၀ စိုက်ပျိုးထားပြီး မြေပြိုမှု၊ မြေလျော့ကျမှုများ ကာကွယ်ဖို့အတွက် ၂၀၁၇ ခုနှစ်မိုးရာသီမှာ မြေထိန်းမြက်ရှည်များ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး Vetiver Grass ပင် ၅၄၀၀၀ ကျော် ပျိုးထောင်ထားရှိပြီးဖြစ်ပါတယ်။

**ရွှေရောင်ပုလဲ**

မေး။ ။ ကမ္ဘာမှာ မြန်မာ့ပုလဲကို လူကြိုက်များလာတဲ့အတွက် ပုလဲအရည်အသွေး ထိန်းသိမ်းဖို့နဲ့ တိုးတက်ကောင်းမွန်လာစေဖို့ စီမံဆောင်ရွက်ထားရှိမှုအခြေအနေကို သိလိုပါတယ်ရှင့်။

ဖြေ။ ။ ကမ္ဘာမှာ ရွှေရောင်ပုလဲ(Deep Gold Pearl)ကိုဈေးကွက်မှာ လူကြိုက်များလာတဲ့အတွက် ရွှေရောင်ပုလဲများရရှိအောင် ရွှေရောင်နှုတ်ခမ်းသား မုတ်ကောင်တွေကို ရွေးချယ်ပြီး စမ်းသပ်မွေးမြူလျက်ရှိပါတယ်။ စမ်းသပ်သားဖောက်ပြီးရရှိလာတဲ့ အရွယ်ရောက် မုတ်ကောင်တွေကို ဝတ်ဆံသွင်းရာမှာ ရွှေရောင်ဆက်သားစကို ရွေးချယ်အသုံးပြုပြီး ဝတ်ဆံသွင်း ပုလဲမွေးမြူလျက်ရှိပြီး တစ်နိုင်ငံလုံး ပုလဲထုတ်လုပ်မှုမှာ ရွှေရောင်ပုလဲပါဝင်မှုက ၃၅ ရာခိုင်နှုန်းရရှိနေပြီဖြစ်ပါတယ်။

**ဦးငွေးအောင်**
**ညွှန်ကြားရေးမှူးချုပ်**
**အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

မေး။ ။ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်လျက်ရှိတဲ့ စိုက်ခင်းအမျိုးအစားတွေနဲ့ အဲဒီစိုက်ခင်းတွေကနေ ဒေသခံပြည်သူတွေနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ လုပ်ငန်းများရှိရင် ပြောပြပေးစေလိုပါတယ်။

**ငါးနှစ်နှင့်အထက်**

ဖြေ။ ။ အပူပိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကတည်ထောင်တဲ့ စိုက်ခင်းအမျိုးအစား ငါးမျိုးရှိပါတယ်။ အဲဒါတွေကတော့ ကျေးရွာသုံးစိုက်ခင်း၊ တောင်တန်းစိမ်းလန်းစိုပြည်ရေးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေး စိုက်ခင်း၊ သုတေသနစိုက်ခင်းနဲ့ အခြားစိုက်ခင်း ဆိုပြီးရှိပါတယ်။

အဲဒီစိုက်ခင်းတွေအနက် ကျေးရွာသုံးစိုက်ခင်းကတော့ ဒေသခံပြည်သူတွေရဲ့ ထင်း၊ တိုင်၊ မျော၊ လယ်ယာသုံးကိရိယာစတဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ တည်ထောင်စိုက်ပျိုးလျက်ရှိပါတယ်။ စတင်တည်ထောင်ဖို့ တည်နေရာရွေးချယ်ကတည်းက နောင်တစ်ချိန်မှာလွှဲအပ်ပေးမယ့် ကျေးရွာဒေသကိုပါ တစ်ပါတည်းရည်ရွယ်ပြီးသတ်မှတ်ခဲ့ပါတယ်။ တည်ထောင်ပြီး ကျေးရွာသုံးစိုက်ခင်းတွေကို စိုက်ပျိုးပြီး သက်တမ်းငါးနှစ်နဲ့ အထက်ရောက်ရင် စောစောကပြောခဲ့သလို မူလသတ်မှတ်ထားတဲ့ အကျိုးပြုကျေးရွာတွေကို ဆက်လက်ဆောင်ရွက်ထုတ်နိုင်မယ့် စီမံအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များကို ဒေသခံများနဲ့ ညှိနှိုင်းရေးဆွဲပြီး လွှဲပြောင်းပေးအပ်လျက်ရှိပါတယ်။

ဒီနေ့အထိ တည်ထောင်ပြီး ကျေးရွာသုံးစိုက်ခင်း ဧက ၁၈၀၀၀၀ ကျော်အနက် ဧက ပေါင်း ၃၅၀၀၀ ကျော်ကို ကျေးရွာပေါင်း ၂၉၄ ရွာကို လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါတယ်။ အဲဒီလို လွှဲပြောင်းပေးအပ်တဲ့ စိုက်ခင်းတွေအနက် ဒေသခံတွေရဲ့ဆန္ဒအရ ရေးဆွဲထားတဲ့ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နဲ့အညီ ထုတ်ယူသုံးစွဲခဲ့တဲ့ စိုက်ကွက် ၅၀၊ ဧက ၂၅၀၀ ကျော်ကနေ ထင်းတန် ၁၃၀၀၊ တိုင် ၃၁၃၁ လုံး၊ မျော ၅၀၀၀ ခန့် ထုတ်ယူလွှဲပြောင်းသုံးစွဲပြီးဖြစ်ပါတယ်။

**ဦးလှမောင်သိန်း**
**ညွှန်ကြားရေးမှူးချုပ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

မေး။ ။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခြေအနေများနဲ့ ပတ်သက်လို့ သိလိုပါတယ်။

ဖြေ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးနဲ့ လိုက်လျောညီထွေရှိစေရေး ကိစ္စရပ်တွေ ဆောင်ရွက်တဲ့အခါမှာ နည်းပညာအခက်အခဲရှိပါတယ်။ အလားတူ စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှု အားနည်းချက်တွေရှိပါတယ်။ ဘဏ္ဍာရေး အခက်အခဲတွေရှိတယ်။ ဒါကြောင့် နိုင်ငံတကာအဖွဲ့အစည်းတွေဆီကနေ နည်းပညာအကူအညီတွေ၊ ဘဏ္ဍာငွေအကူအညီတွေရရှိအောင် စီမံကိန်းတွေ ကျွန်တော်တို့ဌာနအပါအဝင် ဆက်စပ်ကဏ္ဍတွေပေါင်းစပ်ပြီးတော့ စီမံကိန်း၊ နည်းပညာ အကူအညီအပါအဝင် ၁၅ ခုလောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထူးထူးခြားခြား ပြောရမယ်ဆိုရင် ဘဏ္ဍာငွေထောက်အပံ့နဲ့ ပတ်သက်လို့ ဌာနက ကမ္ဘာမှာ ပတ်ဝန်းကျင်နဲ့ပတ်သက်လို့ ရန်ပုံငွေအထောက်အပံ့ Global Enviromental Facility လို့ခေါ်တဲ့ GEF အဖွဲ့ကနေပြီးတော့ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဆင်းရဲတဲ့နိုင်ငံတွေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုကိုအကူအညီပေးတဲ့ အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့ကနေပြီး ၂၀၁၅-၂၀၁၆ ခုနှစ်က စီမံကိန်း ၅၃ ခုကို ဒေါ်လာ ၂၈ ဒသမ ၅ သန်းအထိ ဌာနရဲ့ပေါင်းစပ်ဆောင်ရွက်မှုနဲ့ ကဏ္ဍအသီးသီးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကဏ္ဍ၊ ပင်လယ်ကမ်းရိုးတန်းထိန်းသိမ်းရေး ကဏ္ဍတွေမှာ စီမံကိန်း ငါးခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**လိုက်လျောညီထွေ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာလည်း ဒီအဖွဲ့အစည်းကို စီမံကိန်းအဆိုပြုလွှာ ခုနစ်ခုဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ၊ ငါးလုပ်ငန်း၊ ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးကဏ္ဍ၊ ကမ်းရိုးတန်းဒေသမှာနေတဲ့ ဒေသခံတွေရဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေရှိစေရေးကိစ္စ၊ နောက်ပြီး စက်ရုံအလုပ်ရုံတွေကနေ ကာဗွန်ထုတ်လွှတ်ရေးဆိုတဲ့ ကိစ္စတွေပါတယ်။ ဒီစီမံကိန်းတွေကို ဘဏ္ဍာရန်ပုံငွေအနေနဲ့ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၆ သန်းရရှိအောင် အဆိုပြုထားတင်ပြထားပါတယ်။

နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့အားနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေနဲ့ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းတွေ၊ မူဝါဒ၊ မဟာဗျူဟာတွေရေးဆွဲတဲ့အခါမှာ နည်းပညာအကူအညီတွေ၊ အလားတူ ကွင်းထဲမှာ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေဖို့အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုတဲ့ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးတော့လည်း နိုင်ငံတကာအကူအညီများနဲ့ ဒီထက်မက ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

၀၀၀



အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တူးဖော်ပေးခဲ့သော မြေအောက်ရေ(အဝီစိတွင်း)မှ ရေအရည်အသွေး pH 6.9 ရှိသည့် သောက်သုံးရေခပ်နေကြစဉ်။

# မြန်မာနိုင်ငံ ကုန်မာလုပ်ငန်းရှင်များအသင်း

## ဖွဲ့စည်းဖြစ်မြောက်ရေးအတွက် ဖိတ်ကြားခြင်း

ကျွန်တော်များ မြန်မာနိုင်ငံကုန်မာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းဖြစ်မြောက်ရေးကော်မတီမှ မြန်မာနိုင်ငံအသီးသီးရှိ အဆိုပါလုပ်ငန်းနှင့် ဆက်နွယ်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီအသင်းအဖွဲ့ လူပုဂ္ဂိုလ်တို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အထက်ပါ လုပ်ငန်းရှင်များအသင်းကို မြန်မာနိုင်ငံ ဒေသအသီးသီး၌ ပြန့်ကြဲလုပ်ကိုင်ဆောင်ရွက်နေကြသော ကုမ္ပဏီအသင်းအဖွဲ့၊ လူပုဂ္ဂိုလ်တို့အနေဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ အတူပါဝင်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ကုန်မာလုပ်ငန်းရှင်များအသင်းကို မကြာမီ တရားဝင်ဖွဲ့စည်းတော့မည် ဖြစ်ပါသည်။ လိုအပ်သည်များကို အကြံပြုနိုင်ပါရန်နှင့် အသင်းဝင်ရန် စိတ်ပါဝင်စားသူများအစည်းအဝေးသို့ တက်ရောက်ကြပါရန် ကျွန်တော်များ အသင်းဖြစ်မြောက်ရေးကော်မတီမှ သက်ဆိုင်သူလုပ်ငန်းရှင်များသို့ ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေး တက်ရောက်မည့်သူများ အောက်ပါဖုန်းနံပါတ်များသို့ ၁-၃-၂၀၁၇ရက်မှစ၍ စာရင်းပေးသွင်း ဆက်သွယ်ကြပါရန် အသိပေးအပ်ပါသည်။

အသင်းဖြစ်မြောက်ရေးကော်မတီသို့

| | | | |
|---|---|---|---|
| ဆက်သွယ်ရန် ဖုန်းနံပါတ်များ | - | ကိုမျိုးဆင့်အောင် | -၀၉-၉၇၂၈၆၆၆၀၆ |
| | | မသီတာမွန် | -၀၁-၃၉၇၃၈၈ |
| | | မအေးသူဝင်း | -၀၁-၂၅၃၁၁၇ |
| | | မခင်စိုးဦး | -၀၁-၃၇၆၀၃၀ |

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၃-၄-၂၀၁၇ ရက် (တနင်္လာနေ့) |
| အစည်းအဝေးကျင်းပမည့်အချိန် | - | မွန်းလွဲ ၁း၀၀ နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | UMFCCI Training Room၊ မြေညီထပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

# ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

## ပစ္စည်းများဝယ်ယူရန်ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် အသုံးပြုရန် လိုအပ်သော (လျှပ်စစ်၊ သုတ်ဆေး၊ ရေသန့်၊ သစ်မျိုးစုံ၊ စာရေးကိရိယာ၊ အဆောက်အအုံ)ပစ္စည်းများအား ဝယ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းရောင်းချလိုသူများသည် တင်ဒါပုံစံနှင့်စည်းကမ်းချက်တစ်စုံလျှင် ကျပ် ၅၀၀၀/- နှုန်းဖြင့် ဝယ်ယူပြီး ၇-၄-၂၀၁၇ရက်၊ မွန်းလွဲ ၁း၀၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ ဝယ်ယူမည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

# ပါဝင်လှူဒါန်းနိုင်ပါသည်

သိပ္ပါလယ အင်ကြင်းကုန်းတောရ တရားရိပ်သာတည်ဆောက်ရာတွင် အောက်ပါအလှူများကို လှူဒါန်းနိုင်ပါသည်။

၁။ စုပေါင်းတရားထိုင် ဓမ္မာရုံအတွက် အလှူရှင်များ(အထူးလိုအပ်)။
၂။ သာမဏေကျော် စာသင်သားသံဃာအဆောင်များ(အထူးလိုအပ်)။
၃။ ယောဂီအမျိုးသား/သမီး တစ်ဆောင် (၃၇)သိန်း
၄။ ဆရာတော် သီတင်းသုံးမည့် ကျောင်းဆောင်
၅။ သိမ်တော်မြတ်အတွက်-အလှူရှင်များတို့ကို လှူဒါန်းနိုင်ပါသည်။

**(ဆက်သွယ်လှူဒါန်းလိုပါလျှင်)**
**ဦးဣန္ဒောဘာသ(သာသနဓဇ ဓမ္မာစရိယ)**
**(Eindoba Tha Thipplaya Monastery)**
**သိပ္ပါလယ ပရိယတ္တိစာသင်တိုက်နှင့် တောရရိပ်သာ**
**၁၄/၂ရပ်ကွက်၊ ဟသ်ာလမ်း၊ တ/ဉ၊**
**မှော်ဘီမြို့နယ်၊ ပြည်လမ်း၊ လေထီးမှတ်တိုင်၊ လေထီးလမ်း၊**
**ဖုန်း-၀၉-၂၅၄၀၆၈၁၉၄၊ ၀၉-၃၂၀၃၈၉၆၈**

# စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## တိရစ္ဆာန်အစားအစာ(၅)မျိုး အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်**

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | မြင်းစာတောင့် | ၇၃၅၀ အိတ် |
| (ခ) | ဂျုံဖွဲကြမ်း | ၄၉၄ တန် |
| (ဂ) | အစေ့ထုတ်ပြောင်း | ၁၀၀၀၅ တင်း |
| (ဃ) | ကုလားပဲလုံး | ၁၀၀၃ တင်း |
| (င) | ဖွဲနု | ၄၆၆၉ တင်း |

၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၂၅-၄-၂၀၁၇ရက် ညနေ ၄ နာရီ
၄။ တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ဈေးနှုန်းစိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
၅။ တင်ဒါပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)၊ မြင်းနှင့်သိုးမွေးမြူရေးဌာန(ရန်ပယ်)၊ မြင်းနှင့်သိုးမွေးမြူရေးဌာန(ဟဲဟိုး)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** **တယ်လီဖုန်းအမှတ်**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။** **၀၆၇-၄၀၈၃၈၈**


**MIHARA**
**Travels & Tours**
3 to 45 CAR RENTAL SERVICES
မြဝတီ-မဲဆောက်
ပေလီကမ်းခြေ
အပတ်စဉ်
Ph: 095009552, 095025400
09450051557, 09420773444

ဖျာပုံပေါ်ဆန်းမွေးကောင်းကောင်း
အရောက်ပို့ (၃၆၀၀၀)ကျပ်
ပွဲတော်အုပ်ဆန်ဆိုင်
01-512443,09-5055574


# စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## P.E.T Plastic Container With Sticker Label For Cal-D Glucose
## အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်-**

| ပစ္စည်းအမည် | အရေအတွက် |
|---|---|
| P.E.T Plastic Container With Sticker Label For Cal-D Glucose | ခုရေ ၆သိန်း |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၇-၄-၂၀၁၇ရက် ညနေ ၄ နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံ(အင်ရောင်း)
၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ ဈေးနှုန်းစိစစ်ရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။
၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** **တယ်လီဖုန်းအမှတ်**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန** **၀၆၇-၄၀၈၃၈၈**
**နေပြည်တော်။**


သုဝဏ္ဏ၊ ဝေဇယန္တာလမ်းမပေါ်ရှိ ရွှေအင်ကြင်းရိပ်မွန်၊ တိုက်ခန်းကျယ် ၂၃၀၀စပေ၊ 3F,MBR(2), BR(2)၊ အဆင့်မြင့်ပြင်ပြီး၊ အသင့်နေနိုင်၊ ကားပါကင်ကျယ်။ သိန်း(၂၁၀၀)

**ဖုန်း-၀၉-၄၃၂၀၂၇၅၆၊ ၀၉-၂၅၄၂၁၉၇၄၁**


# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## အနုပညာအထက်တန်းကျောင်းများအတွက်
## သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမနှစ်) ပန်းတျာသင်တန်းနှင့် ပန်းချီ၊ ပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း(သတ္တမတန်း)အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြေခံပညာ (အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည် ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်း၍ ၂၈-၄-၂၀၁၇ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာများ**

၁။ အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ရုံးအမှတ်(၃၅)၊ နေပြည်တော် — ဖုန်း-၀၆၇-၄၀၈၀၃၇
၂။ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ ရုံးအမှတ်(၃၅)၊ နေပြည်တော် — ဖုန်း-၀၆၇-၄၀၈၄၄၃
၃။ အနုပညာအထက်တန်းကျောင်း(ရန်ကုန်) အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။ — ဖုန်း-၀၁-၅၅၅၆၄၂၊ ဖုန်း-၀၁-၅၅၄၆၉၅
၄။ အနုပညာအထက်တန်းကျောင်း(မန္တလေး) ၂၀×၂၂လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့။ — ဖုန်း-၀၂-၆၁၁၆၉

# ဝင်ငွေခွန်(ကြိုတင်ခွန်)များ အချိန်မီပေးသွင်းကြရန် အသိပေးနှိုးဆော်ခြင်း

ဝင်ငွေနှစ်တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ် ကျသင့်သည့် အခွန်ငွေများကို(ကြိုတင်ခွန်)အဖြစ် သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း တည်ဆဲဝင်ငွေခွန် ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ အကယ်၍သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများ ပေါ်ပေါက်ခဲ့ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဟု ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က ပုဒ်မခွဲ(ဂ)တွင် ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)တွင် လက်ရှိအခွန်ထမ်းဆောင်နေကြသည့် ကုမ္ပဏီလုပ်ငန်းများနှင့် လက်ရှိဝင်ငွေနှစ်အတွင်း ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသော ကုမ္ပဏီလုပ်ငန်းများတို့သည် မိမိတစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်များကို သတ်မှတ် အချိန်ကာလအတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။

ယခုအခါ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်ကုန်ဆုံးရန် လွန်စွာနီးကပ်နေပြီဖြစ်ပါသဖြင့် ၃၁-၃-၂၀၁၇ရက်ထက် နောက်မကျဘဲ မိမိပေးသွင်းရမည့် ဝင်ငွေခွန်များကို တွက်ချက်၍ အချိန်မီပေးသွင်းကြပါရန် ထပ်ဆင့်အသိပေးနှိုးဆော်အပ်ပါသည်။ အကယ်၍ ပေးသွင်းရန် ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများ ပေါ်ပေါက်ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းပေးသွင်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေများ အပြည့်အဝ တပ်ရိုက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

မိမိပေးသွင်းရမည့် အခွန်ငွေများပေးသွင်းမည်ဆိုပါက အောက်တွင်ဖော်ပြပါရှိသည့်လိပ်စာပါ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)တည်ရှိရာသို့ လာရောက်၍ သတ်မှတ်ဘဏ် ငွေသွင်းချလန်များ ထုတ်ယူပြီး မြန်မာ့စီးပွားရေးဘဏ်(၂)၊ ငွေစာရင်းအမှတ် MD 010145သို့ ပေးသွင်းရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ရုံးလိပ်စာ။** **အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)၊ အမှတ်-၅၆/၆၄၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ လောကနတ် ပန်းချီပြခန်း၏ အပေါ်ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**စုံစမ်းမေးမြန်းနိုင်သည့်ဖုန်းနံပါတ်များ**

- 01-370410
- 01-370411
- 09-255803710 [ဒေါ်နွယ်နီမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၁)]
- 09-448546920 [ဒေါ်စောဥမ္မာ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၂)]
- 09-49300049 [ဦးအောင်ကျော်ထူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၃)]
- 09-5061744 [ဒေါ်သက်သက်နွယ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၄)]
- 09-31129986 [ဒေါ်အေးအေးစိုး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၅)]
- 09-5312889 [ဒေါ်မာလာအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၆)]

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)**
**ပြည်တွင်းအခွန်များဦးစီးဌာန**

